Scanned with ACE Scanner

နန္ဒကောဂိသ

ချင်းဟုန်ဇင်းလင်းကျန်

ဂြိုဟ်ကိုးလုံးဝက်ပါ

တတိယပိုင်း
ဇာတ်သိမ်း

သိုင်းစာစဉ်များ PAGE

Scanned with ACE Scanner

နန္ဒကျော်သူ

ဗြဟ္မာကိုးလုံးဝတ်ပါ

တတိယပိုင်း-ဇာတ်သိမ်း

Scanned with ACE Scanner

စာမူခွင့်ပြုချက်အမှတ် ၅၀၀၂၅၁၁၀၃၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၃၄၄၁၀၄၀၇

၂၀၀၇ ခုနှစ်၊

ပထမအကြိမ်၊ အုပ်ရေ-၅၀၀

တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ

ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)

မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံး ပုံနှိပ်

ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)

အမှတ် ၁၄၀၊ ၄၅-လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်

ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)

9(8) နဝရတ်ရိပ်သာလမ်း

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

Scanned with ACE Scanner

နီးလျက်နဲ့ဝေး

လုံမေသည် သူတောင်းစားအဘိုးအိုနှင့် အကျည်းတန်သော မိန်းကလေးတို့ ယှဉ်ပြိုင်နေသည်ကို အကဲခတ်ကြည့်နေ၏။

အချိန်ကြာလျှင် သူတောင်းစားအဘိုးအိုက ရုံးနိုမ့်သွားနိုင်သည်ဟု သူမက တွက်ဆမိ၏။

သူမ၏သိုင်းပညာသည် သာမန်အဆင့်မျှသာရှိ၏။

လုံမေသည် ဧည့်ခန်းမထဲရှိ လူများအား တစ်ချက်ဝေ့ကြည့်လိုက်၏။

အားလုံးက ပြိုင်ပွဲကို စိတ်ဝင်စားစွာ ကြည့်နေကြ၏။

သူတောင်းစားအဘိုးအိုဘက်မှ ဝင်ရောက်ကူညီရန် မည်သူကမှ စိတ်ကူးရှိဟန်မတူပေ။

ထို့ကြောင့် သူမက ဝင်တိုက်ခြင်းဖြစ်၏။

သို့သော်

အကျည်းတန်သောလူငယ်က မမျှော်လင့်ဘဲဝင်ရောက်လာကာ အကျည်းတန်သော မိန်းကလေး၏ လက်ဝါးရိုက်ချက်ကို ခုခံပေးလိုက်၏။

Scanned with ACE Scanner

သူမ၏စိတ်ထဲတွင် ထိုအကျည်တန်သောလူငယ်က မိမိအား တိုက်ခိုက်မည်ဟု ထင်ထားသဖြင့် အသက်စွန့်ကာ လက်ဝါးဖြင့် တိုက်ခိုက်လိုက်၏။

အဲ့သြစရာကောင်းသည်မှာ ထိုလူငယ်မှာ မိမိလက်ဝါးကို ခုခံခြင်းမရှိသဖြင့် မိမိ၏လက်ဝါးသည် ထိုလူငယ်၏ ရင်ဘတ်သို့ တည့်မတ်စွာ ရိုက်ချမိသွား၏။

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ဧည့်ခန်းမထဲရှိနေသော ဧည့်ပရိသတ်များမှာ အံ့အားသင့်နေကြ၏။

သိုင်းပညာအလွန်တော်သော အကျည်းတန်သောလူငယ်မှာ သာမန်အဆင့် သိုင်းပညာသာ တတ်ကျွမ်းသည့် လုံမေ၏ လက်ချက်ဖြင့် ဒဏ်ရာရသွားသည်ကို တွေ့ရသဖြင့် မယုံနိုင်အောင် ဖြစ်နေမိကြ၏။

ထို့အတူပင် လုံမေကိုယ်တိုင်မှာလည်း အကြီးအကျယ် အံ့အားသင့်နေမိ၏။

ထိုစဉ် စန့်ကွမ်းချစ်၏ ခန္ဓာကိုယ်တစ်ချက် ယိမ်းယိုင်သွား၏။

"ဝေါ့ ..."

ပါးစပ်တွင်းမှ သွေးများအန်ထွက်လာ၏။

သူက မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် လုံမေအား ကြည့်လိုက်၏။

သူ၏ မျက်လုံးအစုံတွင် မျက်ရည်များ တစ်ဝဲနေလေတော့သည်။

* * *

လုံမေက အလွန်အံ့အား‌သင့်မိ၏။

အကျည်းတန်သောလူငယ်က မိမိအား‌စိုက်ကြည့်ကာ မျက်ရည်ဝဲနေသည်ကို တွေ့လိုက်ရ၏။

သူမက စိတ်မကောင်းဖြစ်လာ၏။

သူမသည် အလွန်စိတ်ထား‌နူးညံ့သော မိန်းကလေးဖြစ်၏။

လူတစ်ဖက်သား နာကျင်အောင် မည်သည့်အခါကမျှ မလုပ်ခဲ့ပေ။

ယခုလည်း ထိုအကျည်းတန်သောလူငယ်အား ရည်ရွယ်ကာ တိုက်ခိုက်ခဲ့ခြင်းမဟုတ်ပေ။

သူမကိုယ်သူမ ကာကွယ်ခြင်းသာဖြစ်၏။

လုံမေသည် ဆက်လက်တိုက်ခိုက်ခြင်းမပြုတော့ဘဲ နောက်သို့ဆုတ်သွား‌၏။

သူမသည် သူတောင်းစား‌အဘိုး‌အို‌ရှိရာသို့ လျှောက်သွား‌လိုက်၏။

စန့်ကွမ်းချစ်မှာ သူမအား မလွှဲမယွင်း ငေးကြည့်နေဆဲဖြစ်၏။

လုံမေက သူတောင်းစား‌အဘိုးအို‌အား ...

"အဘ ကျွန်မ ဆေးစရာတစ်ခုရှိလို့"

သူတောင်းစား‌အဘိုးအို‌က သူ့နေရာတွင် ပြန်ထိုင်ချလိုက်၏။

"ငါ့တူမက ဘာမေးမလို့လဲ"

လုံမေက ...

"အဘက နေရာအနှံ့လျှောက်သွား‌နေတဲ့လူဆိုတော့ လမ်းမှာ

Scanned with ACE Scanner

စန့်ကွမ်းချစ်ဆိုတဲ့ လူတစ်ယောက်ကို တွေ့မိသလားလို့ မေးမလို့ပါ"

"စန့်ကွမ်းချစ်သည် လုံမေ၏စကားကို ကြားလိုက်ရသောအခါ သူ၏ဘဝသည်းနှလုံးသို့ အပ်များဖြင့် ထိုးဆွနေသလို နာကျင်စွာ ခံစားလိုက်ရ၏။

သူ၏မျက်နှာတွင် မချိပြုံး ပြုံးယောင်သမ်းလာ၏။

"ဝေါ့..."

သူက ပါးစပ်ဟကာ သွေးများ အန်ထုတ်လိုက်ပြန်၏။

ဤသို့သည်တော်များသည် မမျှော်လင့်သောအဖြစ်အပျက်များကို တွေ့မြင်လိုက်ရသဖြင့် အံ့အားသင့်ကုန်ကြ၏။

ထိုအဖြစ်အပျက်များအား ကြည့်ကာ မခံစားနိုင်သူမှာ ဗျိုင်းဖြူဘွားဘွားဖြစ်၏

သူမသည် စန့်ကွမ်းချစ်နှင့် လုံမေတို့၏ အတွင်းသဘောမေတ္တာရေးကို သိထားသူဖြစ်၏။

သူမသည် လုံမေက စန့်ကွမ်းချစ်ကို မေးမြန်းစုံစမ်းသည်ကို ကြားရသောအခါ သူမက သက်ပြင်းချလိုက်၏။

"အင်း...စန့်ကွမ်းချစ်ဆိုတဲ့ လူငယ်က ရိုးသားတယ်၊ သစ္စာရှိတယ်၊ ဒါပေမယ့် ကံဆိုးရှာတယ်ကွယ့်၊ ညည်းက ဘာကိစ္စနဲ့ မေးရတာလဲ"

လုံမေက ဗျိုင်းဖြူဘွားဘွားအား လှည့်ကြည့်လိုက်၏။

"ဘွားဘွားက စန့်ကွမ်းချစ်ကို သိလို့လား"

သူမသည် ထိုအဘွားအိုအိမ်တွင် ထမင်းစားခဲ့သည်ကို သတိမေ့နေ၏။

ဗျိုင်းဖြူဘွားဘွားက မဲ့ပြုံးပြုံးလိုက်၏။

"ငါ သူ့ကို သိတာမသိတာ ညည်းနဲ့ ဘာဆိုင်လဲ"

လုံမေသည် ဗျိုင်းဖြူဘွားဘွား၏ စကားမှာ အကြောင်းရှိရမည်ဟု အကဲခတ်မိ၏။

"ဘွားဘွားက စန့်ကွမ်းချစ်အကြောင်းကိုသိရင် ပြောပြပါရှင်"

ဗျိုင်းဖြူဘွားဘွားက ပခုံးတစ်ချက်တွန့်လိုက်၏။

"ကျုပ်က ဖွင့်ပြောရင် ညည်းစိတ်မဆင်းဖြစ်လိမ့်မယ်"

သူမ၏စကားကြောင့် စန့်ကွမ်းချစ် ထိတ်လန့်သွား၏။

သူရုပ်ဖျက်ထားသည့်အကြောင်းကို ဗျိုင်းဖြူဘွားဘွားက ပြောမှာ စိုးရွံ့ဖြစ်၏။

ထို့အတူ လုံမေကလည်း ရင်ထိတ်သွား၏။

စန့်ကွမ်းချစ် တစ်စုံတစ်ခု ဖြစ်သွားပြီလားဟု စိုးရိမ်သွားမိ၏။

ယင်းထိုက်က မျက်မှောင်ကြုတ်သွား၏။

ပိုင်ရှင်းက ဗျိုင်းဖြူဘွားဘွားအား ကြည့်လိုက်၏။

လုံမေသည် ထိုအဘွားအိုမှာ စန့်ကွမ်းချစ်အကြောင်း တစ်စုံတစ်ရာ သိထားလိမ့်မည်ဟု ယုံကြည်၏။

"ဒီလိုပါဘွားဘွား၊ အစ်ကို စန့်ကွမ်းချစ်က ကျွန်မရဲ့ ကျေးဇူးရှင်ပါ၊ ဒါကြောင့် သူ့အကြောင်း မေးနေရတာပါ၊ ဘွားဘွားသိရင် ပြောပြပေးပါရှင်"

ဗျိုင်းဖြူဘွားဘွားက စန့်ကွမ်းချစ်အား မသိမသာ ကြည့်လိုက်၏။

စန့်ကွမ်းချစ်၏ မျက်နှာသည် ဖွင့်ပြောမည်ကို စိုးရိမ်နေပုံရ၏။

Scanned with ACE Scanner

"ငါက မပြောချင်လို့ မဟုတ်ပါဘူး၊ ပြောလိုက်ရင် ညည်း စိတ်မချမ်းမသာဖြစ်မှာ စိုးလို့ပါ"

စန့်ကွမ်းချစ်သည် ဒဏ်ရာအား အတွင်းအားဖြင့် ကြိတ်ကုနေရသဖြင့် အနည်းငယ် သက်သာနေပြီဖြစ်၏။

ရဲ့ကျူးကျူးအား ရဲ့ဆွေဝါးက တစ်စုံတစ်ခု တီးတိုးပြောလိုက်၏။

ရဲ့ကျူးကျူးက ထိုင်ရာမှ ထလိုက်၏။

သူမက လုံမေထံသို့ လျှောက်သွားကာ အသံတိုးတိုးဖြင့်...

"ညီမလေး...ဒီနေရာမှာ စန့်ကွမ်းချစ်အကြောင်း မမေးသင့်ဘူး၊ သူ့အတွက် အန္တရာယ်များတယ်"

ဟု နှစ်ကိုယ်ကြားရုံသာ ပြောလိုက်၏။

ထို့နောက် ပုံမှန်လေသံဖြင့်...

"ကဲ...ညီမလေး ကိုယ့်နေရာ ကိုယ်ပြန်နေပါကွယ်"

ပိုင်ရှင်း၏မျက်နှာတွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ ပေါ်လာ၏။

သူမက စန့်ကွမ်းချစ်အား ဖေးမကာ...

"မောင်လေး...ဘယ်လိုနေသေးလဲ၊ မမ သွားဆုံးမလိုက်ရမလား"

စန့်ကွမ်းချစ် ကမန်းကတန်း ခေါင်းခါယမ်းလိုက်၏။

ရဲ့ကျူးကျူးက ပိုင်ရှင်းအား စူးရှစွာ ကြည့်နေ၏၊ လုံမေက သူမအား ဟန့်တားလိုက်၏။

"မမ...သူတို့နဲ့ ရန်မဖြစ်ပါနဲ့တော့"

စန့်ကွမ်းချစ်က လုံမေအား ကြည့်လိုက်၏။

လုံမေမှာ ရဲ့ကျူးကျူးတို့နှင့် ရင်းရင်းနှီးနှီးနေသည်ကို တွေ့ရ သဖြင့် စိတ်မကောင်းဖြစ်လာ၏။

သူက ပိုင်ရှင်းအား ပြုံးပြလိုက်၏။

"မမ ချိုကျားဂေဟာကတော့ အထက်တန်းကျပါတယ်၊ ဒါပေမယ့် ရောက်လာတဲ့ လူတွေထဲမှာ တချို့က အဆင့်အတန်း မရှိကြဘူး၊ သူတို့နဲ့ ရှောင်နိုင်သမျှ ရှောင်စမ်းပါ"

ထိုစကားအား ကြားလိုက်ရသောအခါ ရဲ့ကျူးကျူးက ဒေါသ ထွက်လာ၏။

သူမသည် လက်နှစ်ဖက်အား ခါးပေါ်တွင်ထောက်ကာ စန့်ကွမ်းချစ်အား မျက်လုံးပြူး၍ ကြည့်လိုက်၏။

"ဒီမှာ...ရုပ်ဆိုးတဲ့မောင်နမ၊ ကိုယ့်ရုပ်ကိုယ်လဲ ပြန်ကြည့်ပါဦး၊ နောက်တစ်ခါ မဆင်မခြင်ပြောရင် အသက်ထွက်သွားမယ်ဆိုတာ မှတ်ထားပါ"

စန့်ကွမ်းချစ်သည် လုံမေက သူမတို့နှင့် ရင်းနှီးသည်ကို မကျေနပ်ရာမှ ရဲ့ကျူးကျူးက ထိုသို့ပြောလိုက်သောအခါ ဒေါသထွက် လာ၏။

"ဒီမှာ...ခင်ဗျားနဲ့ကျုပ်က ရန်ငြိုးမရှိပါဘူး၊ ဒါဟာမယ့် ခင်ဗျား စကားပြောတာ လွန်တယ်၊ ဒါကြောင့် ကျုပ်က ခင်ဗျားကို ခင်ဗျား အစ်ကိုအတိုင်း သိုင်းကွက်သုံးကွက် အသာပေးမယ်၊ စတုတ္ထမြောက် သိုင်းကွက်မှာ ဘယ်သူဘာဖြစ်မလဲဆိုတာ ကြည့်ကြသေးတာပေါ့"

ဟု စိန်ခေါ်လိုက်၏။

ရဲ့ကျူးကျူးက နှာခေါင်းရှုံ့လိုက်၏။

"ကောင်းပြီလေ၊ ပြီးမှ နောင်တမရပါနဲ့"

သူမက လက်တစ်ဖက်လှုပ်လိုက်သည်နှင့် ဓားရောင်လက်သွား
၏။

"ချမ် ..."

သူမ၏ ဓားဆွဲထုတ်ပုံမှာ လျှပ်စီးလက်သည့်အလား လှပ
သေသပ်လှ၏။

ပိုင်ရှင်းကား အသံကိုးတိုးဖြင့် ...

"စန့်ကွမ်းချစ် သတိထားပါ၊ ဒီမိန်းကလေးက ရဲ့ဆွေဝါးထက်
သာတယ်"

ဟု နှစ်ကိုယ်ကြားရုံသာ ပြောလိုက်၏။

"စိတ်ချပါ"

စန့်ကွမ်းချစ်က ခေါင်းညိတ်လိုက်လေသည်။

သိုင်းသုံးကွက်အသာ

ရဲ့ကျူးကျူးသည် ကားဆွဲထုတ်ကာ စတင်တိုက်ခိုက်လိုက်၏။
စန့်ကွမ်းချစ်သည် ရန်ရှောင်ခြေလှမ်းသိုင်းကွက်ဖြင့် ရှောင်တိမ်းလိုက်၏။

သူမ၏သိုင်းပညာသည် မောင်ဖြစ်သူ ရဲ့ဆွေဝါးထက်သာ၏။
သူမ၏ကောက်ကျစ်စဉ်းလဲသော ဉာဉ်မှာလည်း ရဲ့ဆွေဝါးထက်သာ၏။

သူမသည် စန့်ကွမ်းချစ်က မိမိ၏သိုင်းကွက်ကို အသာအယာရှောင်တိမ်းနိုင်သည်ကို တွေ့ရသောအခါ မျက်မှောင်ကြုတ်သွား၏။

သူမက စန့်ကွမ်းချစ်အား ပြုံးပြကာ ...

"ရှင့်ကြည့်ရတာ ရုပ်ဆိုးပေးမယ့် သိုင်းပညာကျတော့ ဘယ်ဆိုးလို့လဲ၊ တော်သားပဲရှင့်"

သူမက ပြောနေရင်းဖြင့် လျှပ်တစ်ပြက် စန့်ကွမ်းချစ်၏ဝမ်းဗိုက်အား ကားဖြင့် ထိုးသွင်းလိုက်၏။

သူမ၏ သိုင်းကွက်မှာ လျင်မြန်လွန်းသဖြင့် ပိုင်ရှင်းပင် စန့်ကွမ်းချစ်အတွက် စိုးရိမ်သွား၏။

Scanned with ACE Scanner

သို့သော်

စန့်ကွမ်းချစ်သည် ရိုးသားဖြောင့်မတ်သူဖြစ်၏။

ရဲ့ကျူးကျူးက မျက်နှာချိုသွေးသည်ကို လုံးဝဂရုမပြုသဖြင့် သူမ၏ လျှပ်တစ်ပြက်တိုက်ခိုက်မှုကို အသာအယာ ရှောင်တိမ်းနိုင်၏။

ရဲ့ကျူးကျူးသည် စန့်ကွမ်းချစ်အား မိမိ၏အကောက်ကြတိုက်ခိုက်မှုကို ရှောင်တိမ်းနိုင်သည်ကို တွေ့သဖြင့် အံ့သြသွား၏။

စန့်ကွမ်းချစ်က ခါးထောက်လိုက်၏။

"ကဲ ... သိုင်းကွက်တစ်ခွက်ပဲ ကျန်တော့တယ်"

"ဟင့် ..."

ရဲ့ကျူးကျူးက အသံပြုကာ နှာခေါင်းရှုံ့လိုက်၏။

သူမသည် ဤတစ်ကြိမ်တွင် မားနှင့်လူ တစ်ပါတည်း စန့်ကွမ်းချစ်အား တိုက်ခိုက်လိုက်၏။

သူမ၏မားကွက်များသည် ပိုက်ကွန်တစ်ခုပမာ စန့်ကွမ်းချစ်၏ တစ်ကိုယ်လုံးအား လွှမ်းခြုံထား၏။

သို့သော်

စန့်ကွမ်းချစ်သည် နောက်သို့ ခြေလှမ်းသုံးလှမ်း ဆုတ်လိုက်သည်နှင့် ရဲ့ကျူးကျူး၏ တိုက်ကွက်ကို ရှောင်တိမ်းပြီးသား ဖြစ်သွား၏။

ရဲ့ကျူးကျူးက စန့်ကွမ်းချစ်အား အံ့အားသင့်စွာ ကြည့်လိုက်၏။

ယခု စန့်ကွမ်းချစ်သည် ရဲ့ကျူးကျူးအား သိုင်းကွက်အသာပေးပြီဖြစ်၏။

သူက ပြုံး၍ သတိပေးလိုက်၏။

Scanned with ACE Scanner

"ကဲ ...ကျုပ်က သိုင်းကွက်သုံးကွက် အသာပေးပြီးပြီ၊ ဒီတစ်ခါ တော့ ကျုပ်ရဲ့သိုင်းကွက်စတော့မယ်၊ ခင်ဗျား ရှောင်နိုင်ရင် ရှောင်ပေ တော့"

စန့်ကွမ်းချစ်က ပြောပြီး ရှိမော့ဘုန်းတော်ကြီး သင်ပေးထား သည့် နဂါးစိမ်းလုံလွှိ၏ သိုင်းကွက်ကို အသုံးပြုလိုက်၏။

လုံမေသည် တိုက်ပွဲကို စိတ်ဝင်စားစွာ ကြည့်နေ၏။

သူမသည် အကျည်းတန်သော လူငယ်က မိမိဖခင် ပီထွင် ထားသည့် နဂါးတိမ်ဖောက် သိုင်းကွက်ကို အသုံးပြုနေသည်ကို တွေ့ရသဖြင့် အံ့အားသင့်သွား၏။

"ဟင် ...ဒီလူက ဖေဖေ့ရဲ့ နဂါးတိမ်ဖောက် သိုင်းကွက်ကို တတ်ထားပါလား၊ ဖေဖေနဲ့များ သိကျွမ်းခဲ့လို့လား"

သူက ရင်ထဲတွင် တွေးနေမိ၏။

ယင်းကျားရဲတိုက်သခင် ယင်းကျူးချီသည် စန့်ကွမ်းချစ်နှင့် ရဲ့ကျူးကျူးတို့ ယှဉ်ပြိုင်တိုက်ခိုက်နေသည်ကို တိတ်ဆိတ်စွာ ကြည့်နေ၏။

စန့်ကွမ်းချစ်က နဂါးစိမ်းလုံလွှိ၏ သိုင်းကွက်ကို အသုံးပြု နေသည်ကို တွေ့ရသောအခါ အံ့သြသွား၏။

"အံ့သြစရာပဲ၊ လုံလွှိမှာ ဟန်ရွှေကလွဲပြီး တပည့်တစ်ယောက်မှ မရှိပါဘူး၊ ဒီလူငယ်က ဘာကြောင့် လုံလွှိကိုယ်တိုင် တီထွင်ထားတဲ့ နဂါးတိမ်ဖောက်သိုင်းကွက်ကို တတ်နေတာပါလိမ့်"

သူက စိတ်ထဲတွင် သံသယဝင်လာ၏။

သူက ထိုင်ရာမှထကာ စန့်ကွမ်းချစ်နှင့် ရဲ့ကျူးကျူးထံ လျှောက်သွားလိုက်၏။

Scanned with ACE Scanner

"ငါ့တူမ နောက်ဆုတ်လိုက်စမ်း၊ ဦးလေး သူ့ကို စကားပြော စရာ ရှိတယ်"

ရဲကျူးကျူးသည် မိမိအခြေအနေ မဟန်မှန်းကို သိထားသဖြင့် ယင်းကျူးခို၏စကားကို နားထောင်ဟန်ဖြင့် နောက်ဆုတ်လိုက်၏။

ယင်းကျူးခို်က စန့်ကွမ်းချစ်အား စိုက်ကြည့်ကာ...

"ဦးနဲ့ လုံလွို ဘယ်လိုပတ်သက်နေလဲ"

စန့်ကွမ်းချစ် ဦးညွှတ်လို်၏။

"ဘယ်လိုမှ မပတ်သ ါဘူး"

ယင်းကျူးခို်က မျက်မှောင်ကြုတ်သွား၏။

"ဒါဖြင့် မင်းက သူ့ရဲ့ နဂါးတံမြက်ဖောက်သိုင်းကွက်ကို ဘယ်လိုလုပ် တတ်တာလဲ"

စန့်ကွမ်းချစ်သည် ရှိမော့ဘုန်းတော်ကြီးသင်ပေးသည်ဟု အမှန်အတိုင်း ပြောရန် မသင့်မှန်း နားလည်လိုက်၏။

ထို့ကြောင့် သူက လိမ်ပြောလိုက်၏။

"ဒီလိုပါခင်ဗျာ၊ တစ်ချိန်တုန်းက သူနဲ့ ကျွန်တော်နဲ့ မဒမ္မာလင့်ဘဲ ဆုံမိကြပါတယ်၊ အဲဒီအချိန်တုန်းက ကျွန်တော်က သိုင်းပညာသင်ခါစဖြစ်လို့ သူက သူ့ရဲ့ နဂါးတိမြက်ဖောက်သိုင်းကွက်ကို နည်းနည်းပါးပါး ပြသွားပါတယ်"

ယင်းကျူးခို်က မျက်မှောင်ကြုတ်သွား၏။

"မင်းပြောတာ သဘာဝမကျဘူး"

စန့်ကွမ်းချစ်က ကြိတ်ပြုံးလိုက်၏။

"ဘယ်လိုသဘာဝမကျတာလဲခင်ဗျာ"

ယင်းကျူးခို်က...

Scanned with ACE Scanner

"နဂါးတိမ်ဖောက်သိုင်းကွက်က လုံလွိရဲ့ အထက်မြက်ဆုံး သိုင်းကွက်ပါ၊ သူ့ရဲ့တစ်ဦးတည်းသောတပည့် ဟန်ရွှေတောင် နည်းနည်းပါးပါးပဲ တတ်ပါတယ်၊ မင်းက ဘာကြောင့် လုံလွိလောက် နိုးနိုး တတ်ထားရတာလဲ"

စန့်ကွမ်းချစ်က ပြုံးလိုက်၏။

"သိုင်းပညာဆိုတာ ကြိုးစားသင်ယူရုံနဲ့ မရသေးပါဘူး၊ အဖန်ဖန် အထပ်ထပ် လေ့ကျင့်ရပါတယ်၊ ကြိုးစားလေ့ကျင့်မှသာ ကျွမ်းကျင်တာပါ၊ ထပ်ခါထပ်ခါ လေ့ကျင့်ရင် သဘောတရားကို နားလည် ပြီး သိုင်းကွက်က အစွမ်းထက်ပါတယ်"

ယင်းကျူချီက စန့်ကွမ်းချစ်၏စကားကို လက်ခံလိုက်၏။

"အင်း ...မင်းပြောတာမှန်ပါတယ်"

စန့်ကွမ်းချစ်က စကားဆက်လိုက်၏။

"ပြောရရင် ဦးကိုယ်တိုင် ပင်ပင်ပန်းပန်း လေ့ကျင့်တီထွင်ခဲ့တဲ့ အမြွာညီနောင် လက်ဝါးသိုင်းကွက်ကလဲ တော်တော့်ကို ထိရောက်တဲ့ သိုင်းပညာတစ်မျိုးပါ"

ယင်းကျူချီက မျက်မှောင်ကြုတ်သွား၏။

"မင်းက အမြွာညီနောင် လက်ဝါးသိုင်းကွက်ကိုလဲ တတ်မြောက်ထားတယ် ဟုတ်လား"

စန့်ကွမ်းချစ်က ခေါင်းညိတ်လိုက်၏။

"ကျုပ်က နည်းနည်းပါးပါးပဲ တတ်ထားတာပါ"

ထိုစကားကြားလိုက်ရသောအခါ ယင်းကျူချီမှာ ထိတ်လန့်တုန်လှုပ်သွား၏။

"နေပါဦး၊ ကျုပ်က ဒီသိုင်းကွက်ကို ကျုပ်သားတစ်ယောက်

Scanned with ACE Scanner

တည်းကိုပဲ သင်ပေးထားတာ၊ ကျုပ်ရဲ့ လျှို့ဝှက်ထားတဲ့ သိုင်းပညာပါ၊ မင်းက နည်းနည်းပါးပါး တတ်ထားတယ်ဆိုတော့ သိုင်းလောကရဲ့ စည်းကမ်းကိုရော နားလည်ရဲ့လား"

စန့်ကွမ်းချစ်က မျက်မှောင်ကြုတ်သွား၏။

"သိုင်းပညာသင်ကြားတာ စည်းကမ်းရှိသေးလို့လား၊ ကျုပ်မသိဘူးဗျ"

ယင်းကျူချီ ဒေါသထွက်လာ၏။

"မင်းက အတော်အတင့်ရဲတာပဲ၊ သိုင်းလောကစည်းကမ်းကို ဆေးချိတ်ပြီး ငါ့ရဲ့သိုင်းပညာကို ခိုးသင်တယ် ဟုတ်လား"

သူက ဒေါသတကြီး အော်ငေါက်လိုက်၏။

စန့်ကွမ်းချစ်က ဝခုံးတစ်ချက်တွန့်လိုက်၏။

"ဒုက္ခပဲ...ကျုပ်ကလဲ သင်ထားမိလိုက်ပြီ၊ ခင်ဗျားကလဲ ဘာမှ မဆုံးရှုံးပါဘူး၊ ခင်ဗျားမကျေနပ်တော့ ဘာလုပ်ပေးရမလဲ"

ယင်းကျူချီက မဲ့ပြုံးပြုံးလိုက်၏။

"ကျုပ်ရဲ့သိုင်းပညာ ပြန်ပေးဖို့ လွယ်ပါတယ်"

စန့်ကွမ်းချစ်က...

"ဘယ်လိုပြန်ပေးရမှာလဲ"

"မင်းရဲ့ ခြေတွေ လက်တွေကို ဖြတ်ပြီးတော့ အစားပေးရမှာပေါ့"

စန့်ကွမ်းချစ်က...

"အို...ကျုပ်မိဘက ကျုပ်ကို ဘာအမွေမှ ပေးခဲ့တာ မဟုတ်ဘူး၊ ဒါကြောင့် မိဘဆီက ရခဲ့တဲ့ ခြေတွေ လက်တွေကိုတော့ မဖြတ်ပစ်နိုင်ပါဘူး"

Scanned with ACE Scanner

သူ၏စကားကြောင့် ရယ်သံအုပ်အုပ် ထွက်လာ၏။

ပိုင်ရှင်းကလည်း ပြုံးလိုက်၏။

ယင်းကျူးချီ၏မျက်နှာ တစ်ခုလုံး နီရဲလာ၏။

"ဘာပဲဖြစ်ဖြစ် ငါ့ရဲ့ သိုင်းပညာကို ခိုးတဲ့အတွက် ခင်းကို ဆုံးမရမယ်"

သူကပြောပြီး သူ၏ လျှို့ဝှက်သိုင်းကွက်ဖြစ်သော အမြွှာညီနောင်လက်ဝါးသိုင်းကွက်ကို အသုံးပြုကာ စတင် တိုက်ခိုက်လိုက်၏။

"ဟာ..."

သူ၏ ထက်မြက်သောသိုင်းကွက် စတင်ပုံကို ထွေ့ရသောအခါ ဧည့်ပရိသတ်များထံမှ အမေဋိတ်သံများ ထွက်ပေါ်လာ၏။

ယင်းကျူးချီသည် ဘယ်ဘက်လက်ဝါးအား အပေါ်သို့ မြှောက်ထား၏။

ညာဘက်လက်ဝါးကိုမူ ပူးကာ အောက်သို့စိုက်ထား၏။

လက်ဝါးအား ထက်အောက်ဝေ့ယမ်းကာ အရိပ်များအဖြစ် စန့်ကွမ်းချစ်အား တိုက်ခိုက်လိုက်၏။

စန့်ကွမ်းချစ်သည် လူငယ်ပီပီ ခံပြင်းစိတ်များ ဖြစ်လာ၏။

ထို့ကြောင့် ရှိလော့ဘုန်းတော်ကြီးသင်ပေးထားသည့် အမြွှာညီနောင်လက်ဝါးသိုင်းကွက်ကို အသုံးပြုအား အသုံးပြုလိုက်၏။

ယင်းကျူးချီသည် အကျည်းတန်သောလူငယ်က မိမိ၏လျှို့ဝှက်သိုင်းကွက်ဖြစ်သော အမြွှာညီနောင်လက်ဝါးသိုင်းကွက်ကို ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုနေသည်ကို တွေ့ရသဖြင့် အံ့အားသင့်သွားလေတော့သည်။

❋ ❋ ❋

Scanned with ACE Scanner

အမြွာညီနောင်လက်ဝါး

ယင်းကျူးချီသည် သူ၏အထက်မြက်ဆုံး လှုပ်ရှားမှုက သိုင်းကွက်ဖြစ်သည့် အမြွာညီနောင်လက်ဝါးဖြင့် စန့်ကွမ်းချစ်အား တိုက်ခိုက်လိုက်၏။

စန့်ကွမ်းချစ်ကလည်း ထိုသိုင်းကွက်ဖြင့်ပင် ယင်းကျူးချီအား ပြန်လည်တိုက်ခိုက်လိုက်၏။

စန့်ကွမ်းချစ်သည် ထိုအမြွာညီနောင်လက်ဝါးသိုင်းကွက်ကို အပေါ်ယံလောက်သာ တတ်မြောက်ထားခြင်းမဟုတ်ပါ။

တကယ့်ကို နက်နက်ရှိုင်းရှိုင်း တတ်မြောက်ထားသဖြင့် ယင်းကျူးချီက ထိတ်လန့်အံ့သြမိ၏။

သူသည် ထိုသိုင်းကွက်အား သားဖြစ်သူ ယင်းထိုက်တစ်ဦးတည်းကိုသာ သင်ကြားပေးခဲ့၏။

သမီးနှစ်ယောက်ကိုပင် မသင်ပေးခဲ့ပါ။

ယခု စန့်ကွမ်းချစ်က ထိုလက်ဝါးသိုင်းကွက်ကို အသုံးပြုနေသည်မှာ သားဖြစ်သူ ယင်းထိုက်ထက် များစွာသာလွန်နေသည်ကို တွေ့ရ၏။

Scanned with ACE Scanner

သို့သော်

စန့်ကွမ်းချစ်သည် အမြွာညီနောင်လက်ဝါးကို မည်မျှပင် တတ်ကျွမ်းစေကာမူ ကိုယ်တိုင်ကိုယ်ကျ တိထွင်ဖန်တီးထားသော ယင်းကျူးချိုအပေါ် အနိုင်ရရန်မှာ မဖြစ်နိုင်ပါ။

သိုင်းကွက်(၂၀)မျှ ယှဉ်ပြိုင်ပြီးသောအခါ စန့်ကွမ်းချစ် အရေးနိမ့်လာ၏။

သူက မတတ်နိုင်တော့ပါ။

အရာအားလုံးသည် စကြာဝဠာသို့ သိုင်းကွက်အသုံးပြုလိုက်၏။

သို့သော်

သူနှင့် ယင်းကျူးချိုမှာ ရန်သူမဟုတ်ပါ။

ယင်းကျူးချို အထိနာမည်ကို စိုးသဖြင့် သူက အတွင်းအားကို သုံးပုံခန့်သာ သုံးထား၏။

ထို့ပြင် ကြိုတင်သတိပေးလိုက်၏။

"ကဲ...ကျုပ်ရဲ့သိုင်းကွက် စတော့မယ်၊ သတိထားပေတော့"

သူက အော်ဟစ်သတိပေးပြီးမှ အရာအားလုံးသည် စကြာဝဠာသို့ သိုင်းကွက်ကို အသုံးပြုလိုက်လေတော့သည်။

❄ ❄ ❄

ဧည့်ပရိသတ်များသည် အသက်ပင်ရဲရဲ မရှူကြတော့ပေ။

တိုက်ပွဲအား စိတ်ဝင်စားစွာ ကြည့်နေကြ၏။

စန့်ကွမ်းချစ်မှာ တဖြည်းဖြည်း အရေးနိမ့်ဟုသည်ကို တွေ့ရသဖြင့် အားလုံးက စန့်ကွမ်းချစ် ရှုံးနိမ့်မည်ဟုသာ ထင်ထား၏။

Scanned with ACE Scanner

သို့သော်

စန့်ကွမ်းချစ်က ရုတ်တရက် သိုင်းကွက်ပြောင်းလိုက်သော အခါတွင်မူ...

"အင့်..."

ယင်းကျူချီထံမှ အသံထွက်လာ၏။

အသံနှင့်အတူ သူ၏ခန္ဓာကိုယ် ယိမ်းယိုင်သွားကာ နောက်သို့ ခြေလှမ်းငါးလှမ်းခန့် ဆုတ်သွားပြီးမှ ရပ်တန့်သွား၏။

ယင်းကျူချီ၏ မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွား၏။

စန့်ကွမ်းချစ်၏ သိုင်းတစ်ကွက်မှာ မိမိအား မရှုမလှ ရှုံးနိမ့်သွားစေသဖြင့် သူက မယုံကြည်နိုင်အောင် ဖြစ်သွား၏။

ဤပရိသတ်များကလည်း ပါးစပ်အဟောင်းသား ဖြစ်သွားကြ၏။

သူတို့၏မျက်နှာပေါ်တွင် မယုံကြည်နိုင်သော အံ့သြမှုများ လွှမ်းမိုးထား၏။

ပိုင်ရှင်းပင်လျှင် အံ့အားသင့်သွား၏။

သူမတို့ ကြယ်တာရာဂိုဏ်း၏ သိုင်းပညာသည် ထိပ်ဆုံးတွင် ရှိနေသည်ဟု ယူဆထား၏။

ယခု စန့်ကွမ်းချစ် အသုံးပြုလိုက်သော သိုင်းကွက်မှာ မိမိ၏ ကြယ်တာရာဂိုဏ်းထက် သာနေမည်လော။

သူမက တွေဝေသွားလေတော့သည်။

❁ ❁ ❁

စန့်ကွမ်းချစ်သည် ကြောင်အမ်းအမ်း ဖြစ်နေ၏။

Scanned with ACE Scanner

သူသည် သိုင်းလောကတွင် လျှမ်းလျှမဲ့းတောက် ကျော်ကြား နေသော ယင်းကျူချီအား သိုင်းကွက်တစ်ကွက်တည်းဖြင့် အနိုင်ရရှိ လိုက်သဖြင့် ကိုယ့်ကိုယ်ကိုပင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွား၏။

ယင်းကျူချီ လူပုံအလယ်တွင် အရှက်ရမည်ကို သူက တွေးမိ လိုက်၏။

ထို့ကြောင့် သူက ကမန်းကတန်း ရပ်ကာ လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်လိုက်၏။

ထို့နောက် အသံကျယ်လောင်စွာဖြင့် ...

"ကျေးဇူးတင်ပါတယ်ဗျာ၊ ယင်းကျားရဲ့တိုက်သခင်ရဲ့ သိုင်း ပညာက တကယ့်ကိုထက်မြက်ပါတယ်၊ တကယ်လို့ ဦးကသာ မညှာတာလိုက်ဘူးဆိုရင် အခုဒဏ်ရာရတဲ့လူက ဦးမဟုတ်ဘဲ ကျွန်တော်ဖြစ်သွားမှာပါ၊ အခုတော့ ဦးက ညှာတာတာကို အခွင့် ကောင်း ယူမိတဲ့အတွက် စိတ်မကောင်းပါဘူးဗျာ"

သူ၏စကားကြောင့် ယင်းကျူချီပင် ကြောင်အမ်းအမ်း ဖြစ်သွား၏။

ထိုအကျည်းတန်သော လူငယ်က မိမိအယ့ာက်ကို ကာကွယ်ပေး လိုက်ခြင်းဖြစ်မှန်း ချက်ချင်းနားလည်လိုက်၏။

သူက စန့်ကွမ်းချစ်အား ငေး၍ ကြည့်နေမိ၏။

ထိုစဉ် လုံမေက စန့်ကွမ်းချစ်ရှေ့သို့ ရောက်ရှိလာ၏။

"ရှင့်ကို ကျွန်မ စကားတစ်ခွန်းမေးပါရစေ၊ ရှင်နဲ့ မြွေဟောက် ဘွားဘွား ဘယ်လိုပတ်သက်သလဲ"

စန့်ကွမ်းချစ် ကြောင်အမ်းအမ်းဖြစ်သွား၏။

Scanned with ACE Scanner

သူက ခေါင်းခါယမ်းကာ...

"ဘာမှ မပတ်သက်ပါဘူး"

လုံမေက မျက်မှောင်ကြုတ်သွား၏။

"ရှင်ကျွန်မကို မလိမ်နဲ့"

သူမက ရုတ်တရက် စန့်ကွမ်းချစ်၏ ပါးပြင်အား ရိုက်ချလိုက်၏။

"ဖြန်း..."

စန့်ကွမ်းချစ်မှာ မမျှော်လင့်ဘဲ အရိုက်ခံလိုက်ရသဖြင့် ပါးပြင်တစ်ခုလုံး နီရဲသွား၏။

စန့်ကွမ်းချစ်က နားမလည်နိုင်ဘဲဖြစ်သွား၏။

လုံမေကိုလည်း မယုံကြည်နိုင်စွာ ကြည့်လိုက်၏။

ဗျိုင်းဖြူဘွားဘွားမှာ စန့်ကွမ်းချစ်အတွက် ခံပြင်းလာ၏။

"ဟင် ...ညည်းက တော်တော် စော်ကားပါလား"

သူမက ရုတ်တရက်ပြေးလာကာ တောင်ဝှေးကိုမြှောက်၍ လုံမေအား တိုက်ခိုက်လိုက်၏။

လုံမေသည် လျှမ်းလျှမ်းတောက် ကျော်ကြားသော နဂါးစိမ်းလုံလို့၏ သမီး ဖြစ်သော်လည်း သိုင်းပညာမှာ သာမန်အဆင့်သာ တတ်မြောက်၏။

ဗျိုင်းဖြူဘွားဘွားက တိုက်ခိုက်လာသည်ကို တွေ့မြင်ရသော အခါ သူမက ထိတ်လန့်တုန်လှုပ်သွား၏။

ဗျိုင်းဖြူဘွားဘွား၏ တောင်ဝှေးသည် သူမ၏ခေါင်းပေါ်သို့ မိုးချကာ ရိုက်မိလုဆဲဆဲတွင် စန့်ကွမ်းချစ်က တောင်ဝှေးအား ဖမ်းဆွဲထားလိုက်၏။

Scanned with ACE Scanner

"ဘွားဘွား မလုပ်ပါနဲ့ဗျာ"

လုံမေသည် အကျည်းတန်သောလူငယ်က မိမိအတွက် ဝင်ရောက်ကာကွယ်ပေးသည်ကို တွေ့ရသောအခါ အံ့အားသင့်သွား၏။

သူမသည် စန့်ကွမ်းချစ်အား ကြောင်အမ်းအမ်းဖြင့် ငေးကြည့်နေမိလေသည်။

ဗျိုင်းဖြူဘွားဘွားက မဲ့ပြုံးပြုံးလိုက်၏။

သူမက ခေါင်းခါယမ်းကာ...

"မင်းက တော်တော်ခက်တာပဲ"

စန့်ကွမ်းချစ်က မချိပြုံးပြုံးလိုက်၏။

"ဒီနေ့က ချိုကျားရဲတိုက်ပိုင်ရှင်ရဲ့ မွေးနေ့မင်္ဂလာဖြစ်တဲ့အတွက် အနောင့်အယှက် မပေးသင့်ဘူးလို့ ထင်ပါတယ်၊ ဒါကြောင့် သူ့ကို ခွင့်လွှတ်လိုက်ပါဘွားဘွား"

ဗျိုင်းဖြူဘွားဘွားက သူ့အားကြည့်ကာ သက်ပြင်းချလိုက်၏။

ထို့နောက် မိမိနေရာတွင် ပြန်လည်ထိုင်ချလိုက်၏။

စန့်ကွမ်းချစ်ကလည်း သက်ပြင်းချလိုက်၏။

ပိုင်ရှင်းနှင့်အတူ မိမိစားပွဲရှိရာသို့ ပြန်လှည့်သွားလေတော့သည်။

❄ ❄ ❄

Scanned with ACE Scanner

ရောင်လင်းကျောင်းထိုင်

ဖြစ်ပွားလုဆဲဆဲ ရန်ပွဲကို စန့်ကွမ်းချစ်က ဟန့်တားနိုင်သဖြင့် အချိန်မီအေးချမ်းသွား၏။

ချီရှန်းကူသည် ထိုအကျည်းတန်သော မောင်နှမအပေါ် မုန်းမလည်နိုင်အောင် ဖြစ်မိကြ၏။

ထိုအကျည်းတန်သော မောင်နှမနှစ်ယောက်သည် သိုင်းပညာအဲ့မခန်းအောင်ပင် တတ်မြောက်ကြ၏။

သို့သော်...

သူတို့သည် အနိုင်ရလျက်နှင့် အရှုံးပေးကြ၏။

သူတို့၏စတ်သကောထား အလွန်မွန်မြတ်သည်ဟု ချီရှန်းကူက ကျိတ်၍ ချီးကျူးမိ၏။

သူကယင်းသို့တွေးတောနေစဉ်မှာပင် ညှော်ကြိုတစ်ယောက်၏ အသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

"ရောင်လင်းကျောင်းထိုင် ကြွရောက်လာပါပြီခင်ဗျာ"

"ရောင်လင်ကျောင်းထိုင် ကြွရောက်လာပါပြီခင်ဗျာ"

ည့ဲကြွ၏အော်သံ ဆုံးသွားသောအခါ ဧည့်ပရိသတ်များ လူပ်လူပ်ရွရွ ဖြစ်ကုန်ကြ၏။

သူတို့၏မျက်နှာပေါ်တွင်လည်း အံ့သြသည့်အရိပ်အယောင်များ ပေါ်လွင်နေ၏။

ချိုရှန်းကူကိုယ်တိုင်ပင် အံ့အားသင့်နေမိ၏။

အကြောင်းမှာ ရောင်လင်ကျောင်းထိုင်သည် အရေးကြီးသော ကိစ္စ တစ်စုံတစ်ရာမရှိဘဲနှင့် အပြင်သို့ထွက်လေ့မရှိပေ။

ယခု ရောင်လင်ကျောင်းထိုင် ကြွရောက်လာခြင်းမှာ မွေးနေ့ပွဲ ကြောင့်မဟုတ်ဘဲ အခြားအကြောင်းကြောင့်ဖြစ်မည်ဟု ယုံကြည်မိ၏။

ချိုရှန်းကူသည် ထိုင်ရာမှ ကမန်းကတန်းထကာ ရောင်လင် ကျောင်းထိုင်အား ကြိုဆိုလိုက်လေတော့သည်။

❋ ❋ ❋

အနိရောင်သင်္ကန်းဝတ်ဆင်ထားသည့် ဘုန်းတော်ကြီးရှစ်ပါး သည် ရှေ့ဆုံးမှဝင်လာ၏။

ၚင်းတို့နောက်မှ ရွှေရောင်သင်္ကန်းဝတ်ဆင်ထားသည့် ဘုန်း တော်ကြီးတစ်ပါး လိုက်ပါလာ၏။

ထိုရွှေရောင်သင်္ကန်းဝတ်ဆင်ထားသည့် ဘုန်းတော်ကြီးမှာ လူအများ ကြောက်ရွံ့လေးစား ရိုသေရသော ရောင်လင်ကျောင်းထိုင် ပင် ဖြစ်၏။

ရောင်လင်ကျောင်းထိုင်၏နောက်တွင် အသက်ငယ်ရွယ်သော ကိုရင်လေး လေးပါး လိုက်ပါလာ၏။

Scanned with ACE Scanner

ချိုရှန်းက ကပျာကယာ ခရီးဦးကြိုပြုလိုက်၏။

"ဆရာတော်က အကြောင်းမကြားဘဲ ဘယ်လိုကိစ္စကြောင့် ကြွရောက်လာရတာလဲခင်ဗျာ၊ တပည့်တော်လဲ လာမယ်မထင်လို့ ခရီးဦးကြိုမပြုမိတာ ခွင့်လွှတ်ပါဗျာ"

ရောင်လင်ကျောင်းထိုင်က ရင်ဝတွင် လက်ဝါးဖြန့်၍ ထောင်ကာ...

"ဒီနေ့က ဒကာကြီးရဲ့ မွေးနေ့မင်္ဂလာဖြစ်တဲ့အတွက် ကျုပ်က လာပြီး အားပေးချီးမြှောက်တာပါ"

ချိုရှန်းကကား ရယ်မောလိုက်၏။

"ကျေးဇူးတင်ပါတယ်ဘုရား"

ထိုစဉ် ချိုရှန်းကု၏ အိမ်ဖော်များက သီးသန့်စားပွဲတစ်လုံး ပြင်ဆင်လိုက်၏။

ချိုရှန်းကုသည် ရောင်လင်ကျောင်းထိုင်နှင့် ဘုန်းတော်ကြီးများ၊ ကိုရင်လေးများကို နေရာထိုင်ခင်းချပေးပြီးနောက် အိမ်ဖော်များက သစ်သီးဝလံများ လာရောက်ကပ်လှူကြ၏။

ထို့နောက် ဧည့်ပရိသတ်များသည် တစ်ယောက်ပြီးတစ်ယောက် လာရောက်ဂါရဝပြုကြ၏။

စန့်ကွမ်းချစ်သည် ရောင်လင်ကျောင်းထိုင် ရောက်လာသည်ကို တွေ့ရသဖြင့် သူငယ်စဉ်က ရောင်လင်ကျောင်းသို့ ရောက်ခဲ့ပုံများကို ပြန်လည်သတိရလာ၏။

ထို့ပြင် ရှိမော့ဆရာတော်က သိုင်းပညာသင်ကာ ကျွေးမွေးစောင့်ရှောက်ခဲ့ပုံ၊ ရှိမော့ဆရာတော် ပေးလိုက်သည့် ဟန်ထိုင်ဘုန်း

တော်ကြီး၏ ဓားနှင့် အထုပ်လေးတစ်ထုပ်မှာ လေပွေလိုဏ်ဂုနှင့် ဝေဝမ် လိုဏ်ဂုတို့တွင် ကျန်ရစ်ခဲ့ပုံများကို ပြန်လည်သတိရလာ၏။

ပိုင်ရှင်းသည် သိုင်းလောကမှ ဧည့်သည်တော်များက ရှောင်လင်ကျောင်းထိုင်ကို တရိတသေ လာရောက်ဂါရဝပြုသည်ကို တွေ့ရသော အခါ မဲ့ပြုံးပြုံးလိုက်၏။

"ရှောင်လင်ကျောင်းထိုင်က တော်တော်ကြီးကျယ်ပါလား"

စန့်ကွမ်းချစ် ကမန်းကတန်း ဟန့်တားလိုက်၏။

"မမ တခြားဘယ်သူ့ကိုမဆို ကြိုက်သလို ပြောပါဗျာ၊ ရှောင်လင်ကျောင်းထိုင် ဆရာတော်ကတော့ ကျုပ်အပေါ် ကျေးဇူးရှိလို့ ကျုပ်မျက်နှာကိုထောက်ပြီး မပြောပါနဲ့ဗျာ"

ပိုင်ရှင်းက မဲ့ပြုံးပြုံးလိုက်၏။

သို့သော်

သူမက ဘာစကားမျှ ဆက်မပြောတော့ပါ။

ရှောင်လင်ကျောင်းထိုင်သည် ချီရှန်းကူအား လက်အုပ်ချီကာ ...

"ကျုပ်အခုရောက်လာတဲ့ကိစ္စက ဒကာကြီးရဲ့ မွေးနေ့ကို ချီးမြှင့်ဖို့ရယ်၊ နောက်ပြီး ဟန်ထိုင်ဘုန်းတော်ကြီးရဲ့ မပြီးသတ်သေးတဲ့ ကိစ္စကို ဖြေရှင်းဖို့ရယ်ပါ"

စန့်ကွမ်းချစ်က မျက်မှောင်ကြုတ်သွား၏။

"ငါ့ရဲ့ကျေးဇူးရှင် ဟန်ထိုင်ဘုန်းတော်ကြီးရဲ့ အရှုပ်အရှင်း တစ်ခုကို ဖြေရှင်းဖို့ဆိုပါလား"

သူက မျက်မှောင်ကြုတ်ကာ စဉ်းစားလိုက်ပြန်၏။

"ဟန်ထိုင်ဘုန်းတော်ကြီးက ဘယ်လိုအရှုပ်အရှင်း ရှိနေပါ လိမ့်"

Scanned with ACE Scanner

ချိုရှန်းကူက ...

"တပည့်တော်သိတဲ့ ကိစ္စများ ဖြစ်နေမလားမသိဘူး"

ရှောင်လင်ကျောင်းထိုင်က...

"ဒကာကြီးက ဘာကိစ္စ သိထားလို့လဲ"

ချိုရှန်းကူက...

"တပည့်တော်ရဲ့ဖခင်ဆီက ကြားရတဲ့ အကြောင်းကတော့ ဟန်ထိုင်ဘုန်းတော်ကြီးက ဂို ကိုးလုံးသိုင်းကျမ်းကို လိုက်ပြီး ရှာမွေနေတဲ့အတွက် နယ်ခြားမှာရှိတဲ့ ငရဲကုန်းတစ္ဆေညီနောင်နဲ့ ရန်ငြိုးဖြစ်ခဲ့တယ်လို့ သိရပါတယ်"

ရှောင်လင်ကျောင်းထိုင်က ခေါင်းညိတ်လိုက်၏။

"သိုင်းလောကမှာ အားလုံးသိနေတဲ့ သတင်းကတော့ ဒီဂြိုဟ်ကိုးလုံး သိုင်းကျမ်းကို ရှောင်လင်ကျောင်း ပိဋကတ်တိုက်ကနေ ဟန်ထိုင်ဘုန်းတော်ကြီးက ခိုးထုတ်သွားတယ်လို့ သတင်းတွက်နေပါတယ်"

ချိုရှန်းကူက ...

"တပည့်တော်လဲ ကြားပါတယ်၊ အဲဒီသတင်းကကော မှန်နေလို့လား"

ရှောင်လင်ကျောင်းထိုင်က သက်ပြင်းချလိုက်၏။

"ဒီသတင်းက မှန်တယ်လို့လဲ မဆိုသာဘူး၊ မှားတယ်လို့လဲ မပြောနိုင်ဘူး"

ချိုရှန်းကူက ...

"ဘာဖြစ်လို့လဲဘုရား"

ရှောင်လင်ကျောင်းထိုင်က ...

Scanned with ACE Scanner

"အမှန်တော့ ဟန်ထိုင်ဘုန်းတော်ကြီးကို ကျုပ်ကိုယ်တိုင် အပြစ်ပေးလိုက်တာပါ၊ လွန်ခဲ့တဲ့ (၁၂)နှစ်လောက်က သူလဲ ပုံလွန်တော် မူသွားပါပြီ၊ ဒါပေမယ့် အဲဒီကိစ္စကို ကျုပ်ကိုယ်တိုင် သေချာစုံစမ်းတော့မှ ဟန်ထိုင်ဘုန်းတော်ကြီးက ရှောင်လင်ကျောင်းအပေါ် အင်မတန် သစ္စာရှိတာ တွေ့ရတော့တယ်၊ ဒီကိစ္စက ကျုပ်တို့ ရှောင်လင် ကျောင်းရဲ့ အတွင်းရေးပါ၊ ဒါပေမယ့် သိုင်းကောကက ဟန်ထိုင်ဘုန်းတော်ကြီးကို သစ္စာဖောက်တစ်ယောက်လို့ မြင်နေမှာစိုးလို့ ကျုပ်က အခုလို လူစုံတုန်းမှာ ရှင်းပြပါ့မယ်"

ချိုရှုန်းကုက ထိုကိစ္စအား စိတ်ဝင်စားနေသူဖြစ်၍ ငြိမ်သက်စွာ နားစွင့်လိုက်၏။

ဥယျဉ်းမထဲတွင် လူပေါင်းများစွာရှိသော်လည်း အပ်ကျသံပင် ကြားနိုင်လောက်အောင် တိတ်ဆိတ်နေ၏။

ရှောင်လင်ကျောင်းထိုင်က...

"အမှန်တော့ အဲဒီဂြိုဟ်ကိုးလုံးသိုင်းကျမ်းကို မသမာသူတစ်စုက ရှောင်လင်ကျောင်းတိုက်ထဲကနေ ခိုးထုတ်တာပါ၊ ဒါကို ဟန်ထိုင်ဘုန်းတော်ကြီးက အချိန်မီသိလို့ သိုင်းကျမ်းပြန်ရအောင် လိုက်သွားတာပါ၊ ကံဆိုးချင်တော့ သူက အဲဒီကိစ္စကို ဘယ်သူ့ကိုမှ မတိုင်ပင်ဘဲ လိုက်ရှာတာပါ၊ ဒါပေမယ့် ကျုပ်တို့ဘက်ကလဲ သူက သိုင်းကျမ်းကို ခိုးထုတ်သွားတယ်လို့ အထင်မှားနေတာပါ၊ သူက ရှောင်လင်ကျောင်းကနေ (၁၇)နှစ်တိတိ ပျောက်သွားပါတယ်၊ သူက သိုင်းကျမ်းပြန်မရမချင်း ပြန်မလာဘူးလို့ ဆုံးဖြတ်ထားပေမယ့် အကြောင်းကိစ္စတစ်ခုရှိလို့ ရှောင်လင်ကျောင်းကို ပြန်လာပါတယ်"

Scanned with ACE Scanner

ရှောင်လင်ဆဲရာတော်က သက်ပြင်းချကာ စကားဆက်လိုက်၏။

"သူ့ကို ကျုပ်က အကျိုးအကြောင်း မေးမြန်းနေတုန်းမှာ ဂြိုဟ်ကိုးလုံး သိုင်းကျမ်းပန်းချီကားကို ထိန်းသိမ်းစောင့်ရှောက်ရတဲ့ ပိဋကတ်တိုက်မှူး ရောက်လာပြီး ဒေါသမထိန်းနိုင်ဘဲ လက်လွန်သွားခဲ့ပါတယ်၊ နှစ်ယောက်စလုံး ဒဏ်ရာပြင်းထန်လို့ နေရာမှာတင် သေသွားခဲ့ပါတယ်၊ မသေခင်မှာ ဟန်ထိုင်ဘုန်းတော်ကြီးက အဲဒီအကြောင်းတွေ ပြောခဲ့တာပါ၊ သူက သိုင်းကျမ်းနောက်ကို လိုက်ရင်း နယ်ခြားဒေသကိုပါ ရောက်သွားပါတယ်၊ ငရဲကုန်းတစ္ဆေညီနောင်နဲ့ အကြိမ်ကြိမ် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ပါတယ်၊ အခုတော့ ဟန်ထိုင်ဘုန်းတော်ကြီးက ပျံလွန်တော်မူသွားပါပြီ၊ ဒါပေမယ့် ငရဲကုန်းတစ္ဆေနှစ်ယောက်က ရှောင်လင်ကျောင်းကိုရန်ရှာဖို့ ပြည်မကို ရောက်နေပြီလို့ ကြားတယ်"

ရှောင်လင်ကျောင်းထိုင်က စကားကိုအဆုံးသတ်ကာ ရေနွေးကြမ်းကစ်ခွက် သောက်လိုက်၏။

ချိုရှန်းကူက...

"နယ်ခြားက ငရဲကုန်းတစ္ဆေညီနောင်က ပြည်မကို ရောက်နေတယ်လို့ တပည့်တော်လဲ သတင်းကြားပါတယ်၊ ရှောင်လင်ကျောင်းကို လာတယ်ဆိုတာတော့ မသိပါဘူး"

ရှောင်လင်ကျောင်းထိုင်က သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း... ဒီလိုဆိုရင် ရှောင်လင်ကျောင်းက အလွန်ကြီးကျယ်တဲ့ အန္တရာယ်တစ်ခုနဲ့ ရင်ဆိုင်ရတော့မယ် ထင်တယ်"

ပိုင်ရှင်းက စန့်ကွမ်းချစ်အား ပြုံးပြလိုက်၏။

Scanned with ACE Scanner

"ရှောင်လင်ကျောင်းထိုင်က ကြောက်နေပြီထင်တယ်"

စန့်ကွမ်းချစ် ရှောင်လင်ကျောင်းထိုင် ကြားသွားမည်စိုး၍ ကမန်းကတန်း လက်ကာပြလိုက်၏။

"မပြောပါနဲ့မမ"

သို့သော်

ရှောင်လင်ကျောင်းထိုင်က ကြားသွားကာ သူတို့ဘက်လှည့် ကြည့်လိုက်၏။

"ဒကာမလေးတို့က နယ်ခြားက ငရဲကုန်းတစ္ဆေညီနောင် အကြောင်းကိုမှ မသိဘဲကိုး"

ပိုင်ရှင်းက ရှောင်လင်ကျောင်းထိုင်အား မကြည့်ဘဲ မျက်နှာ လွှဲထားလိုက်၏။

ရှောင်လင်ကျောင်းထိုင်က စကားဆက်လိုက်၏။

"ကျုပ်က အပိုပြောနေတာ မဟုတ်ဘူး၊ တကယ်လို့များ ငရဲကုန်းတစ္ဆေညီနောင် ရောက်လာမယ်ဆိုရင် ဟာဒီမှာ ရှိနေကြတဲ့ ဒကာကြီးတွေ တစ်ယောက်မှ သူတို့ကို ယှဉ်နိုင်မှာ မဟုတ်ဘူး"

ရှောင်လင်ကျောင်းထိုင်၏စကားကြောင့် ဧည့်ပရိသတ်များ အားလုံး ထိတ်လန့်တုန်လှုပ်သွားကြ၏။

ရှောင်လင်ကျောင်းထိုင်၏ သိုင်းပညာမှာ ပြိုင်ဘက်ကင်းသည်ဟု မဆိုသာသော်လည်း လက်ရှိသိုင်းလောကတွင်ရှိကြသူများအနက် ရှောင်လင်ကျောင်းထိုင်အား ကျော်နိုင်သောလူ အလွန်နည်း၏။

ယခု ရှောင်လင်ကျောင်းထိုင်က စိုးရိမ်နေသည်ကို တွေ့ရသဖြင့် ငရဲကုန်းတစ္ဆေညီနောင်မှာ မည်မျှကြောက်စရာကောင်းသည်ကို မှန်းဆနိုင်၏။

Scanned with ACE Scanner

စည်ပရိသတ်များ ငြိမ်သက်စွာရှိနေစဉ်မှာပင် မိုင်ရှင်းက မဲပြိုး ပြိုးလိုက်ပြန်၏။

သူမ၏မျက်နှာတွင် တစ်စုံတစ်ရာ ပြောလိုဟန် ပေါ်လွင်လာ၏။

စန့်ကွမ်းချစ်က သူမအား စကားမပြောရန် လက်ကာကာ ဟန့်တားလိုက်၏။

သို့သော်

မိုင်ရှင်းက သူ့အားပြိုးပြကာ အသာနေပါဟူသော သဘောဖြင့် လက်ကာပြလိုက်၏။

"တို့ပြည်မက သိုင်းသမားတွေက လူကြောက်တွေဖြစ်နေ ပါလား၊ ငရဲကုန်းတစ္ဆေညီနောင်က သိုင်းပညာဘယ်လောက်ပဲ တော်တော် သူတို့ကိုနိုင်တဲ့လူတော့ ပေါ်လာဦးမှာပေါ့၊ ဘာဖြစ်လို့ ကြောက်နေရတာလဲ"

မိုင်ရှင်းစကားကြောင့် စည်ပရိသတ်များလှုပ်လှုပ်ရွရွဖြစ်လာ၏။

ရှောင်လင်ကျောင်းထိုင်က မျက်မှောင်ကြုတ်သွား၏။

မိုင်ရှင်းက စကားဆက်လိုက်၏။

"တကယ်လို့ပဲဗျား သူတို့ရောက်လာမယ်ဆိုရင် ကျွန်မတို့ မောင်နှမ ယှဉ်ကြည့်ချင်သေးတယ်ရှင့်"

ရှောင်လင်ကျောင်းထိုင်က ...

"ဒကာမတွေရဲ့ စိတ်ထားကို ချီးကျူးပါတယ်ကွယ်၊ ဒါပေမယ့် စကားနဲ့လက်တွေ့ဆိုတာအမြဲတမ်းကွာဟတတ်ပါတယ်၊ ဒကာမ လေးတို့ရဲ့ သိုင်းပညာက အလွန်တော်တယ်ဆိုပါတော့၊ ဒါပေမယ့် ငရဲကုန်းတစ္ဆေညီနောင်ကို နိုင်ဖို့တော့ မလွယ်လှပါဘူး"

Scanned with ACE Scanner

ဝိုင်ရှင်းက မဲ့ပြုံးပြုံးလိုက်၏။

"ငရဲကုန်းတစ္ဆေညီနောင်ရဲ့ သိုင်းပညာက တော်တော် အဆင့်မြင့်တယ်ဆိုတော့ တပည့်တော်တို့မောင်နှမရဲ့ သိုင်းပညာကို ကျောင်းထိုင်ဆရာတော်က သိလို့သား"

ရှောင်လင်ကျောင်းထိုင် ခေါင်းညိတ်လိုက်၏။

"ဒကာမလေးပြောတာ မှန်ပါတယ်၊ ဒကာမလေးတို့က ဘယ်ဂိုဏ်း ဘယ်အဖွဲ့အစည်းကလဲ၊ ဆရာကကော ဘယ်သူလဲဆိုတာ သိပါရစေ"

ဝိုင်ရှင်းက...

"တပည့်တော်တို့မောင်နှမက ဘယ်ဂိုဏ်းဘယ်အဖွဲ့အစည်းကမှ မဟုတ်ပါဘူး၊ တပည့်တော်တို့မှာ ကျောက်ကြားတဲ့ ဆရာလဲ မရှိပါဘူး၊ ဒါပေမယ့် ငရဲကုန်းတစ္ဆေညီနောင်ကိုတော့ မကြောက်ပါဘူး"

ရှောင်လင်ကျောင်းထိုင်သည် ဝိုင်ရှင်းအား စိုက်ကြည့်လိုက်၏။

"ဒီလိုဆိုရင် ဒကာမလေးတို့မောင်နှမက ဆရာမရှိဘဲ သိုင်းပညာတတ်လာတာပေါ့ ဟုတ်လား"

စန့်ကွမ်းချစ်သည် ရှောင်လင်ကျောင်းထိုင်နှင့် ဝိုင်ရှင်းတို့ မသင့်မတင့်ဖြစ်မည်ကို စိုးရိမ်မိ၏။

ထို့ကြောင့် သူက ကမန်းကတန်းထရပ်ကာ ရှောင်လင်ကျောင်းထိုင်ထံသို့ လျှောက်သွားလိုက်၏။

သူက ရှောင်လင်ကျောင်းထိုင်အား ရိုသေစွာ ဂါရဝပြုကာ...

"တပည့်တော်ရဲ့အစ်မက စိတ်ထားကောင်းပါဘယ်၊ စိတ်ထဲမှာ ရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်လို့ပါ၊ ဒါကြောင့်

ပြောမှား ဆိုမှားရှိရင် ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်၊ ကျေးဇူး ပြုပြီး တပည့်တော် သိချင်တာတစ်ခုကိုလဲ ပြောပြပေးပါလို့ တောင်း ပန်ပါတယ် ဘုရား"

ရှောင်လင်ကျောင်းထိုင်က စန့်ကွမ်းချစ်အား အကဲခတ်ကြည့် လိုက်၏။

"မေးပါ၊ ကျုပ်သိတဲ့ကိစ္စဆိုရင် ဖြေပေးပါ့မယ်"

စန့်ကွမ်းချစ်က...

"ရှောင်လင်ကျောင်းက ဟန်ထိုင်ဘုန်းတော်ကြီးက ဘာကြောင့် ငရဲကုန်းတစ္ဆေညီနောင်နဲ့ ရန်ငြိုးဖွဲ့ခဲ့တာလဲဘုရား"

ရှောင်လင်ကျောင်းထိုင်က ...

"ကျုပ်ပြောပြီးပြီပဲ၊ ဂြိုဟ်ကိုးလုံး သိုင်းကျမ်းကို လိုက်ရှာရင်း ရန်ငြိုးဖွဲ့ခဲ့မိတာပါ"

စန့်ကွမ်းချစ်က...

"ဒီအကြောင်းပဲလား၊ တခြားအကြောင်းရှိပါသေးလား"

ရှောင်လင်ကျောင်းထိုင်က မျက်မှောင်ကြုတ်သွား၏။

"ဒကာလေးက ဘာကြောင့်မေးရတယ်ဆိုတာ အရင်ပြောပြ ပါဦး"

စန့်ကွမ်းချစ်က...

"ဒီလိုပါ၊ တပည့်တော်ရဲ့အဖေဟာ ဟန်ထိုင်ဘုန်းတော်ကြီးနဲ့ အလွန်ရင်းနှီးပါတယ်၊ တပည့်တော်ငယ်ငယ်တုန်းက ဟန်ထိုင်ဘုန်း တော်ကြီးနဲ့ တွေ့ခဲ့ဖူးပါတယ်၊ ဒါကြောင့် မေးကြည့်တာပါ ဘုရား"

ရှောင်လင်ကျောင်းထိုင်က မျက်မှောင်ကြုတ်သွားပြန်၏။

"ဒကာလေးအသက် ဘယ်လောက်ရှိပြီလဲ"

Scanned with ACE Scanner

စန့်ကွမ်းချစ်က...

"အသက်နှစ်ဆယ်ရှိပါပြီဘုရား"

ရှောင်လင်ကျောင်းထိုင် ခေါင်းခါယမ်းလိုက်၏။

"ဒကာလေးရဲ့မျက်နှာက ရိုးသားပုံရပါတယ်၊ ဘာကြောင့် လိမ်ပြောချင်ရတာလဲ"

စန့်ကွမ်းချစ်က ကြောင်အမ်းအမ်းဖြစ်သွား၏။

"တပည့်တော် မလိမ်ပါဘူး"

ရှောင်လင်ကျောင်းထိုင်က...

"ဟန်ထိုင်ဘုန်းတော်ကြီး ပျံလွန်တော်မူတာ (၁၂)နှစ်တောင် ရှိပြီ၊ ဒကာလေးက ဘယ်လိုလုပ် တွေ့ခဲ့တာလဲ"

စန့်ကွမ်းချစ်က မည်သို့ဖြေရမှန်းမသိဘဲ ကြောင်အမ်းအမ်းဖြစ်သွား၏။

ထိုအချိန်မှာပင် အပြင်ဘက်မှ စူးရှသောအော်သံတစ်ခု ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

❄ ❄ ❄

Scanned with ACE Scanner

ငရဲကုန်းတဘွေညီနောင်

ရှေးရှေးသော ထူးဆန်းသည့် အသံနှစ်သံ ထွက်ပေါ်လာ၏။
အသံတစ်သံက ရှေးရှုကာ သံစဉ်ဖြင့်၏။
အသံတစ်သံကမူ သံစဉ်နိမ့်ကာ ကျားဟိန်းသံနှင့် တူ၏။
ညည့်ခန်းမထဲတွင် ရှိနေကြသော ပရိသတ်များမှာ ထိုအသံကို ကြားလိုက်ရသောအခါ အလိုလို ကျောချမ်းသွားကြလေသည်။
ရှောင်လင်ကျောင်းထိုင်က သက်ပြင်းချလိုက်၏။
သူကအခန်းဝဆီသို့ ကြည့်ကာ လက်အုပ်ချီလိုက်၏။
"ငရဲကုန်းတဘွေညီနောင်တို့ ရောက်လာကြပြီကို့"
သူ၏စကားကြောင့် ညည့်ပရိသတ်များမှာ ညည့်ခန်းမတံခါးဝဆီသို့ လှမ်းကြည့်လိုက်ကြ၏။
စန့်ကွမ်းချစ်သည် ထိုအသံအား သည်းမခံနိုင်သဖြင့် ထိုင်ရာမှ ထကာ တံခါးဝသို့ လျှောက်သွားလိုက်၏။
ပိုင်ရှင်းကလည်း ထိုင်ရာမှထကာ စန့်ကွမ်းချစ်နှင့် ပခုံးချင်းယှဉ်ကာ ရပ်လိုက်၏။
ကြောက်မက်ဖွယ်ရာ ကောင်းသော အသံများ အဆက်မပြတ်

Scanned with ACE Scanner

ထွက်ပေါ်လာသဖြင့် ဧည့်ခန်းမထဲမှ မီးပုံးအိမ်များပင် ယိမ်းယိုင်သွား၏။

မီးပုံးအိမ်များယိမ်းယိုင်သွားသဖြင့် မီးရောင်မှာ လင်းလိုက် မှောင်လိုက် ဖြစ်နေ၏။

ဧည့်ခန်းတစ်ခုလုံး တိတ်လန့်တုန်လှုပ်ဖွယ်ရာ ကောင်းသလို ခံစားရ၏။

ပိုင်ရှင်းက စန့်ကွမ်းချစ်ဘက်လှည့်ကာ အသံတိုးတိုးဖြင့် ...

"ရှင် ကြောက်နေပြီလား"

စန့်ကွမ်းချစ်က ပြုံးကာ ခေါင်းခါယမ်းလိုက်၏။

"မကြောက်ပါဘူး"

ပြောပြီး သူက ဧည့်ခန်းအဝင်ဘက် စိုက်ကြည့်နေ၏။

ထိုစဉ် အသံများ တိခနဲ ရပ်တန့်သွားလေတော့သည်။

❄ ❄ ❄

စူးရှသောအသံများ ရပ်ဟန့်သွား၏။

ပိုင်ရှင်းက စန့်ကွမ်းချစ်အား အသံတိုးတိုးဖြင့် ...

"ရှင် ခုနက ယှဉ်ပြိုင်သူမှန်သမျှကို တုံ့ပြန်ခြင်းမပြုခဲ့ဘူး၊ အခုလဲ ငရဲကုန်းတစ္ဆေညီနောင်က ယှဉ်ပြိုင်လာတဲ့အခါမှာ တုံ့ပြန်ခြင်းမပြုရဘူး"

စန့်ကွမ်းချစ်က အံ့အားသင့်သွား၏။

"ဘာဖြစ်လို့လဲ"

ပိုင်ရှင်းက ...

Scanned with ACE Scanner

"သူတို့နှစ်ယောက်က နယ်ခြားကဆိုပေမယ့် လူဆိုးလား လူကောင်းလားမှ မသိတာ"

စန့်ကွမ်းချစ်က ခေါင်းညိတ်လိုက်၏။

"ဒါလဲ ဟုတ်တာပဲ"

သူတို့ကစကားပြောနေစဉ် လူနှစ်ယောက် ခန်းမရှိရာသို့ လျှောက်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

❁ ❁ ❁

ဒည်ခန်းမထဲသို့ ဝင်ရောက်လာသူများမှာ အသက်(၆၀)ကျော် ခန့် အဘိုးအိုနှစ်ယောက်ဖြစ်၏။

တစ်ယောက်က အရပ်ရှည်ကာ တစ်ယောက်က အလွန်ပုံ၏။

ငင်းတို့နှစ်ယောက်၏ ရုပ်ရည်များမှာ တည်ကြည်ခံ့ညားသည်ကို တွေ့ရ၏။

ထိုလူနှစ်ယောက်၏ ဝတ်စားဆင်ယင်ပုံမှာ ပြည်မသိုင်းသမားများနှင့်မတူသဖြင့် နယ်ခြားမှ ငရဲကုန်းတစ္ဆေညီနောင်ဖြစ်မှန်း သိလိုက်၏။

ငရဲကုန်းတစ္ဆေညီနောင်သည် ဒည်ခန်းထဲလှမ်းဝင်လိုက်သည်နှင့် မိမိတို့၏သွားလမ်းကို အကျည်းတန်သောလူငယ်တစ်ယောက်နှင့် မိန်းကလေးတစ်ယောက်က ပိတ်ရပ်နေသည်ကို တွေ့ရ၍ ခြေလှမ်းရပ်တန့်သွား၏။

ပိုင်ရှင်းက သူတို့နှစ်ယောက်အား ပြုံး၍ ကြည့်ကာ စန့်ကွမ်းချစ် ဘက်သို့ လှည့်လိုက်၏။

Scanned with ACE Scanner

"သြော်...ငရဲကုန်းတစ္ဆေညီနောင်ဆိုတော့ ဟူးတူးဆန်းဆန်း ဖြစ်မယ်ထင်တာ၊ တို့လိုပဲ ခေါင်းတစ်လုံးနဲ့ လက်နှစ်ဖက်ပဲ ရှိပါလား:"

အရပ်ရှည်သော အဘိုးအိုက ပိုင်ရှင်းအား မျက်မှောက်ကြုတ်၍ ကြည့်ကာ...

"မင်းက ဘယ်သူလဲ၊ လမ်းဖယ်ပေးစမ်း၊ မင်းတို့ကို ငါ မသတ်ချင်ဘူး"

ပိုင်ရှင်းက လမ်းဖယ်မပေးဘဲ ပြန်မေးလိုက်၏။

"ကျွန်မဘယ်သူဆိုတာ ပြောတော့လဲ ရှင်တို့ကသိမှာမဟုတ်ဘူး၊ ဒါမကြောင့် ရှင်တို့ ဒီကို ဘာကြောင့် လာတာလဲဆိုတာပဲ မေးချင်တယ်"

အရပ်ရှည်သော အဘိုးအိုက...

"ငါတို့ ရှောင်လင်ကျောင်းနဲ့ ရန်ငြိုးရှိတယ် ဒါကြောင့် ရှောင်လင်ကျောင်းထိုင် ဒီရောက်နေတယ်ကြားလို့ သူ့ကို လာတွေ့တာ၊ မင်းက အသက်ငယ်ငယ်လေးပဲ ရှိသေးတယ်၊ ဘာမှမသိဘဲနဲ့ ဝင်ရှုပ်မနေနဲ့၊ ဖယ်စမ်းပါ၊ ငါ သူ့ကို တိုက်ခိုက်မလို့"

ပိုင်ရှင်းက နောက်သို့မဆုတ်သည့်အပြင် ရှေ့သို့ပင် ခြေသုံးလှမ်း တိုးလိုက်၏။

"ကျွန်မကို မသတ်ဘူးဆိုလို့ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ဒီထဲမှာရောက်နေတဲ့ ရှောင်လင်ကျောင်းထိုင်က ရှင်တို့ရန်သူ မဟုတ်ဘူးရှင့်၊ ရှင်တို့ရန်သူ ဟန်ထိုင်ဘုန်းတော်ကြီး ပျံလွန်တော်မူသွားတာ (၁၂)နှစ်ရှိပြီရှင့်"

ရှောင်လင်ကျောင်းထိုင်သည် အကျည်းတန်ဆောမိန်းကလေးက

မိမိဘက်မှ ဝင်ရောက်ပြောဆိုနေသည်ကို တွေ့ရသဖြင့် ထိုင်ရာမှ တလိုက်၏။

သူက ငရဲကုန်းတစ္ဆေညီနောင်ထဲ လျှောက်သွားကာ...

"ကဲ...ဒကာမလေး၊ လမ်းဖယ်ပေးလိုက်ပါ၊ ငရဲကုန်းတစ္ဆေညီနောင်က ရှောင်လင်ကျောင်းအတွက်လာတာဆိုတော့ ကျုပ်က ရင်ဆိုင်ရမှာပေါ့"

စန့်ကွမ်းချစ်သည် ရှောင်လင်ကျောင်းထိုင်က ယင်းသို့ပြောပြီး ရင်ဆိုင်ရန် ဆုံးဖြတ်ခြင်းမှာ ရှောင်လင်ကျောင်း၏ သိက္ခာကို ဆည်နေခြင်းဖြစ်မှန်း သိလိုက်၏။

သူသည် ငယ်စဉ်က ရှောင်လင်ကျောင်း၏ ကျေးဇူး[illegible]က အသက်ဆက်ရှင်ခဲ့ရခြင်းဖြစ်၏။

ယခုသူက ရှောင်လင်ကျောင်း၏ကျေးဇူးကို ဆပ်ခွင့်ကြိုလာပြီဟု ထင်မြင်၏။

တို့ကြောင့် သူက ရှောင်လင်ကျောင်းထိုင်ရှေ့မှ ပိတ်ရပ်ကာ အစုပ်ရှည်သော အာဘိုးအိုအား မဲ့ပြုံးပြုံးပြလိုက်၏။

"ခင်ဗျားတို့နဲ့ ရှောင်လင်ကျောင်း ဘယ်လိုပဲဖြစ်နေနေ ကျုပ်မသိဘူး၊ ကျုပ်တို့မောင်နှမက လောကမှာရှိသမျှ ထိပ်တန်းသိုင်းပညာရှင်တွေနဲ့ ယှဉ်ပြိုင်ဖို့ အမြဲတမ်းလိုက်ရှာနေတာ၊ အခု ခင်ဗျားတို့နဲ့ ကြုံတုန်း ကျုပ်တို့နဲ့ အရင်ယှဉ်ပါ"

ဝိုင်ရှင်းက မနေသာတော့ပါ။

သူမသည် စန့်ကွမ်းချစ်အား အားပေးသည့်အနေဖြင့် နံဘေးတွင် ပန်းချင်းယှဉ်ကာ ရပ်လိုက်၏။

Scanned with ACE Scanner

စန့်ကွမ်းချစ်သည် ဝိုင်ရှင်းက မိမိအား အားပေးသည်ကို တွေ့ရသဖြင့် စိတ်ဓာတ်တက်ကြွလာ၏။

အရပ်ရှည်သော အဘိုးအို က သူတို့နှစ်ယောက်အား ကြည့်လိုက်၏။

"မင်းတို့က အသက်ငယ်ငယ်နဲ့ မသေချင်စမ်းပါနဲ့ကွာ"

စန့်ကွမ်းချစ်က ရယ်မောလိုက်၏။

"ကျုပ်တို့ကို အထင်မသေးနဲ့ဗျ၊ ကျုပ်တို့က တစ်ဖက်လူနဲ့ ယှဉ်ပြိုင်ရင် ကစ်ဖက်လူကို သိုင်းကွက်သုံးကွက် အသာပေးတယ်"

သူ၏စကားကြောင့် ညှပ်ရိသတ်များမှာ အံ့သြထိတ်လန့်သွားကြ၏။

ချိုရှုံးကူကလည်း မျက်မှောင်ကြုတ်သွား၏။

ရှောင်လင်ကျောင်းထိုင်က ခေါင်းကို အသာခါယမ်းလိုက်၏။

ငရဲကုန်းတစ္ဆေညီနောင်မှာ မမျှော်လင့်သော စကားကို ကြားလိုက်ရ၍ ကြောင်အမ်းအမ်းဖြစ်သွား၏။

အတန်ကြာမှ အရပ်ရှည်သောအဘိုးအို က စန့်ကွမ်းချစ်အား မချိုပြုံးပြုံးပြလိုက်၏။

"မင်းက ဒီလောက် သေချင်မှနေမှတော့ ငါလဲ မတတ်နိုင်တော့ဘူး၊ ဒါပေမယ့် မင်းက ငယ်ရွယ်သူဖြစ်လို့ သိုင်းကွက်အသာမလိုချင်ပါဘူး"

စန့်ကွမ်းချစ်က ခေါင်းခါယမ်းလိုက်၏။

"ကျုပ်က စကားကို တစ်ခွန်းပဲပြောတယ်၊ ခင်ဗျားတို့ကို သိုင်းကွက်သုံးကွက် အသာပေးမယ်၊ စကားထပ်မရှည်နဲ့တော့၊ ကဲ... ခင်ဗျား စတင်တိုက်ခိုက်နိုင်ပါပြီ"

Scanned with ACE Scanner

အရပ်ရှည်သောအဘိုးအိုက မတတ်နိုင်တော့ပါ။

သူသည် အကျည်းတန်သောလူငယ်အား အမြန်ဆုံးရှင်းလင်း ဖယ်ရှားနိုင်မှသာ ရှောင်လင်ကျောင်းထိုင်နှင့် ယှဉ်ပြိုင်နိုင်မည်ကို နားလည်၏။

ထို့ကြောင့် သူက ရယ်မောလိုက်၏။

"မင်းက ဒီလောက်တောင် သေချင်မှတော့ ငါလဲ မတတ်နိုင်တော့ဘူး"

သူကပြောပြီး လက်ဝါးနှစ်ဖက်ဖြင့် စန့်ကွမ်းချစ်အား စတင်တိုက်ခိုက်လိုက်၏။

စန့်ကွမ်းချစ်သည် အရပ်ရှည်သောအဘိုးအို တိုက်ခိုက်လာသည်ကို သတိကြီးစွာဖြင့် အကဲခတ်လိုက်၏။

အရပ်ရှည်သောအဘိုးအို၏ တိုက်ခိုက်မှုမှာ တစ်မူထူးခြားပြီး လက်ငါးချောင်းကို သိမ်းငှက်ခြေသည်းပမာ တိုက်ခိုက်လာသည်ကို တွေ့ရ၏။

သူက အဘိုးအို၏တိုက်ခိုက်မှုကို အထင်မသေးဝံ့ဘဲ ရန်ရှောင်ခြေလှမ်းသိုင်းကွက်ကို အသုံးပြုကာ ရှောင်တိမ်းလိုက်၏။

အရပ်ရှည်သောအဘိုးအိုသည် အကျည်းတန်သောလူငယ်အား တိုက်ခိုက်လိုက်သောအခါ လူငယ်၏ခန္ဓာကိုယ်သည် ယိမ်းကာနွဲ့ကာဖြင့် ရုတ်တရက် ပျောက်ကွယ်သွားသည်ကို တွေ့ရသဖြင့် ရင်ထိတ်သွား၏။

သို့သော်

သူသည် အတွေ့အကြုံရင့်ကျက်သော သိုင်းသမားတစ်ယောက်ဖြစ်၏။

စန့်ကွမ်းချစ် ယောက်ကွက်သွားသည်ကို တွေ့ရသည်နှင့် သူက မဆိုင်းမတွပင် နောက်သို့လှည့်လိုက်၏။

စန့်ကွမ်းချစ်သည် ငရဲကုန်းတဆွေ၏ လျှင်မြန်သော တုံ့ပြန်မှုကို သဘောကျမိ၏။

ထို့အတွက်ကြောင့် ရှောင်လင်ကျောင်းထိုင်ပင် လန့်နေသည်ကို နားလည်လိုက်၏။

ထိုစဉ် အရပ်ရှည်သောအဘိုးအိုက လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်ကာ သိန်းငွက်ခြေသည်းပမာ စန့်ကွမ်းချစ်၏ ခေါင်းကို မိုး၍ ကုတ်ချလိုက်၏။

စန့်ကွမ်းချစ်သည် ယင်းကဲ့သို့သောအကာအကွယ်မဲ့သည့် တိုက် ကွက်မျိုးကို တစ်ခါမှ မကြုံဖူးပေ။

သူက အရပ်ရှည်သောအဘိုးအို၏ ရင်ဝသို့ ထိုးသွင်းလျှင် အနိုင်ရလိမ့်မည်ဟု ယူဆ၏။

သို့သော်

သူပေးထားသော ကတိအတိုင်း ပြန်လည်တိုက်ခိုက်ခြင်း မပြုဘဲ ရန်ရှောင်ခြေလှမ်းသိုင်းကွက်ဖြင့် ရှောင်တိမ်းလိုက်၏။

စန့်ကွမ်းချစ်က ယင်းကဲ့သို့ ရိုးသားစွာ ရှောင်တိမ်းလိုက်သဖြင့် အရပ်ရှည်သောအဘိုးအို ဆင်ထားသည့် ထောင်ချောက်ထဲသို့ သက်ဆင်းကျရောက်မသွားခြင်းဖြစ်၏။

အကယ်၍ သူကပေးထားသောကတိကို မတည်ဘဲ တုံ့ပြန်လိုက်လျှင် အရပ်ရှည်သောအဘိုးအို ဆင်ထားသည့် ထောင်ချောက်ထဲသို့ ကိုးဝင်မိကာ ရုန်းနိမ့်ရုံမက အသက်ပင်သေဆုံးသွားနိုင်၏။

သူကနောက်သို့ဆုတ်၍ ရှောင်တိမ်းလိုက်သောအခါ အရပ်ရှည်

သော အဘိုးအို၏ လက်နှစ်ဖက်သည် ရုတ်တရက် ရုန်လက်မခံ
ရှည်ထွက်လာကာ စန့်ကွမ်းချစ်၏ ခြေထောက်ကို ကုတ်ဆွဲလိုက်၏၊

စန့်ကွမ်းချစ်က ဟာကွက်ကိုမတိုက်ခိုက်ဘဲ သူ့ကတိအတိုင်း
ရိုးသားစွာ ရောင်တိမ်းလိုက်သဖြင့် အရပ်ရှည်သော အဘိုးအို၏
ပရိယာယ်မှာ အချည်းအနီး ဖြစ်သွားလေသည်။

ငရဲ့ဂုန်းတစ္ဆေညီနောင်သည် စန့်ကွမ်းချစ်အပေါ် ကျိတ်၍
ချီးကျူးမိ၏။

အကျည်းတန်သောလူ၏ သစ္စာတရားနှင့် ရိုးသားမှုကို
လည်း ယုံကြည်မိ၏။

ထို့ကြောင့် သူက သိုင်းကွက်သုံးကွက်ပြည့်အောင် တိုက်ခိုက်
လိုက်၏။

စန့်ကွမ်းချစ်သည် သူ၏သိုင်းကွက်သုံးကွက်စလုံးကို ရှောင်
တိမ်းလိုက်နိုင်၏။

အရပ်ရှည်သောအဘိုးအိုက တိုက်ခိုက်ရာမှ ရပ်တန့်လိုက်၏၊
စန့်ကွမ်းချစ်က ဦးညွှတ်ကာ...

"ခင်ဗျားနယ်တို့ နယ်ခြားရဲ့သိုင်းပညာက တစ်မျိုးထူးဆန်း
နေပါတယ်၊ ကျုပ်တော့ ချီးကျူးမိတယ်"

အရပ်ရှည်သောအဘိုးအိုသည် စန့်ကွမ်းချစ်၏ ရိုးသားမှုကြောင့်
သနားစိတ်များ ဖြစ်ပေါ်လာ၏။

"ငါက မင်းကို သိုင်းကွက်သုံးကွက်တိုက်ပြီးပြီပဲ၊ အဲဒီတော့
မင်းကလဲ ငါ့ကို သိုင်းကွက်သုံးကွက်တိုက်ပါ၊ ငါလုံးဝ မတုံ့ပြန်
ပါဘူး"

Scanned with ACE Scanner

စန်ကွမ်းချစ်သည် အရပ်ရှည်သောအဘိုးအို၏ ကားကို ကြားရသောအခါ အဘိုးအိုအပေါ် လေးစားလာ၏။

သို့သော်

မိမိတို့ပြည်မ၏ သိုင်းပညာရပ်များကို သူတို့နားလည်သွားစေရန် ပြသမည်ဟု ဆုံးဖြတ်လိုက်၏။

"ကောင်းပါပြီ၊ ကျုပ်က သိုင်းကွက်သုံးကွက်တိုက်ပါ့မယ်၊ အဲဒီသိုင်းကွက်သုံးကွက်က ကျုပ်တို့ပြပည်မရဲ့ ထိပ်တန်းသိုင်းကွက်တွေ ဖြစ်ပါတယ်၊ ဒါကြောင့် သတိထားပါလို့ ကျုပ်ပြောပါရစေ"

သူက ပြောပြီး ပိုင်ရှင်းအား လှည့်ကြည့်လိုက်၏။

ပိုင်ရှင်းက ပြုံးကာ ခေါင်းညိတ်လိုက်၏။

စန်ကွမ်းချစ်သည် စိတ်ဓာတ်တက်ကြွလာ၏။

သူက ရှေ့သို့တိုးလိုက်၏။

"အခု ပထမဆုံးတိုက်မယ့် တိုက်ကွက်က သိုင်းပညာရှင် နဂါးစိမ်းလုံလွှိရဲ့ နဂါးတိမ်မှောက်သိုင်းကွက် ဖြစ်ပါတယ်၊ ကျုပ်က သူ့ရဲ့ပညာကို ဆယ်ချီးကစ်ချီးပဲ ရသေးတယ်၊ အကဲခတ်ကြည့်ပေးစေတော့"

စန်ကွမ်းချစ်သည် ပြောပြီး အတွင်းအားကို ရှစ်ပုံသာ အသုံးပြု၍ လက်ဝါးနှစ်ဖက်ဖြင့် တွန်းထုတ်လိုက်၏။

အရပ်ရှည်သောအဘိုးအိုသည် အတွေ့အကြုံများပြား ပြည့်ဝသည့် သိုင်းပညာရှင်ဖြစ်၏။

စန်ကွမ်းချစ် ဂိုက်ခိုက်လာသည်ကို တွေ့ရသောအခါ မိမိထင်ထားသည်ထက် ပိုမြင့်နေသည်ကို တွေ့လိုက်ရ၏။

သူက လက်ဝါးနှစ်ဖက်ဖြင့် ခံလိုက်၏။

Scanned with ACE Scanner

"ဝုန်း..."

အရပ်ရှည်သောအဘိုးအိုက နောက်သို့ ခြေသုံးလှမ်း ဆုတ်ကာ ခန္ဓာကိုယ် သုံးလေးကြိမ် ယိမ်းယိုင်ပြီးမှ အရှိန်ရပ်တန့်သွား၏။

လုံမေသည် အကျည်းတန်သောလူက မိမိဖခင်၏ နဂါးတိမ်ဖောက်သိုင်းကွက်ကို အသုံးပြုနေသည်ကို တွေ့၍...

"ဒီလူက ကျွန်မအဖေရဲ့သိုင်းပညာကို ကျွန်မအဖေလောက် နီးနီး တတ်ကျွမ်းတယ်"

ရှောင်လင်ကျောင်းထိုင် ပညဲ့ အံ့အားသင့်စွာ ကြည့်နေ၏၊ စန့်ကွမ်းချစ်ထံမှ အသံထွက်လာပြန်၏။

"အခု ကျုပ်သုံးမယ့် ဒုတိယသိုင်းကွက်ကတော့ ကျုပ်တို့ ပြည်မက ထိပ်တန်းသိုင်းပညာရှင် ချူးကျိရဲ့ သိုင်းကွက်ပါ၊ သိုင်းကွက်က နေလဓားသိုင်းပါ၊ ဒါပေမယ့် ကျုပ်က ဓားအစား လက်ဝါးကိုသာ သုံးသွားပါ့မယ်"

အရပ်ရှည်သောအဘိုးအိုက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ၊ မင်းက ပညာကိုမချန်ဘဲ အကုန်သုံးပါ"

ဧည့်ပရိသတ်များသည် နောက်ဘက်တွင် နေရာရသူများက ကြည့်ရသည်ကို အားမရသဖြင့် တဖြည်းဖြည်း အရှေ့သို့ တိုးလာကြ၏။

စန့်ကွမ်းချစ်သည် သိုင်းပညာရှင် ချူးကျိ၏ နေလဓားသိုင်းကို လက်ဝါးအသုံးပြုကာ ငရဲကုန်းတစ္ဆေအား တိုက်ခိုက်လိုက်၏။

အရပ်ရှည်သောအဘိုးအိုသည် စန့်ကွမ်းချစ်၏ တိုက်ကွက်အား ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားကာ ရှောင်တိမ်းလိုက်၏။

စန့်ကွမ်းချစ်သည် သိုင်းကွက်နှစ်ကွက် တိုက်ခိုက်ပြီး ဖြစ်၏၊

သူက တိုက်ခိုက်ရန် သိုင်းကွက်တစ်ကွက်သာ ကျန်တော့၏။

ပုထမသူက ထိုသိုင်းကွက်အား အရာအားလုံးသည် စကြာဝဠာသို့ သိုင်းကွက်ကို သုံးမည်ဟု ရည်ရွယ်ထား၏။

သို့သော်

ငရဲကုန်းတစ္ဆေည်နောင်တို့မှာ နယ်ခြားတွင် နေထိုင်သူများဖြစ်သော်လည်း သစ္စာရှိ၏။

ရိုးသားသည်ကို ကွေ့ရသဖြင့် သူက ထိုသိုင်းကွက်အား မသုံးတော့ပါ။

မတော်တဆ အထိနာမည်ကို စိုးသောကြောင့်ဖြစ်၏။

"ကျုပ်ရဲ့ နောက်ဆုံးသိုင်းကွက်ကတော့ ကျုပ်တို့ပြည်မက အမည်မဖော်လိုတဲ့ သိုင်းလောကက အနားယူသွားတဲ့ သိုင်းပညာရှင် တစ်ယောက်ရဲ့ ခြေထောက်သိုင်းပါပဲ၊ ဒီသိုင်းကွက်က ကျုပ်ရဲ့ ခြေထောက်နှစ်ဖက် လေထဲမှာဝဲပြီး ခင်ဗျားရဲ့ မျက်နှာနဲ့ ရင်ဝကို တိုက်ခိုက်မယ့် ခြေသိုင်းကွက်ပါ၊ သတိထားပါ"

ဝိုင်းကြည့်နေကြသော ဧည့်ပရိသတ်များမှာ မျက်မှောင်ကြုတ်သွား၏။

ဤသို့ သေရေးရှင်ရေးတမျှ အရေးကြီးသော အချိန်တွင် အကျည်းတန်သောလူငယ်က မိမိ၏တိုက်ခိုက်မှုဟန်ကို တစ်ဖက်လူအား အဘယ်ကြောင့် ပြောပြသည်ကို နားမလည်နိုင်ဖြစ်လာ၏။

ယင်းကျွေးကလည်း ဘဝင်မကျဖြစ်လာ၏။

ပိုင်ရှင်က အဓိပ္ပာယ်ရှိစွာ ပြုံးလိုက်၏။

သူမသည် မသိမသာဖြင့် နောက်သို့ တရွေ့ရွေ့ဆုတ်သွားပို့က်၏။

အားလုံးက စန့်ကွမ်းချစ်နှင့် ငရဲကုန်းတစ္ဆေတို့၏ ယှဉ်ပြိုင်နေမှုကိုသာ စိတ်ဝင်တစားကြည့်နေ၍ ပိုင်ရှင်းပျောက်သွားသည်ကို သတိမထားမိပါချေ။

စန့်ကွမ်းချစ်သည် အရုပ်ရှည်သောအဘိုးအိုအား ဦးညွှတ်လိုက်သည်။

"ကဲ...ကျုပ်ရဲ့ တတိယသိုင်းကွက်စပါပြီ"

သူ၏စကားဆုံးသည်နှင့် လေထဲသို့ကုန်တက်ကာ ခြေထောက်နှစ်ဖက်ကို လှုပ်ရှားလိုက်၏။

သို့သော်...

သူက သိုင်းကွက်အနေအထားကို ကြိုတင်ပြောပြထားသဖြင့် အရုပ်ရှည်သောအဘိုးအိုက အသာအယာပင် ရှောင်တိမ်းနိုင်၏။

ကြည့်နေသူအားလုံး စိတ်ပျက်လက်ပျက် ဖြစ်သွားကြလေတော့သည်။

❁ ❁ ❁

ငရဲကုန်းတစ္ဆေညီနောင်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

အရုပ်ပုသောအဘိုးအိုမှာ ယခုအချိန်ထိ စကားတစ်ခွန်းမှ မပြောသေးပါ။

အရုပ်ရှည်သောအဘိုးအိုက လက်ကာပြလိုက်၏။

"ကဲ...တို့ဆက်ပြီးယှဉ်စရာ မလိုတော့ဘူး"

သူက စန့်ကွမ်းချစ်အား ကြည့်ကာ စကားဆက်လိုက်၏။

"ကဲ..., မင်းသွားနိုင်ပြီ၊ ကျုပ်က ပြည်မက သိုင်းသမား အားလုံးကို သတ်ရင်တောင် မင်းကို ချမ်းသာပေးမယ်"

စန့်ကွမ်းချစ်က မျက်မှောင်ကြုတ်သွား၏။

"ခင်ဗျားက ဘယ်လိုပြောလိုက်တာလဲဗျာ၊ ခုနတုန်းကတော့ ရှောင်လင်ကျောင်းရဲ့ရန်ငြိုးရှိတယ်လို့ ပြောတယ်၊ အခုဆော့ ပြည်မက သိုင်းသမားအားလုံးကို သတ်မယ်ဆိုပါလား:"

အရပ်ရှည်သောအဘိုးအိုက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်လေ၊ ကျုပ်တို့က အားလုံးကို သတ်ဖို့ လာတာ"

စန့်ကွမ်းချစ်က ...

"ဘာဖြစ်လို့လဲဗျ"

အရပ်ရှည်သောအဘိုးအိုက ...

"ပြည်မက သိုင်းသမားတွေက သစ္စာမရှိဘူး၊ ကတိမတည်ဘူး၊ ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး လုပ်တတ်ကြတယ်၊ နာမည်ကောင်းခံထားပေမယ့်လဲ မဟုတ်ဘဲတာလုပ်တယ်၊ သူတို့ကိုသတ်လိုက်မှ သိုင်းလောကတစ်ခုလုံး အေးချမ်းသွားလိမ့်မယ်"

စန့်ကွမ်းချစ်သည် ဝိုင်းကြည့်နေသော ဥပရိသတ်များအားကြည့်လိုက်၏။

ဥပရိသတ်များ၏ မျက်နှာများပေါ်တွင် ခံပြင်းသော အရိပ်အယောင်များ ပေါ်လွင်နေ၏။

သို့သော် မည်သူကမျှ စကားတုံ့ပြန် မပြောရဲကြပါ။

ထိုစဉ် အဖြူရောင်အင်္ကျီဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက် ဥဒ္ဒါန်းမထဲသို့ အေးဆေးစွာ လှမ်းဝင်လာသည်ကို တွေ့လိုက်ရ၏။

သူမက စန့်ကွမ်းချစ်ထဲ လျှောက်လာခြင်းဖြစ်၏။

ညည်ပရိသတ်အားလုံး ထိုမိန်းကလေး၏အလှကြောင့် မှင်တက်နေမိကြ၏။

ညည်ခန်းတစ်ခုလုံးတွင် ယင်းထိုက်၊ သေမင်းတမန်တို့ကသာ ထိုမိန်းကလေးကို သိကြ၏။

မကြာခင်ကပင် ထိုမိန်းကလေးအကြောင်းကို သူတို့ကပြောနေကြ၏။

ယခု သူတို့သည် ထိုမိန်းကလေး ရုတ်တရက် ရောက်လာသည်ကို တွေ့ရသောအခါ ကြောက်လန့်တုန်လှုပ်သွားကြ၏။

ထိုမိန်းကလေးမှာ ချိုရှုန်းကုက ရဲ့ဆွေဝါးနှင့် သဘောတူပေးစားချင်နေသော ကြယ်တာရာဂိုဏ်းမှ ပိုင်ရှင်းပင်ဖြစ်၏။

စန့်ကွမ်းချစ်သည် ပိုင်ရှင်းအား ကြောင်အမ်းအမ်းဖြင့် ကြည့်နေမိ၏။

❋ ❋ ❋

Scanned with ACE Scanner

ထူးခြားတဲ့ညည့်သည်

စန့်ကွမ်းချစ်သည် ပိုင်ရှင်းအား ကြောင်ငေးကြည့်နေမိ၏။

ပိုင်ရှင်းသည် မူလ ချောမောလှပသောမျက်နှာကို ပြန်ရထား သည့်အပြင် သစ်လွင်သော အဖြူရောင်ဝတ်စုံကိုလည်း ဝတ်ဆင်ထား၏။

ယခုမှ သူမ၏ပုံစံသည် ကြယ်တာရာဂိုဏ်းမှ ပိုင်ရှင်းအသွင်သို့ ပြန်လည်ရောက်ရှိသွား၏။

ပိုင်ရှင်းသည် စန့်ကွမ်းချစ်ရှေ့သို့ ရောက်သောအခါ ခြေလှမ်း ရပ်တန့်လိုက်၏။

သူမက စန့်ကွမ်းချစ်အား မျက်လုံးပြူး၍ ကြည့်ကာ...

"ရှင်က ဘာဖြစ်လို့ ကျွန်မကို လူလိုလို သရဲလိုလို ကြည့်နေ ရတာလဲ၊ ရှင့်မျက်လုံးကို ဖောက်ပစ်မယ် သတိထား"

စန့်ကွမ်းချစ်သည် ပိုင်ရှင်းက မည်သည့်အကြံအစည်ရှိနေမှန်း မသိသဖြင့် ခေါင်းငုံ့ထားလိုက်၏။

ပိုင်ရှင်းသည် စန့်ကွမ်းချစ်အား ရန်ဖြစ်ပြီးနောက် အရပ်ရှည် သော အဘိုးအို့ရှေ့တွင် ခြေလှမ်းရပ်တန့်ကာ ပြုံးပြလိုက်၏။

Scanned with ACE Scanner

"ရှင်တို့လို အိုကြီးအိုမ အရွယ်တွေက ကိုယ့်ရပ်ကိုယ့်ရွာ မနေကြဘဲ ဘာဖြစ်လို့ပြည်မကို လာကြတာလဲ၊ ပြည်မကိုလာရင်လဲ အေးအေးဆေးဆေး မလာဘဲ ဘာဖြစ်လို့ ပြည်မကသိုင်းသမားတွေကို သတ်ပစ်မယ်လို့ ကြိုးဝါးနေတာလဲ၊ ဘယ်သူသေမယ်ဆိုတာ တွေ့ကြသေးတာပေါ့ရှင်"

အရပ်ရှည်သောအဘိုးအိုက မျက်မှောင်ကြုတ်သွား၏။

"မင်းကိုကြည့်ရတာ ထိုဂ်ဟန်းသိုင်းသမားတစ်ယောက်နဲ့ တူတယ်၊ စကားကို ကြိုးကြိုးကျယ်ကျယ် မပြောပါနဲ့၊ မင်းကို စသတ် ရလိမ့်မယ်"

စန့်ကွမ်းချစ်သည် ပိုင်ရှင်း၏အကြောင်းအား ကောင်းစွာ သိထား၏။

သူမက ယခုကဲ့သို့ ပြောဆိုနေခြင်းမှာ အကြောင်းတစ်စုံတစ်ရာ ရှိရမည်ဟု ယုံကြည်မိ၏။

ထို့ကြောင့် နောက်သို့ခြေသုံးလှမ်းဆုတ်ကာ အခြေအနေကို အကဲခတ်ကြည့်လိုက်၏။

ထိုစဉ် ...

"နေပါဦး မမ"

အော်သံနှင့်အတူ ဦးခန်းမထဲသို့ မိန်းကလေးတစ်ယောက် ပြေးဝင်လာသည်ကို တွေ့လိုက်ရလေတော့သည်။

❋ ❋ ❋

မထင်မှတ်သော ည့ီသည်

ည့ီခန်းမထဲသို့ မိန်းကလေးတစ်ယောက်ဝင်လာ၏။

သူမ၏ ဆံကေသာမှာ မဖြီးသင်သည်မှာ ကြာပြီဖြစ်၍ ရှုပ်ပွနေ၏။

သူမ၏ မျက်နှာမှာ ညစ်ပတ်နေ၏။

သူမ၏ အင်္ကျီမှာ အဖာအထေး အထပ်ထပ်ဖြင့် ညစ်ပတ်နေ၏။

ထိုမိန်းကလေးအား တွေ့လိုက်ရသောအခါ စန့်ကွမ်းချစ်က ဝမ်းသာသွား၏။

ထိုမိန်းကလေးက သူ့အား အရာအားလုံးသည် စကြာဝဠာသို့ သိုင်းကွက်ကို သင်ကြားပေးသည့် ဆရာဖြစ်သူ ဝေ့ဝမ်ဖြစ်၏။

သူက ဝမ်းသာအားရ နှုတ်ဆက်ရန် ပါးစပ်ပြင်ပြီးမှ မိမိမှာ ရုပ်ဖျက်ထားသည်ကို သတိရလာ၏။

ထို့ကြောင့် သူက ဝေ့ဝမ်အား ငေးမြင်သာ ကြည့်နေ၏။

ဂိုဇင်ရှင်း၏ သုန်မှုန်သောမျက်နှာသည် ဝေ့ဝမ်းအား တွေ့လိုက်ရသောအခါ ပြုံးရွှင်သွားလေသည်။

Scanned with ACE Scanner

"ဟေ့ ...ညီမလေးပါလား၊ ညည်းက ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲ"

ပိုင်ရှင်းက ဝေဝမ်းအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်ကို တွေ့ရသောအခါ စန့်ကွမ်းချစ်က အံ့အားသင့်မိ၏။

ဝေဝမ်က သက်ပြင်းတစ်ချက်ချလိုက်၏။

"ညီမက တပည့်တစ်ယောက်ရထားတယ်မမရဲ့၊ ဒါပေမယ့် ဘယ်ကိုရောက်သွားမှန်းမသိလို့ သူ့ကို လိုက်ရှာရင်း ဒီကို ရောက်လာတာပါပဲ"

ပိုင်ရှင်းက ပြုံးလိုက်၏။

"ဟုတ်လား၊ ဒါနဲ့ ညီမလေးရောက်လာတာ မမက အားတက်သွားတာပဲ"

ဝေဝမ်က ...

"ဘာဖြစ်လို့လဲ မမ"

ပိုင်ရှင်းက ငရဲကုန်းတစ္ဆေညီနောင်အား ညွှန်ပြလိုက်၏။

"အဲဒီ အဘိုးကြီးနှစ်ယောက်က ငရဲကုန်းတစ္ဆေညီနောင်တဲ့၊ နယ်ခြားဒေသကလာတာ၊ သူတို့က ပြည်မမှာရှိတဲ့ သိုင်းသမားတွေက မကောင်းလို့ အားလုံးကို သတ်ပစ်မယ်လို့ ပြောနေကြတယ်"

ဝေဝမ်က ပြုံးလိုက်၏။

သူမက ဧည့်ပရိသတ်များအား တစ်ချက်ဝေ့ကြည့်လိုက်၏။

"အဲဒါလဲ ကောင်းတာပဲ၊ သူတို့က ကောင်းတဲ့လူတွေမှ မဟုတ်တာ"

ပိုင်ရှင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ဒါကြောင့် မမက အကြံရထားတယ်"

Scanned with ACE Scanner

ဝေဝမ်က...

"ဘာအကြံလဲ မမ"

ပိုင်ရှင်းက...

"ငရဲကုန်းတစ္ဆေညီနောင်နဲ့ သူတို့ကို ယှဉ်ပြိုင်ခိုင်းမယ်၊ နောက်ဆုံးမှ မမနဲ့ ညီမလေးက ငရဲကုန်းတစ္ဆေညီနောင်ကို ယှဉ်ပြိုင်ကြမယ်၊ ဘယ်နယ်လဲ"

ဝေဝမ်က သဘောကျသွား၏။

"ကောင်းတယ်၊ မမနဲ့ ကျန်မ နှစ်ယောက်ဘည်းပဲ ငရဲကုန်းတစ္ဆေ ညီနောင်ကို နိုင်မှာ သေချာတယ်"

သူတောင်းစားအဘိုးအိုသည် ဝေဝမ်နှင့် ပိုင်ရှင်းတို့ အချီအချ ပြောနေသည်ကို ကြားလိုက်ရသဖြင့် သူက ဤရေရာတွင် ဆက်နေရန် မဖြစ်တော့မှန်း နားလည်လိုက်၏။

ထို့ကြောင့် သူက ထိုင်ရာမှထကာ တဖြည်းဖြည်းနှင့် ဧည့်ခန်းမ ပြတင်းပေါက်ရှိရာသို့ ရွေ့လျားသွား၏။

ထို့နောက် လျှပ်တစ်ပြက် ပြတင်းပေါက်မှခုန်၍ ထွက်ပြေးသွားရန် ဟန်ပြင်လိုက်၏။

❄ ❄ ❄

သူတောင်းစားအဘိုးအို၏ လှုပ်ရှားမှုမှာ အလွန်လျင်မြန်လှ၏။

သို့သော် သူ့ထက်လျင်မြန်သော လူတစ်ယောက်ရှိနေ၏။

ထိုလူကား တစ်ချိန်လုံး တိတ်ဆိတ်၍ နားထောင်နေသော အရပ်ပုသော အဘိုးအိုဖြစ်၏။

ထိုအဘိုးအိုသည် အရပ်ပုသလောက် အလွန်လျင်မြန်လှ၏။

Scanned with ACE Scanner

သူတောင်းစားအဘိုးအိုက ထွက်ပြေးရန်ဟန်ပြင်နေစဉ်မှာပင် သူက ကမန်းကတန်း ပြေးသွားကာ ဟန့်တားလိုက်၏။

"ဒီနေ့ည မင်းတို့ ဘယ်သူမှ့ထွက်ပြေးဖို့ စိတ်မကူးနဲ့"

သူတောင်းစားအဘိုးအိုသည် မလွတ်မှန်းသိသဖြင့် ဦးခန်းမထဲသို့ ပြန်လှည့်ဝင်လာလေသည်။ ဦးပရိသတ်အားလုံးမှာ သူတောင်းစား အဘိုးအို၏ အပြုအမူကို လုံးဝမနှစ်သက်ကဲ့ ဖြစ်ကုန်၏။

ဝေဝမ်က ပြုံးလိုက်၏။

"ကွေ့လား မမ၊ ကျွန်မတို့ ပြည်မ သိုင်းသမားတွေကို နှယ်ခြားက သူစမ်းတွေရှေ့မှာ အရှက်ခွဲလိုက်တာနဲ့ မတူဘူးလား"

ပိုင်ရှင်းကလည်း ပြုံးလိုက်၏။

"ခက်တာပဲကွယ်၊ နာမည်ကြီးလာလေလေ သေရမှာ ကြောက်လေလေ ဖြစ်နေပါလား"

ရှောင်လင်ကျောင်းထိုင်က မျက်မှောင်ကုတ်သွား၏။

"ဒကာကြီးမှာ အရေးကြီးကိစ္စရှိရင်လဲ ဒီကိစ္စပြီးအောင် စောင့်ပါဦး၊ ငရဲကုန်းတစ္ဆေညီနောင်ရဲ့ သိုင်းပညာ ဘယ်လောက် စွမ်းသလဲဆိုတာ စောင့်ကြည့်ကြတာပေါ့၊ အခုဒကာကြီးက ကိုယ့်ကိစ္စနဲ့ကိုယ် ပြန်ချင်ပေမယ့် ငရဲကုန်းတစ္ဆေညီနောင်က သူတို့ကို ကြောက်လို့ ထွက်ပြေးတယ်လို့ အထင်မှားသွားရင် ကျုပ်တို့အားလုံး အရှက်ကွဲကုန်မှာပေါ့ကွယ်"

ရှောင်လင်ကျောင်းထိုင်သည် သူတောင်းစားအဘိုးအို ထွက်ပြေးသည်ကို ဖုံးကွယ်လိုက်၏။

စန့်ကွမ်းချစ်သည် ရှောင်လင်ကျောင်းထိုင်၏ စိတ်နေသဘောထား ပြည့်ဝပုံကို ချီးကျူးမိ၏။

သူတောင်းစားအဘိုးအိုမှာ ခေါင်းပင်မဖော်ဝံ့တော့ပေ။

ည့်ပရိသတ်အားလုံး မျက်နှာပူကာ မနေတတ်မထိုင်တတ် ဖြစ်နေစဉ်မှာပင်...

"ခွပ်...ခွပ်...ခွပ်..."

ဝေဝမ်က လက်ခုပ်တီးကာ ရယ်မောလိုက်၏။

"ဘာပဲပြောပြော ရှောင်လင်ကျောင်းထိုင်က သတ္တိကောင်းတယ်"

ဟု ချီးကျူးသလိုလို ပြောလိုက်၏။

ရှောင်လင်ကျောင်းထိုင်သည် တောင်ဝေးအား ထောက်ကာ ငရဲကုန်းတစ္ဆေညီနောင်ထံ လျှောက်သွားလေတော့သည်။

❄ ❄ ❄

ရှောင်လင်ကျောင်းထိုင်သည် ငရဲကုန်းဟစ္ဆေညီနောင်ရှေ့တွင် ရပ်တန့်လိုက်၏။

သူက လက်ဝါးတစ်ဖက်အား ရင်ဘတ်ရှေ့တွင် ကာကာ...

"ဝေါမိသော်ဖူး"

ရှောင်လင်ကျောင်းထိုင်က...

"ကဲ...ဒကာကြီးက ရှောင်လင်ကျောင်းအတွက် လာတာဆိုရင် ဘယ်သူ့ကိုမှ ရန်မူမနေပါနဲ့၊ အားလုံးကို ကျုပ်က တာဝန်ယူပြီး ဖြေရှင်းပေးပါ့မယ်"

စန့်ကွမ်းချစ်က ကြားဝင်လိုက်၏။

"ကျောင်းထိုင်ဆရာတော်ဘုရား၊ တပည့်တော်လျှောက်တာကို နားထောင်ပါဦးဘုရား"

Scanned with ACE Scanner

ရောင်လင်ကျောင်းထိုင်က သူ့အား ကြည့်လိုက်၏။

"ဒကာလေးက ဘာပြောချင်လို့လဲ"

"တပည့်တော်ကို ပထမဆုံးဝင်ပြီး ယှဉ်ခွင့်ပြုပါ၊ တပည့်တော် ရှုံးမှသာ ဆရာတော်ဝင်သင့်ပါတယ်"

ရောင်လင်ကျောင်းထိုင်က...

"ဟောဒီ ဒကာကြီးနှစ်ယောက်က ရောင်လင်ကျောင်းနဲ့ ပတ်သက်ပြီး ရောက်လာတာပါ၊ ဒါကြောင့် ဒီကိစ္စက ကျုပ်နဲ့သာဆိုလို့ ဒကာလေး ဝင်မစွက်ပါနဲ့"

ဝေဝမ်သည် ပိုင်ရှင်းဘက်သို့လှည့်ကာ ပြောလိုက်၏။

"ကြည့်စမ်းပါဦးမမ၊ အဲဒီလူက ရုပ်ဆိုးပေမယ့် သတ္တိကောင်းတယ်၊ သူက စိတ်ထဲကမပါဘဲ လောကွတ်လုပ်ပြီးပြောရင်ပေး ကျေနပ်စရာကောင်းတယ်"

စန့်ကွမ်းချစ်သည် ဝေဝမ်၏စကားကြားမှ အကြိုရလာ၏။

သူက လက်အုပ်ချီကာ...

"ကျောင်းထိုင်ဆရာတော်ဘုရား၊ ဟိုမှာ ပြောနေတာ ကြားတယ် မဟုတ်လား၊ တပည့်တော်ကို လောကွတ်ချော်တယ်ထင်ရင် ဘယ်ကောင်းပါ့မလဲ၊ တပည့်တော်ကိုပဲ အရင်ယှဉ်ခွင့်ပြုပါဘုရား"

ရောင်လင်ကျောင်းထိုင်က မျက်မှောင်ကြုတ်သွား၏။

"နေပါဦးဒကာလေး၊ ရောင်လင်ကျောင်း ကိစ္စက မင်းနဲ့ ဘာဆိုင်လို့လဲ"

စန့်ကွမ်းချစ်က...

"ဆိုင်ပါတယ်ဘုရား၊ ဟန်ထိုင်ဘုန်းတော်ကြီးနဲ့ ရှီမော့ဘုန်းတော်ကြီး နှစ်ပါးစလုံးက တပည့်တော်အပေါ် ကျေးဇူးရှိခဲ့လို့ပါ"

Scanned with ACE Scanner

ရောင်လင်ကျောင်းထိုင်သည် ဉာဏ်ပညာကြွယ်ဝသောပုဂ္ဂိုလ် ဖြစ်၏။ ဟန်ထိုင်ဘုန်းတော်ကြီးက ကလေးငယ်တစ်ယောက်အား ရောင်လင်ကျောင်းသို့ ခေါ်ဆောင်လာကာ ရှိမော့ ဘုန်းတော်ကြီးက နှစ်ပေါင်းများစွာ ကျွေးမွေးစောင့်ရှောက်သည်ကို သတိရလာ၏။

သူက စန့်ကွမ်းချစ်အား သေသေချာချာကြည့်လိုက်၏။

ထိုအကျည်းတန်သောလူငယ်မှာ ရောင်လင်ကျောင်းမှ ထွက်သွားသည့် လူငယ်နှင့် ရုပ်ချင်းမတူပါ။

သို့သော် ရုပ်ဖျက်ထားခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်သည်ဟု စဉ်းစားမိ၏။

ရောင်လင်ကျောင်းထိုင်က စန့်ကွမ်းချစ်အား စိုက်ကြည့်ကာ...

"ရောင်လင်ကျောင်းရဲ့ စည်းကမ်းက ကျေးဇူးခံ ကျေးဇူးစား မလုပ်ရပါဘူး"

စန့်ကွမ်းချစ်က လက်အုပ်ချီလိုက်၏။

"ထမင်းစားဖဲ့ဘူက စပါးစိုက်ပျိုးတဲ့ လယ်သမားကို မမေ့သင့်ဘူးဆိုတဲ့စကား ရှိပါတယ်၊ တပည့်တော်လုပ်စရာရှိတဲ့ကိစ္စတွေ ပြီးပြတ်ရင် ရောင်လင်ကျောင်းမှာ လယ်လာစိုက်ဖို့ စဉ်းစားထားပါတယ် ဘုရား"

ရောင်လင်ကျောင်းထိုင်သည် ထိုလူငယ်မှာ စန့်ကွမ်းချစ်က ရုပ်ဖျက်ထားခြင်း ဖြစ်မှန်း နားလည်လိုက်၏။

သူက ဆက်ပြောရန် ပါးစပ်ဟလိုက်ရာ စန့်ကွမ်းချစ်က သူ၏ အဖြေကို မစောင့်တော့ဘဲ ငရဲကုန်းတစ္ဆေညီနောင်အား ရင်ဆိုင်လိုက် လေကော့သည်။

❋ ❋ ❋

Scanned with ACE Scanner

တကယ်ယှဉ်ပြိုင်ပြီ

စန့်ကွမ်းချစ်သည် အရပ်ရှည်သောအဘိုးအို၏တွင် ရပ်တန့်ကာ လှက်နှစ်ဖက်ဆုပ်၍ အရိုအသေပေးလိုက်၏။

"မိတ်ဆွေ... ကျုပ်က ပြည်မရဲ့သိုင်းသမားများကိုယ်စားယှဉ်ပြိုင်ပါမယ်"

အရပ်ရှည်သောအဘိုးအိုက မျက်မှောင်ကြုတ်သွား၏။

သူသည် စန့်ကွမ်းချစ်အပေါ် ခင်မင်လေးစားသောစိတ်များဖြစ်ပေါ်ခဲ့၏။

ထို့ကြောင့် စန့်ကွမ်းချစ်နှင့် မယှဉ်ပြိုင်လိုပေ။

ယခု စန့်ကွမ်းချစ်က စိန်ခေါ်လိုက်သဖြင့် သူကဲ့ လက်မခံ၍ မဖြစ်တော့ပါ။

သူက ပြုံး၍ ခေါင်းညိတ်လိုက်၏။

"မင်းက စိန်ခေါ်မှတော့ ကျုပ်က ယှဉ်ပြိုင်ရတော့မှာပေါ့"

စန့်ကွမ်းချစ်က ...

"ဒါဖြင့် ကျုပ်စတင် တိုက်ပါမယ်"

Scanned with ACE Scanner

သူကပြောပြီး လက်ဝါးနှစ်ဖက်ဖြင့် စန့်ကွမ်းချစ်အား တိုက်ခိုက်လိုက်၏။

အရပ်ရှည်သောအဘိုးအိုက ပေါ့ပေါ့တန်တန် သဘောမထားဝံ့ဘဲ သူ၏ ခန္ဓာကိုယ်ကို တစ်ချက်လှုပ်ရှားကာ ရှောင်တိမ်းလိုက်၏။

"ကဲ...သတိထားပေတော့၊ ကျုပ်ရဲ့သိုင်းကွက်လာပြီ"

သူက စန့်ကွမ်းချစ်အား ယင်းသို့ သတိပေးရင်း ကျားဟိန်းသံကဲ့သို့ ဟိန်းကာ ကျားလက်သည်းဟန်ဖြင့် စန့်ကွမ်းချစ်အား တိုက်ခိုက်လိုက်၏။

သူ့လက်ချောင်းထိပ်မှ လက်သည်းများမှာ အလွန်ရှည်လျားပြီး မာကျောချွန်ထက်လှ၏။

စန့်ကွမ်းချစ်က ရင်ထိတ်သွား၏။

သူက ကမန်းကတန်း ရန်ရှောင်ခြေလှမ်း သိုင်းကွက်ဖြင့် ရှောင်တိမ်းလိုက်၏။

အရပ်ရှည်သောအဘိုးအိုသည် စန့်ကွမ်းချစ်က ပြန်လည်တိုက်ခိုက်ခြင်းမပြုဘဲ မိမိတိုက်ခိုက်သည်ကိုသာ ရှောင်တိမ်းနေသည်ကိုသာ တွေ့ရသဖြင့် အံ့သြသွား၏။

သူက ယင်းသို့စဉ်းစားနေစဉ်မှာပင် စန့်ကွမ်းချစ်သည် နဂါးစိမ်း လုံလွှိ၏ နဂါးတိမ်ဖောက်သိုင်းကွက်ကို အသုံးပြုလိုက်၏။

အရပ်ရှည်သောအဘိုးအိုက မဲ့ပြုံးပြုံးလိုက်၏။

သူက စန့်ကွမ်းချစ် တိုက်ခိုက်သည်ကို တွေ့ရသောအခါ ရှောင်တိမ်းခြင်းမပြုဘဲ သူ၏လက်နှစ်ဖက်သည် ရုတ်တရက် ရှစ်လက်မခန့် ရှည်ထွက်လာကာ စန့်ကွမ်းချစ်၏ ရင်ဝသို့ လှမ်း၍ကုတ်လိုက်၏။

Scanned with ACE Scanner

ရှောင်လင်ကျောင်းထိုင်က ရင်ထိတ်သွား၏။

ပိုင်ရှင်းကလည်း စိုးရိမ်သွား၏။

ဝေဝမ်ကလည်း မျက်နှောင်ကြိုတ်ကာ ကြည့်နေ၏။

စန့်ကွမ်းချစ်သည် အရပ်ရှည်သောအဘိုးအို၏ လက်နှစ်ဖက် ရှည်ထွက်လာလိမ့်မည်ဟု မမျှော်လင့်ထားပါ။

ထူးကြောင့် ကမန်းကတန်း နောက်ဆုတ်လိုက်၏။

သို့သော်...

"ဘုန်း..."

အရပ်ရှည်သောအဘိုးအို၏ လက်သည်းများသည် စန့်ကွမ်းချစ်၏ အင်္ကျီအား ဆွဲဖြဲမိသွား၏။

စန့်ကွမ်းချစ်က ထိတ်လန့်တုန်လှုပ်သွား၏။

ထိုစဉ် အရပ်ရှည်သောအဘိုးအိုက ဒုတိယအကြိမ် တိုက်ခိုက်လာ၏။

စန့်ကွမ်းချစ်သည် ရန်ရှောင်ခြေလှမ်းသိုင်းကွက်ဖြင့် ကမန်းကတန်း ရှောင်တိမ်းလိုက်ရပြန်၏။

စန့်ကွမ်းချစ်သည် အရပ်ရှည်သောအဘိုးအိုနှင့် သိုင်းကွက်သုံးကွက်မျှ ယှဉ်မိသောအခါ အရေးနိမ့်လာ၏။

သူက သိုင်းကွက်ကိုပြောင်းလိုက်၏။

သူက ရန်ရှောင်ခြေလှမ်းသိုင်းကွက်ဖြင့် ရှောင်တိမ်းရင်း တစ်ချက်တစ်ချက် အလစ်ဝင်တိုက်ခိုက်သဖြင့် အရပ်ရှည်သောအဘိုးအိုက အနိုင်မရဘဲ ဖြစ်နေ၏။

ဤပရိသတ်များသည် စန့်ကွမ်းချစ်က စွန့်စွန့်စားစား တိုက်ခိုက်သည်ကို တွေ့ရသောအခါ ကိုယ့်ကိုကိုယ်ရှက်မိ၏။

ထိုစဉ်မှာပင် စန့်ကွမ်းချစ်နှင့် အရပ်ရှည်သောအဘိုးအိုမှာ သိုင်းကွက်(၁၀)ကွက်မျှ ယှဉ်ပြိုင်ခဲ့ပြီးဖြစ်၏။

သို့သော်

သူတို့နှစ်ယောက်သည် မည်သူကမျှ အသာမရဘဲ ဖြစ်နေ၏။

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် ဆက်လက်၍ သဲသဲမဲမဲ တိုက်ခိုက်နေကြ၏။

သူတို့၏ တိုက်ပွဲမှာလည်း တစ်စတစ်စ ပြင်းထန်လာ၏။

ရှောင်လင်ကျောင်းထိုင်သည် စန့်ကွမ်းချစ်နှင့် အရပ်ရှည်သော အဘိုးအို၏ တိုက်ခိုက်မှုကိုကြည့်ကာ စိတ်မကောင်းဖြစ်လာ၏။

ဤအတိုင်းဆက်တိုက်သွားပါက နှစ်ယောက်စလုံး ထိခိုက် ဒဏ်ရာရသွားမည်ဟု ခန့်မှန်းမိ၏။

သူက လက်အုပ်ချီလိုက်၏။

"ဒကာလေး...ရန်ရန်ချင်း လက်တုံ့ပြန်နေရင် ဆုံးနိုင်မှာ မဟုတ်တော့ဘူး၊ ဒါကြောင့် ရန်ပွဲကို ရပ်လိုက်တာ ကောင်းမယ်"

စန့်ကွမ်းချစ်သည် ရှောင်လင်ကျောင်းထိုင်၏ စကားကို ကြား လိုက်ရသောအခါ သဘောပေါက်နားလည်လာ၏။

ထိုစဉ် အရပ်ရှည်သောအဘိုးအို၏တိုက်ကွက်မှာ ပို၍ ပြင်း ထန်လာ၏။

အဘိုးအို၏သိုင်းပညာမှာ မိမိထက်သာလွန်နေမှန်း တွေ့ လိုက်ရသဖြင့် စန့်ကွမ်းချစ်က သိုင်းကွက်ပြောင်းလိုက်ရ၏။

အရာအားလုံးသည်စကြာဝဠာသို့ သိုင်းကွက်ကို အသုံးပြု လိုက်လေ၏။

ဝေဝမ်သည် အေးအေးဆေးဆေး ကြည့်ရှုနေရာမှ အကျည်း

တန်ဆောလူငယ်က မိမိ၏သိုင်းကွက်ကို အသုံးပြုနေသည်ကို တွေ့ရ သဖြင့် မျက်လုံးပြူးသွား၏။

စိတ်ထဲတွင်လည်း သံသယဝင်လာ၏။

"ဒီသိုင်းကွက်ကို ငါက စန့်ကွမ်းချစ် တစ်ယောက်တည်းကိုပဲ သင်ပေးတာပါ၊ ဘယ်လိုလုပ်ပြီး ဒီလူက တတ်နေပါလိမ့်"

ပိုင်ရှင်းကလည်း အံ့သြသွား၏။

ထိုအချိန်မှာပင် ...

"ဝုန်း ... ဝုန်း ..."

ဟူသော အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

စန့်ကွမ်းချစ်နှင့် အရပ်ရှည်သောအဘိုးအိုမှာ နောက်သို့ ခြေသုံးလှမ်းစီ ဆုတ်သွားကြ၏။

နှစ်ယောက်စလုံး ဒဏ်ရာပြင်းထန်စွာ ရသွားသည်ကို တွေ့လိုက်ရ၏။

စန့်ကွမ်းချစ်သည် ဝမ်းဗိုက်ထဲတွင် အော်ဂလီဆန်သလို ခံစားရကာ ဦးခေါင်းများ မူးဝေလာ၏။

သူကလဲမကျသွားစေရန် အံကြိတ်၍ တောင့်ခံနေ၏။

သို့သော်

ရင်ထဲမှ ဆူပွက်နေသော သွေးများကို မထိန်းနိုင်ဘဲ အန်ထုတ်လိုက်၏။

"ဝေါ့ ..."

အရပ်ရှည်သောအဘိုးအိုမှာလည်း တစ်ကိုယ်လုံး နာကျင်သွား၏။

သူ၏ခြေလက်များ ရုတ်ခြည်းအားနည်းသလို ခံစားလိုက်ရ၏၊

သူသည် ရွှေယိုင်လဲကျမသွားစေရန် စိတ်ကိုတင်းကာ အံကြိတ်၍ တောင့်ခံလိုက်၏။

သူသည် စန့်ကွမ်းချစ်အား အံ့အားသင့်စွာ ကြည့်လိုက်၏။

စန့်ကွမ်းချစ်က မချိပြုံးပြုံးကာ သူ့အား ကြည့်နေ၏။

ထိုအချိန်မှာပင် ...

အရပ်ပုသောအဘိုးအိုသည် စကားတစ်ခွန်းမျှမပြောဘဲ အရပ်ရှည်သောအဘိုးအိုအား တွဲကာ ညှော့ခန်းမထဲမှ ထွက်ခွာသွားလေတော့သည်။

❋ ❋ ❋

Scanned with ACE Scanner

တပည့်လိုချင်သူ

"ဟင်း..."

ည့်ပရိသတ်များထဲမှ သက်ပြင်းချသံများ ထွက်ပေါ်လာ၏။

ငရဲကုန်းတစ္ဆေညီနောင် ထွက်သွားသည်ကို တွေ့ရသဖြင့်

သူတို့၏အသက်များ ချမ်းသာရာရသည်ကို စိတ်သက်သာသွားကြ၏။

သူတို့သည် လေပူများမှုတ်ထုတ်ကာ ကိုယ့်နေရာကိုယ် ပြန်

ထိုင်ကြ၏။

ရှောင်လင်ကျောင်းထိုင်သည် တောင်ဝှေးအား နံဘေးမှ ကိုင်

လေး လက်ထဲသို့ ထည့်ပေးကာ စန့်ကွမ်းချစ်ထံသို့ လျှောက်လာ၏။

သူက စန့်ကွမ်းချစ်အား ဖေးမလိုက်၏။

ကိုရင်လေးတစ်ပါးကို ကုလားထိုင်ယူကာ စန့်ကွမ်းချစ်အား

ထိုင်စေ၏။

ရှောင်လင်ကျောင်းထိုင်က စန့်ကွမ်းချစ်အား ကြင်နာစွာ ကြည့်

ကာ...

"ကဲ...ဒကာလေး၊ မင်းရထားတဲ့ဒဏ်ရာက နည်းတာ မဟုတ်

ဘူး၊ ကျုပ်မှာပါလာတဲ့ ဆေးကို သောက်ထားလိုက်ပါ"

Scanned with ACE Scanner

ချိုရှန်းက ကမန်းကတန်း လျှောက်လာ၏။

သူက ရေတစ်ခွက်ပါ အသင့်ကိုင်ဆောင်လာ၏။

"ဒီသူငယ်ကို ကျေးဇူးတင်လို့မဆုံးပါဘူး၊ သူသာ မရှိရင် ချိုကျားဟောတစ်ခုလုံး သွေးချောင်းစီးတော့မှာပါ"

ရှောင်လင်ကျောင်းထိုင်သည် စန့်ကွမ်းချစ်အား ဆေးလုံးသုံးလုံးကို ရေဖြင့် တိုက်ကျွေးလိုက်၏။

ချိုရှန်းကက ...

"ကျောင်းထိုင်ဆရာတော် ...ဒီသူငယ်ရဲ့ ဒဏ်ရာကတော်တော် ပြင်းတယ်၊ ကုသဖို့ ဖြစ်နိုင်ပါ့မလား"

ထိုစဉ် ဝေဝမ်က အနားသို့လျှောက်လာကာ ...

"အားလုံးဖယ်ပါ၊ သူ့ကို ကျွန်မ တာဝန်ယူပြီး ကုပါ့မယ်"

ချိုရှန်းကက မျက်မှောင်ကုတ်သွားကာ ...

"မင်းက ဘယ်သူလဲ၊ ဒီသူငယ်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

ဝေဝမ်က ပြုံးလိုက်၏။

"သူက ကျွန်မရဲ့တပည့်ဖြစ်လာမယ့်သူပါ၊ ဒါကြောင့် ကျွန်မက ကုသခွင့် ရှိပါတယ်"

လုံမေသည် အကျည်းတန်သော လူငယ်အပေါ် ကြင်နာစိတ်များ ဖြစ်လာသဖြင့် အနီးသို့ လျှောက်သွား၏။

သူမ ဝေဝမ်အားကြည့်ကာ ...

"သူက ရှင့်တပည့်လား"

ဝေဝမ်က ခေါင်းခါယမ်းလိုက်၏။

"အခုတော့ မဟုတ်သေးပါဘူး"

သူမက သက်ပြင်းတစ်ချက်ချကာ စကားဆက်လိုက်၏။

"အရင်တုန်းက ကျွန်မမှာ တပည့်တစ်ယောက်ရှိပါတယ်၊ သူ့နာမည်က စန့်ကွမ်းချစ်ပါ၊ အခု သူက ဘယ်ရောက်နေမှန်း မသိဘူး"

လုံမေက အံ့အားသင့်သွား၏။

ဝေဝမ်က စကားဆက်လိုက်၏။

"ကျွန်မတပည့်က ဆရာကိုပစ်သွားတဲ့အတွက် ကျွန်မက သူ့ကို တပည့်အဖြစ် ခေါ်သွားမှာပါ"

လုံမေသည် ဝေဝမ်အား မျှော်လင့်ချက်ကြီးစွာဖြင့် ကြည့်လိုက်၏။

"ဒါနဲ့ စန့်ကွမ်းချစ် ဘယ်သွားသလဲဆိုတာ သိသလားရှင့်"

ဝေဝမ် ခေါင်းခါယမ်းလိုက်၏။

"သူ့အကြောင်းကို မမေးပါနဲ့တော့၊ သူက မိန်းကလေးတစ်ယောက်နောက်ကို လိုက်ရင်း ဘယ်ရောက်သွားမှန်း မသိပါဘူး"

ဝေဝမ်က ပြောပြီး စန့်ကွမ်းချစ်၏လက်ကိုဆွဲကာ...

"ပြောစမ်း...မင်းနာမည် ဘယ်သူလဲ"

စန့်ကွမ်းချစ်က ခေါင်းခါယမ်းလိုက်၏။

"ခင်ဗျားရဲ့ စေတနာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျုပ်မှာ ဆရာတစ်ယောက်ရှိပြီးလို့ နောက်ထပ် ဘယ်သူ့ကိုမှ ဆရာမတင်နိုင်တော့ပါဘူး"

ဝေဝမ်က ဒေါသခြောင်းခြောင်း ထွက်လာ၏။

"မင်းတော်တော် အသုံးမချတဲ့လူပဲ၊ ငါ့ကို ဆရာတော်ရင် မင်းရဲ့သိုင်းပညာက အခုထက် အများကြီးသာမှာ"

ပိုင်ရှင်းက ပြုံးပြလိုက်၏။

Scanned with ACE Scanner

"ညီမလေး...သူက ဆိုရာရှိပြီးသားဆိုတော့ အတင်း ခေါ်မနေပါနဲ့"

ဝဲဝမ် စိတ်ပျက်စွာဖြင့် စန့်ကွမ်းချစ်၏လက်ကို လွှတ်လိုက်၏။

ရှောင်လင်ကျောင်းထိုင်က စန့်ကွမ်းချစ်အား ပြုံးကြည့်လိုက်၏။

"မင်း သက်သာရဲ့လား"

စန့်ကွမ်းချစ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့...တော်တော် သက်သာသွားပါပြီ"

အဲကျည်းတန်ဘောလူငယ်က သက်သာလာသည်ကို မြော်ရသဖြင့် လုံမေသည် မိမိနေရာသို့ ပြန်လည်လျှောက်သွားလိုက်၏။

စန့်ကွမ်းချစ်သည် ထိုင်ရာမှထကာ လုံမေထံသို့ လျှောက်သွားလိုက်၏။

လုံမေက သူ့အား လှည့်ကြည့်လိုက်၏။

စန့်ကွမ်းချစ်က သူ့အား ပြုံးပြလိုက်၏။

"ညီမလေးရဲ့အဖေဆီမှာ အတွင်းဒဏ်ရာရရင် သောက်တဲ့ဆေးလုံး ရှိပါတယ်၊ အဲဒီဆေးလုံးရှိရင် တစ်လုံးလောက်ပေးပါဗျာ"

လုံမေက ခေါင်းခါယမ်းလိုက်၏။

"ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မဆီမှာ ပါမလာလို့ပါ"

လုံမေသည် စန့်ကွမ်းချစ်အား မျက်တောင်မခတ်ကြည့်ကာ...

"ဒါနဲ့ ရှင်က သိုင်းလောကထဲမှာ စန့်ကွမ်းချစ်ဆိုတဲ့ အစ်ကိုတစ်ယောက်ကို တွေ့လား"

သူမ၏စကားကြောင့် စန့်ကွမ်းချစ်၏ ရင်ထဲတွင် လှုပ်ရှားသွား၏။

Scanned with ACE Scanner

သူက ခေါင်းညိတ်လိုက်၏။

"သူနဲ့ ကျုပ်က အတော်ရင်းနှီးတဲ့ မိတ်ဆွေတွေပါ"

လုံမေ၏ မျက်နှာတွင် ဝမ်းသာသည့် အရိပ်အယောင်များ ပေါ်လွင်လာ၏။

"သူ့ကို ရှင်တွေ့လား"

စန့်ကွမ်းချစ်က ပြုံးပြလိုက်၏။

"အခုတလော မတွေ့ဘူး"

လုံမေက...

"ခုနတုန်းက ကျွန်မ လက်လွန်သွားတာ ခွင့်လွှတ်ပါရှင်"

စန့်ကွမ်းချစ်က ခေါင်းခါယမ်းလိုက်၏။

"ရပါတယ်ဗျာ၊ ကိစ္စမရှိပါဘူး"

ထိုအခြေအနေအား အကဲခတ်ကြည့်နေသော ဗျိုင်းဖြူဘွားဘွားမှာ မခံမရပ်နိုင် ဖြင်လာ၏။

သူမသည် ထိုင်ရာမှထကာ စန့်ကွမ်းချစ်ထံ လျှောက်သွား၏။

"ဒီမှာငါတို့...မင်းဘာဖြစ်နေတာလဲ၊ ကိုယ့်အသည်းနှလုံးထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ဘာကြောင့် ထုတ်ဖော်မပြောရတာလဲ"

စန့်ကွမ်းချစ်က ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

သူက ဗျိုင်းဖြူဘွားဘွားအား မျက်လုံးပြူး၍ကြည့်ကာ...

"ကျုပ်က ဘာပြောစရာမှ မရှိပါဘူး"

ဗျိုင်းဖြူဘွားဘွားက မဲ့ပြုံးပြုံးလိုက်၏။

"ကိုယ်ချစ်နေတဲ့လူကို ထုတ်ဖော်မပြရင် တစ်နေ့ မင်း ကောင်းကောင်း နောင်တရမယ်"

စန့်ကွမ်းချစ်သည် မည်သို့ပြောရမှန်းမသိဘဲ အခက်ကြုံနေ၏။

Scanned with ACE Scanner

လုံမေသည် အဘွားအိုပြောနေသော စကားကို အဓိပ္ပာယ် ရှိမှိုင်သည်ဟု နားလည်သော်လည်း မစဉ်းစားတတ်အောင် ဖြစ်နေ၏။

ဗျိုင်းဖြူဘွားဘွားက စန့်ကွမ်းချစ်အား ကြည့်လိုက်၏။

"မင်းရင်ထဲမှာ ဘာတွေရှိတယ်၊ ဘယ်လို ခံစားနေရတယ် ဆိုတာ ငါသိတယ်၊ မင်းသူ့ကို ဖွင့်ပြောလိုက်ပါ"

ထိုစဉ် လူတစ်ယောက် သူ့ထံသို့ လျှောက်လာသည်ကို တွေ့လိုက်ရ၏။

ထိုလူအား တွေ့မြင်လိုက်ရသောအခါ ဗျိုင်းဖြူဘွားဘွားသည် မောက်သို့ ခြေလှမ်းသုံးလှမ်းခန့် ဆုတ်သွား၏။

သူမ၏ မျက်နှာတစ်ခုလုံးမှာ ကြောက်ရွံ့ခြင်း၊ ဒေါသဖြစ်ခြင်း စသော အရိပ်အယောင်များ ဖြစ်ပေါ်လာ၏။

ရောက်ရှိလာသူအား ကြည့်လိုက်သောအခါ ယင်းကျားရဲတိုက် သခင် ယင်းကျူချီ ဖြစ်သည်ကို တွေ့လိုက်ရ၏။

ယင်းကျူချီသည် ဗျိုင်းဖြူဘွားဘွားအား အော်ငေါက်လိုက်၏။

"မင်းပါးစပ်ပိတ်ပြီး နောက်ဆုတ်သွားစမ်း"

အံ့သြစရာ ကောင်းလှ၏။

ဗျိုင်းဖြူဘွားဘွားသည် မည်သူ့ကိုမျှ မကြောက်ရွံ့ဘဲ ယင်းကျူချီးကို တွေ့မြင်တော့မှ အဘယ်ကြောင့်မှန်းမသိ ကြောက်ရွံ့သွား၏။

စန့်ကွမ်းချစ်က မျက်မှောင်ကုတ်သွား၏။

ယင်းကျူချီသည် လူအများကြည်ညိုလေးစားသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်၏။

ယခု ဗျိုင်းဖြူဘွားဘွားအလောင် အနိုင်ကျင့်သည်ကို တွေးမရဘဲ ဖြစ်နေမိ၏။

ဗျိုင်းဖြူဘွားဘွားသည် စကားတစ်ခွန်းမျှပြောတော့ဘဲ နောက်သို့ ဆုတ်သွား၏။

ယင်းကျူးချီသည် စန့်ကွမ်းချစ်အား ပြုံးဖြလိုက်၏။

"ကဲ... မင်းမှာလဲ ဒဏ်ရာရထားတယ်၊ အဲဒီတော့ ဒီမှာပဲ တစ်ရက်နှစ်ရက် အနားယူပါ၊ ဆေးဝါးကုသပေးဖို့ ကျုပ် တာဝန်ယူပါတယ်"

စန့်ကွမ်းချစ်သည် ပိုင်ရှင်းအား ကြည့်လိုက်၏။

ပိုင်ရှင်းက ပြုံးကာ မသိမသာ ခေါင်းညိတ်ပြသည်ကို တွေ့ရ၏။

ထို့ကြောင့် သူက အသာအယာ ပြုံးကာ ခေါင်းညိတ်လိုက်၏။

"ကျေးဇူးတင်ပါတယ်ဗျာ"

ယင်းကျူးချီက သူ့အားတွဲကာ ခေါ်သွား၏။

လုံမေ ဟန့်တားလိုက်၏။

"နေပါဦးရှင့်"

စန့်ကွမ်းချစ်က ခြေလှမ်းရပ်တန့်လိုက်၏။

သူက လုံမေအား ကြည့်လိုက်၏။

လုံမေက...

"ရှင်လာတုန်းက ရှင့်မှာ အစ်မတစ်ယောက် ပါလာတယ် မဟုတ်လား"

စန့်ကွမ်းချစ်က ကြောင်အံ့အံ့ ဖြစ်သွား၏။

သူက ပိုင်ရှင်းအားကြည့်လိုက်၏။

ဝိုင်ရှင်းက မျက်နှာလွဲနေသည်ကို တွေ့လိုက်ရသဖြင့် သူ နားမလည်နိုင်အောင် ဖြစ်မိ၏။

လုံမေက ယင်းသို့ပြောမှပင် ဧည့်ပရိသတ်များသည် အလွန် အကျည်းတန်သော မိန်းကလေး ရုတ်တရက် ပျောက်ကွယ်နေသည် ကို သတိထားမိ၏။

ယင်းကျူချိုက စန့်ကွမ်းချစ်အား ပြုံးပြလိုက်၏။

"ဟုတ်သားပဲ၊ မင်းအစ်မ ဘယ်ရောက်သွားတာလဲ"

စန့်ကွမ်းချစ်က ...

"ကျုပ်တို့ ဒီကပြန်ရင် ကိစ္စတစ်ခု လုပ်စရာရှိသေးတယ်၊ မမဟေ အရင်ပြန်ပြီး အဲဒီကိစ္စကို သွားလုပ်နေပြီထင်တယ်"

သူက လိမ်ပြောလိုက်၏။

ပိုင်ရှင်း၏ မျက်နှာတွင် ပြုံးရိပ်သန်းလာ၏။

လုံမေက မေါင်းညိတ်ကာ စကားဆက်မပြောတော့ပါ။

စန့်ကွမ်းချစ်သည် ယင်းကျူချိုခေါ်ဆောင်ရာ နောက်သို့ လိုက်ပါသွားလေတော့သည်။

❋ ❋ ❋

Scanned with ACE Scanner

မင်္ဂလာကိစ္စ

နောက်တစ်နေ့နံနက်။

စန့်ကွမ်းချစ်၏ဒဏ်ရာသည် သက်သာလာပြီဖြစ်၏။

သူကအခန်းထဲမှ လှမ်းထွက်လိုက်သောအခါ ရှောင်လင်ကျောင်းမှ ဘုန်းတော်ကြီးများ စောင့်ကြပ်နေသည်ကို တွေ့လိုက်ရ၏။

ထိုစဉ် ရှောင်လင်ကျောင်းထိုင် ရောက်ရှိလာ၏။

"ဒကာလေး ဒဏ်ရာသက်သာသွားပြီလား"

သူက ကြင်နာသနားစွာ မေးလိုက်၏။

စန့်ကွမ်းချစ်က လက်အုပ်ချီလိုက်၏။

"ဟုတ်ကဲ့...တပည့်တော် အတော်သက်သာလာပါပြီ၊ အခုလို စောင့်ရှောက်ပေးတာ ကျေးဇူးတင်ပါတယ်ဘုရား"

ရှောင်လင်ကျောင်းထိုင်က ခေါင်းညိတ်လိုက်၏။

"ဒကာလေးဒဏ်ရာ သက်သာသွားပြီဆိုရင် ကျုပ်က ရှောင်လင်ကျောင်းကို ပြန်လိုက်ပါဦးမယ်"

သူတို့စကားပြောနေစဉ် ယင်းကျူချီ ရောက်လာ၏။

Scanned with ACE Scanner

သူသည် စန့်ကွမ်းချစ် ကောင်းစွာသက်သာနေသည်ကို တွေ့ရ သဖြင့် ...

"မင်းအခုလို သက်သာတာကို တွေ့ရလို့ ဦးက ဝမ်းသာပါ တယ်ကွာ"

စန့်ကွမ်းချစ်က ခေါင်းညိတ်လိုက်၏။

"အခုလို စောင့်ရောက်တာ ကျေးဇူးတင်ပါတယ်"

ရှောင်လင်ကျောင်းထိုင်က ယင်းကျူချီဘက်လှည့်ကာ ...

"ဒါနဲ့ ဒကာကြီးက ဒီမှာနေခဲ့မှာလား"

ယင်းကျူချီက ပြုံးလိုက်၏။

"မနေတော့ပါဘူး၊ တပည့်တော်ရဲ့သားအတွက် မင်္ဂလာကိစ္စ ဆောင်ရွက်စရာရှိနေလို့ ဒီနေ့ပဲပြန်တော့မှာပါ ဘုရား"

ထိုစဉ် အခန်းထဲသို့ ချီရှန်းကူ ဝင်လာ၏။

သူက စန့်ကွမ်းချစ်လက်ထဲသို့ စာတစ်စောင်ထည့်ပေးလိုက်၏။

"ကြယ်ရာဇာဂိုဏ်းက မိန်းကလေးက မင်းကို ဒီစာပေး လိုက်ပါလို့ မှာသွားတယ်"

စန့်ကွမ်းချစ်က မျက်မှောင်ကုတ်သွား၏။

"သူကပြန်သွားပြီလား ခင်ဗျာ"

ချီရှန်းကူက ခေါင်းညိတ်လိုက်၏။

"သူက မိန်းကလေးတစ်ယောက်နဲ့အတူ မနေ့ကပဲ ပြန်သွား ပါပြီ"

စန့်ကွမ်းချစ်က မျက်မှောင်ကုတ်သွား၏။

ပိုင်ရှင်းက ဝေဝမ်နှင့်အတူ ပြန်သွားခြင်းလော။

"သူတို့က ဘယ်ကိုသွားမယ်လို့ ပြောသွားလား ခင်ဗျာ"

ချိုရှုန်းကူက...

"ဘာမှ ပြောမသွားပါဘူး"

စန့်ကွမ်းချစ်သည် စာအား ဖောက်ဖတ်လိုက်၏။

စာပေါ်တွင်

"ရှင့်ရန်သူလို့ ယူဆရတဲ့ တစ်ယောက်တော့ တွေ့ခဲ့တယ်၊ ဒါပေမယ့် သိပ်မသေချာဘူး၊ သူ့အကြောင်း သေသေချာချာ စုံစမ်းပြီးရင် ရှင့်ကိုပြောပြပါ့မယ်၊ အစစအရာရာ သတိထား နေပါ၊ ဘယ်သူ့ကိုမှ အလွန်အကျွံ မယုံပါနဲ့၊ အရေးကြီးရင် ကျွန်မလာခဲ့မယ်"

ဝိုင်ရွှင်း

ဟု ရေးသားထား၏။

စန့်ကွမ်းချစ်သည် ထိုစာအား ဖတ်လိုက်ရသောအခါ ရင်ထဲတွင် ဖော်မပြနိုင်အောင် ခံစားလိုက်ရ၏။

ယင်းကျူချီက သူ့အား ကြည့်လိုက်၏။

"ငါ့တူတစ်ယောက်တည်းဖြစ်နေရင် ကျုပ်နောက်လိုက်ခဲ့ပါလား"

စန့်ကွမ်းချစ်က တွေဝေသွား၏။

ယင်းကျူချီသည် ယင်းထိုက်နှင့် လုံမေအား လက်ထပ်ပေးရန် မဂ်လာကိစ္စ စီစဉ်မည်ဖြစ်၏။

မိမိကလိုက်သွားလျှင် စိတ်ဆင်းရဲရမည်ကို နားလည်၏။

သို့သော်

သူက လုံမေ၏သဘောထားကို သိလိုသဖြင့် ယင်းကျူချီနှင့်

အတူ ယင်းကျားရဲတိုက်သို့ လိုက်သွားရန် သဘောတူလိုက်လေသည်။

❁ ❁ ❁

ယင်းကျူးချီတို့လူစုသည် ချိုကျားဂေဟာမှ နှုတ်ဆက်ကာ ထွက်ခွာလာကြ၏။

ယင်းထိုက်သည် ဖခင်ဖြစ်သူက အကျည်းတန်သောယူဇယ်ကို ခေါ်ဆောင်လာသည်ကို ထွေ့ရသဖြင့် မကျေမနပ် ဖြစ်သွား၏၊ သူက ဖခင်အား အကြံပြုလိုက်၏။

"ဖေဖေ...ကျွန်တော်နဲ့ လုံမေက အရင်ပြန်နှင့်ကြမယ်၊ ဖေဖေနဲ့ ဒီမိတ်ဆွေ သပ်သပ်ပြန်ကြရင် မကောင်းဘူးလား"

ယင်းကျူးချီက မျက်မှောင်ကုတ်သွား၏။

"ဘာဖြစ်လို့လဲ"

ယင်းထိုက်က လုံမေအား တစ်ချက်ကြည့်ကာ...

"ကျွန်တော်နဲ့ လုံမေနဲ့ နည်းနည်းပါးပါး တိုင်ပင်စရာ ရှိနေလို့ပါ"

ယင်းကျူးချီက ရယ်မောလိုက်၏။

"ကောင်းပြီ၊ မင်းတို့သွားနှင့်ကြပါ၊ ငါနဲ့ဒီက..."

သူက ပြောရင်း စန့်ကွမ်းချစ်အား စိုက်ကြည့်လိုက်၏။

"ဒါနဲ့ မင်းနာမည်တောင် မသိရသေးဘူး"

စန့်ကွမ်းချစ်က...

"ကျွန်တော်တို့မောင်နှမက ရုပ်ဆိုးလွန်းလို့ အားလုံးက လွမောင်နှမလို့ပဲ ခေါ်ကြတယ်"

Scanned with ACE Scanner

ယင်းကျူးချိုက...

"ဒါပေမယ့် နာမည်တော့ ရှိရမှာပေါ့"

စန့်ကွမ်းချစ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့...ကျွန်တော်ကို အားလုံးက လွှဲလို့ပဲ ခေါ်ကြတော့ နာမည်တောင် မေ့နေပါပြီ"

ယင်းကျူးချိုက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

သူက ယင်းထိုက်ဘက် လှည့်ကာ...

"ကဲ...သားတို့က ရဲတိုက်ကိုအရင်ပြန်ကြပါ၊ ဖေဖေနဲ့ ဦးလေး က မိတ်ဆွေက အေးအေးဆေးဆေး လိုက်လာခဲ့ပါ့မယ်"

ယင်းတိုက်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ဖေဖေ"

သူက လုံမေအား လှည့်ကြည့်ကာ ပြုံးပြလိုက်၏။

"ကဲ...ညီမလေး သွားကြစို့"

လုံမေသည် စန့်ကွမ်းချစ်အား တစ်ချက်ကြည့်ကာ ယင်းထိုက် ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားလေသည်။

ယင်းကျူးချိုက စန့်ကွမ်းချစ်အား ပြုံးပြလိုက်၏။

"ကဲ...မိတ်ဆွေ၊ တို့နှစ်ယောက် အေးအေးဆေးဆေး သွားကြ တာပေါ့"

သူတို့က စကားတပြောပြောနှင့် လျှောက်လာကြလေသည်။

❁ ❁ ❁

ရာသီဥတုမှာ အလွန်သာယာလှပနေ၏။

သို့သော်
စန့်ကွမ်းချစ် စိတ်ထဲတွင် မကြည်မလင် ဖြစ်နေ၏။
သူက ချိုကျားဟေဟာသို့ ရောက်ရှိလာသည်မှာ မိဘသတ်သော ရန်သူအား တွေ့လို၍ဖြစ်၏။
ယခုမူ ရန်သူ မည်သူမည်ဝါမှန်း သူက မသိလိုက်ပါ။
တစ်ဖန် သူက ယင်းကျားတိုက်သို့ လိုက်ပါသွားခြင်းမှာ မိမိချစ်သော လုံမေနှင့်အတူ သွားလို၍ဖြစ်၏။
ယခုမူ ယင်းထိုက်က လုံမေအား ခေါ်ကာ သီးခြားခွဲထွက်သွားသဖြင့် သူက ယင်းကျားရဲတိုက်သို့ သွားရန် စိတ်ဆန္ဒလုံးဝ မရှိတော့ပါ။
ထို့ကြောင့် သူက ခြေလှမ်းရပ်တန့်လိုက်၏။
ယင်းကျူးချီသည် စန့်ကွမ်းချစ် ခြေလှမ်းရပ်တန့်သွားသည်ကို တွေ့ရသဖြင့် လှည့်ကြည့်လိုက်၏။
"ဘာဖြစ်လို့လဲကွ"
စန့်ကွမ်းချစ်က...
"ကျွန်တော် အခုမှ မမကို သတိရတယ်၊ သူက ကျွန်တော့်ကို ရှာမတွေ့ရင် ဘယ်ကိုသွားမှန်းမသိဘဲ စိတ်ပူနေပါဦးမယ်"
ယင်းကျူးချီက မျက်မှောင်ကုတ်သွား၏။
"ဒါလဲ ဟုတ်သားပဲ"
စန့်ကွမ်းချစ်က ဦးညွှတ်လိုက်၏။
"အားနာပါတယ်ဗျာ၊ ယင်းကျားရဲတိုက်ကို နောက်မှ ကြွရင် ဝင်လာခဲ့ပါမယ်၊ ခုတော့ မမနောက်ကို လိုက်သွားလိုက်ပါဦးမယ်"
ယင်းကျူးချီက...

Scanned with ACE Scanner

"ကောင်းပြီလေ၊ နောက်ကို လမ်းကြုံရင် ယင်းကျား‌ရဲတို့ကိုကို လာခဲ့ပါ၊ ကျုပ် သား‌ရဲ့ မင်္ဂလာပွဲကိုလဲ ဆက်ဆက်ရောက်အောင် လာခဲ့ပါ"

စန့်ကွမ်းချစ်က ခေါင်းညိတ်လိုက်၏။

"စိတ်ချပါ၊ ကျွန်တော် ရောက်အောင် လာခဲ့ပါ့မယ်"

သူတို့နှစ်ယောက်သည် တိုနေရာမှ လမ်းခွဲထွက်ခွာသွားကြလေတော့သည်။

❁ ❁ ❁

Scanned with ACE Scanner

ရုပ်ဆိုးတဲ့ဘဝ

စန့်ကွမ်းချစ်သည် ခြေဦးတည့်ရာသို့ ထွက်ခွာလာခဲ့လေသည်။

သူက မည်သည့်နေရာသို့ သွားရမှန်းမသိ၍ ခြေဦးတည့်ရာ လျှောက်သွားနေခြင်းဖြစ်၏။

ဤသို့ဖြင့် သူသည် ဆိပ်ကမ်းတစ်ခုသို့ ရောက်လာ၏။

သူသည် မိမိရုပ်ဖျက်ထားသည်ကို ဖျောက်သင့်ပြီဟု သတိရလာ၏။

ထို့ကြောင့် ပိုင်ရှင်းပေးခဲ့သည့် ဆေးလုံးအား နှိုက်ယူလိုက်၏။

သူကဆေးလုံးကို လက်ဝါးပေါ်တင်ကာ သောက်ရေ လိုက်ရှာလိုက်၏။

သို့သော်

ထိုနေရာတွင် သောက်ရေရှာမရဘဲ ဖြစ်နေ၏။

အနီးတွင် ဆိပ်ကမ်းဌာ လှေတစ်စင်း ဆိုက်ကပ်ထားသည်ကို တွေ့ရ၏။

လှေပေါ်၌ လူရှိလျှင် သောက်ရေရရှိမည်ဟု ယုံကြည်၏။

ထို့ကြောင့် လှေယဉ်ရှိရာသို့ လျှောက်သွား၏။

Scanned with ACE Scanner

လေပေါတွင် အဘိုးအိုတစ်ယောက် ထိုင်နေ၏။

"အဘ...ကျွန်တော့်ကို ရေတစ်ခွက်လောက် တိုက်ပါဗျာ"

စန့်ကွမ်းချစ်က ကမ်းပေါ်မှ တောင်းလိုက်၏။

အဘိုးအိုက လေငယ်ပေါ်မှ ရေအိုးကို ညွှန်ပြလိုက်၏။

"လေပေါတက်ပြီး သောက်ပါကွယ်"

စန့်ကွမ်းချစ်က လေပေါ်သို့ တက်သွား၏။

သူက ရေအိုးအဖုံးအား ဖွင့်ပြီး ရေခပ်လိုက်စဉ် လေတစ်ချက် ခပ်ကြမ်းကြမ်း တိုက်ခတ်လိုက်သဖြင့် လှေက ယိမ်းယိုင်သွား၏။

သူ၏ကိုယ်ခန္ဓာသည် လှေနှင့်အတူ ယိမ်းယိုင်သွားသဖြင့် လက်ထဲမှ ဆေးလုံးသည် ရေထဲသို့ ကျသွား၏။

စန့်ကွမ်းချစ်သည် ရေခွက်ကိုကိုင်ကာ ငိုင်သွား၏။

"ဒုက္ခပဲ၊ ဒီဆေးလုံးမရှိရင် ငါ တစ်သက်လုံး ဒီလိုရုပ်ဆိုးတဲ့ ဘဝနဲ့ နေသွားရတော့မယ်"

အဘိုးအိုက စန့်ကွမ်းချစ်က ရေခွက်ကိုင်ကာ ငေးငိုင်နေသည်ကို တွေ့ရသဖြင့်...

"သူငယ်...မင်း ရေသောက်မယ်ဆို ဘာလုပ်နေတာလဲ"

စန့်ကွမ်းချစ်က သက်ပြင်းချလိုက်၏။

သူက ရေခွက်အား ပြန်ထားလိုက်၏။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော် ရေသောက်စရာ မလိုတော့ပါဘူး"

သူက ဦးညွှတ်ကာ လှေပေါ်မှ ပြန်ဆင်းလာ၏။

❁ ❁ ❁

မေတ္တာစစ် မေတ္တာမှန်

စန့်ကွမ်းချစ်သည် ဝမ်းနည်းပက်လက်ဖြစ်နေ၏။

မိမိမှာ စန့်ကွမ်းချစ်ဖြစ်မှန်း လုံမေသိအောင် မည်သို့ပြောရမည်နည်း။

သူက စိတ်ပျက်စွာဖြင့် ခြေဦးတည့်ရာ လျှောက်သွားလိုက်လေသည်။

မွန်းလွဲချိန်ရောက်သောအခါ သူက မြို့လေးတစ်မြို့သို့ ရောက်ရှိလာ၏။

သူက တည်းခိုခန်း တစ်ခုတွင် ဝင်ရောက်စားသောက်ကာ အခန်းငှား၍ အနားယူလိုက်၏။

သို့သော် သူက အိပ်၍မရ။

အတွေးများ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်လာ၏။

မည်မျှကြာသွားမှန်းမသိ။

ရုတ်တရက် အပြင်ဘက်မှ စကားပြောသံကို ကြားလိုက်ရ၏။

ထိုအသံကိုကြားလိုက်ရသောအခါ စန့်ကွမ်းချစ်ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွား၏။

Scanned with ACE Scanner

ထိုအသံအား သူက ကြားဖူးသောကြောင့် ဖြစ်၏။

သူကပြတင်းပေါက်ဟကာ အပြင်ဘက်သို့ကြည့်လိုက်ရာ ပြတင်းပေါက်အပြင်ဘက်၌ ပန်းများစိုက်ပျိုးထားသော ဥယျာဉ်ငယ် တစ်ခုရှိ၏။

လရောင်အောက်တွင် ဥယျာဉ်၏ ခုံတန်းများပေါ်တွင် လူငယ် တစ်ယောက်နှင့် မိန်းကလေးတစ်ယောက် ထိုင်စကားပြောနေသည် ကို တွေ့လိုက်ရ၏။

စန့်ကွမ်းချစ်၏ ရင်ထဲတွင် တထိတ်ထိတ် ခံစားနေရ၏။

အကြောင်းမှာ ထိုခုံတွဲသည် ယင်းထိုက်နှင့် လုံမေ ဖြစ်သည် ကို တွေ့လိုက်ရ၏။

စန့်ကွမ်းချစ်သည် သူတို့ပြောနေသော စကားများကို နားစွင့် လိုက်၏။

ရှေးဦးစွာ လုံမေက ပြစ်တင်ပြောဆိုနေသည်ကို ကြားလိုက် ရ၏။

"အစ်ကိုက ရဲတိုက်ကို ပြန်ပို့မယ်ဆိုပြီး ဘာဖြစ်လို့ ဒီကို ခေါ်လာရတာလဲ"

ယင်းထိုက်က ရယ်မောလိုက်၏။

"ညြော်...ညီမလေးရယ်၊ အစ်ကိုက ညီမလေးနဲ့ လွတ်လွတ် လပ်လပ် သွားချင်လို့ပါ"

လုံမေက ...

"သူစိမ်း ယောကျ်ားလေး တစ်ယောက်နဲ့ မိန်းကလေးတစ် ယောက် အခုလို သွားလာနေတာ မသင့်တော်ပါဘူး"

ယင်းထိုက် ရယ်မောလိုက်၏။

Scanned with ACE Scanner

"သြော်...ညီမလေးကလဲ၊ တို့က မကြာခင် လက်ထပ်ကြတော့မှာပဲ၊ ဘယ်သူက ပြောမှာလဲကွယ်"

လုံမေက ...

"လက်ထပ်မယ့် ကိစ္စကလဲ ရှင့်အဖေ တစ်ဖက်သတ် ဆုံးဖြတ်ပြီး ပြောတဲ့ စကားပါ၊ ကျွန်မရဲ့ဆုံးဖြတ်ချက် မပေးရသေးပါဘူး"

ယင်းထိုက်က မျက်မှောင်ကုတ်သွား၏။

"ဒါဖြင့် မင်းက သဘောမတူဘူးလား"

လုံမေက ...

"ဒီကိစ္စကို ကျွန်မ မစဉ်းစားချင်ဘူး၊ ကျွန်မအဖေ ဆုံးတာမှ မကြာသေးဘူး၊ လက်ထပ်မယ့်ကိစ္စကို မပြောသင့်ဘူးလို့ ထင်ပါတယ်"

သူမက ယင်းထိုက်အားကြည့်ကာ စကားဆက်လိုက်၏။

"ကျွန်မ ချိုကျားဂေဟာကို လိုက်လာဖာလဲ ဦးလေးယင်းကျူချိုကို ဖွင့်ပြောမလို့ပါ၊ ဟိုရောက်တော့ ကိစ္စတွေ ရှုပ်ထွေးနေတာနဲ့ မပြောဖြစ်တာပါ"

ယင်းထိုက်က ဒေါသတကြီး ထရပ်လိုက်၏။

"ငါက ယင်းကျားရဲတိုက်ရဲ့ တစ်ဦးတည်းသောသားပါ၊ မင်းအနေနဲ့ ငါ့ကို သဘောမကျစရာ မရှိပါဘူး"

လုံမေက သက်ပြင်းတစ်ချက်ချလိုက်၏။

"အိမ်ထောင်တစ်ခုပြုမယ်ဆိုရင် စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန် လုပ်တာ ပိုကောင်းပါတယ်"

ယင်းထိုက်က မဲ့ပြုံးပြုံးလိုက်၏။

Scanned with ACE Scanner

"မင်းအကြောင်း ငါသိပါတယ်ကွာ၊ မင်းက စန့်ကွမ်းချစ်ဆိုတဲ့လူကိုမှ မေတ္တာရှိနေတယ် မဟုတ်လား"

လုံမေက မတ်တပ်ထရပ်လိုက်၏။

"အစ်ကို စကားပြောတာ ဆင်ခြင်ပါ၊ ကျွန်မသိက္ခာကို မစော်ကားပါနဲ့"

ယင်းထိုက်က နှာခေါင်းရှဲ့ကာ ...

"ဒါဖြင့် မင်းက လူပုံအလယ်မှာ စန့်ကွမ်းချစ်အကြောင်းကို ဘာကြောင့် အရှက်မရှိ လျှောက်မေးနေရတာလဲ"

လုံမေသည် တဆတ်ဆတ်တုန်သည်အထိ ဒေါသထွက်လာ၏။

"ရှင်စကားကို ကြည့်ပြောပါ၊ စန့်ကွမ်းချစ်က ကျွန်မကို ကယ်ခဲ့တဲ့ ကျေးဇူးရှင်ပါ၊ ကျွန်မအဖေရဲ့အလောင်းကို မြေကျအောင် သင်္ဂြိုဟ်ပေးတဲ့ ကျေးဇူးရှိတယ်၊ ဒါကြောင့် မေးနေရတာပါ"

စန့်ကွမ်းချစ်သည် နားထောင်ရင်း လုံမေမှာ ကျေးဇူးတရား သိတတ်သူဖြစ်ကြောင်း သိလိုက်၏။

ယင်းထိုက်သည် လျှမ်းလျှမ်းတောက် ကျော်ကြားသော ပုဂ္ဂိုလ်တစ်ယောက်၏သား ဖြစ်သော်လည်း စိတ်ထား ယုတ်ညံ့သည်ကို တွေ့ရ၏။

သူက ယင်းကဲ့သို့ တွေးနေစဉ်မှာပင် အေးစိမ့်သော ရယ်သံတစ်ခု ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"ဟား...ဟား...ဟား..."

❋ ❋ ❋

အေးစိမ့်သော ရယ်သံသည် တိတ်ဆိတ်သောဝန်းကျင်တွင် ကြောက်လန့်စရာ ပေါ်ထွက်လာ၏

ရယ်မောသံနှင့်အတူ တောင်ဝှေးပေါ်ဒေါက်ဒေါက် ထောက်ကာ အဘွားအိုတစ်ယောက် ဥယျာဉ်ထဲသို့ လှမ်းဝင်လာသည်ကို တွေ့လိုက်ရ၏။

စန့်ကွမ်းချစ်က ရင်ထိတ်သွား၏။

ထိုအဘွားအိုမှာ မြွေဟောက်ဘွားဘွားဖြစ်၏။

မြွေဟောက်ဘွားဘွားသည် ရယ်မောရာမှ ရပ်တန့်လိုက်၏။

သူမသည် လုံမေအား စိုက်ကြည့်လိုက်၏။

"ကဲ...ပထမအကြိမ်ကတော့ မင်းကို စန့်ကွမ်းချစ်ဆိုတဲ့ လူငယ်က ကယ်တင်နိုင်ခဲ့တယ်၊ အခု မင်းကို ဘယ်သူက ကာကွယ်ပေးနိုင်မှာလဲ"

ယင်းထိုက်က မြွေဟောက်ဘွားဘွားနှင့် မျက်နှာချင်းဆိုင်ကာ ရပ်လိုက်၏။

"သူက ကျုပ်ရဲ့ ဇနီးလောင်းပါ၊ ခင်ဗျား မထိရင်ကောင်းမယ်"

မြွေဟောက်ဘွားဘွားက အေးတအေးစက် ရယ်မောလိုက်၏။

"ဒါဆို မင်းကို အရင်သတ်ရမှာပေါ့"

သူမက ပြောပြီး ယင်းထိုက်အား စတင်တိုက်ခိုက်လိုက်လေသည်။

"ဝုန်း..."

ယင်းထိုက်၏ခန္ဓာကိုယ် နောက်သို့ လွင့်စင်သွား၏။

လုံမေက ကမန်းကတန်း သွားရောက်ဖေးမလိုက်၏။

"အစ်ကိုကြီး ဘာဖြစ်သွားသေးလဲရှင့်"

Scanned with ACE Scanner

ယင်းထိုက်၏ မျက်နှာတစ်ခုလုံး ကြောက်ရွံ့သော အမူအရာများ ပေါ်လွင်လာ၏။

မြွေဟောက်ဘွားဘွားက သူ့ထံသို့ တစ်လှမ်းချင်း လျှောက်လာကာ...

"မင်းအသက်မသေချင်ရင် ဒီနေရာက အမြန်ဆုံး ထွက်သွားပါ"

ယင်းထိုက်သည် လူးလဲထကာ ချာခနဲလှည့်၍ ပြေးထွက်သွားလေသည်။

❄ ❄ ❄

ယင်းမြင့်ကွင်းအားကြည့်နေသော စန့်ကွမ်းချစ်မှာ ခေါသ ခြောင်းခြောင်းထွက်လာ၏။

လုံမေမှာလည်း ယင်းထိုက်က မိမိအားစွန့်ပစ်သည်ကို တွေ့ရသဖြင့် အံ့သြစိတ်ပျက်သွား၏။

မြွေဟောက်ဘွားဘွားက ရယ်မောကာ...

"ကဲ...မိန်းကလေး၊ ဒီနေ့ညတော့ မင်းအဖေနောက် လိုက်သွား နိုင်အောင် ကျုပ်ကူညီပါ့မယ်"

လုံမေက အံတင်းတင်း ကြိတ်လိုက်၏။

"ကျွန်မအဖေကိုသတ်တဲ့လူကို ကျွန်မ လက်စားချေရမယ်"

သူမက ပြောရင်း မြွေဟောက်ဘွားဘွားအား တိုက်နိုက်ရန် ပြေးသွား၏။

စန့်ကွမ်းချစ်က ရင်ထိတ်သွား၏။

"ညီမလေး မလုပ်နဲ့"

သုကပြောရင်း ပြတင်းပေါက်မှ ခုန်ဆင်းကာ မြွေဟောက်ဘွားဘွားနှင့် လုံမေတို့ကြားထဲသို့ ပြေးဝင်သွားလေသည်။

❁ ❁ ❁

မြွေဟောက်ဘွားဘွားသည် သူ့မထံပြေးဝင်လာသော လုံမေအား ဆီးကြိုတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ရုတ်တရက် သူတို့နှစ်ယောက်ကြားထဲသို့ အကျည်းတန်သော လူငယ်တစ်ယောက် ပြေးဝင်လာသည်ကို တွေ့ရသဖြင့် အံ့အားသင့်သွား၏။

စန့်ကွမ်းချစ်သည် လုံမေအား အချိန်မီဟန့်တားလိုက်နိုင်၏။

"ညီမလေး နောက်ဆုတ်ပါ"

လုံမေသည် အကျည်းတန်သော လူငယ်အား တွေ့မြင်လိုက်ရသဖြင့် အံ့အားသင့်သွား၏။

"ရှင် လာပြန်ပြီလား"

စန့်ကွမ်းချစ်က ...

"ညီမလေး ...မင်းသူ့ကိုယ့်ဥစ္စာရင် ဒုက္ခရောက်သွားမှာပေါ့"

လုံမေက သူ့အားစိုက်ကြည့်ကာ ...

"ရှင်က ကျွန်မကိစ္စကို ဘာကိစ္စ ဝင်နောင့်ယှက်ရတာလဲ"

စန့်ကွမ်းချစ်၏ ရင်ထဲတွင် လှိုက်လှိုက်လဲ့လဲ့ ခံစားလိုက်ရလေသည်။

လုံမေက သူ့အားတွန်းကာ ...

"ကျွန်မကိစ္စကို ဝင်မပါပါနဲ့"

စန့်ကွမ်းချစ်က နောက်သို့ဆုတ်သွားရ၏။

Scanned with ACE Scanner

မြွေဟောက်ဘွားဘွားက ရယ်မောလိုက်၏။

"ဒီမှာ ရုပ်ဆိုးတဲ့သူငယ်၊ သေရမယ့်လူကို ဘယ်သူကမှ ဝင် မကယ်နိုင်ဘူး"

သူမက ပြောပြီး လုံမေ၏ရင်ဝသို့ တွန်းထုတ်လိုက်၏။

လုံမေက ထိတ်လန့်တုန်လှုပ်သွား၏။

သူက နောက်သို့ ကမန်းကတန်း ဆုတ်သွားရ၏။

အမှန်တကယ်တွင် မြွေဟောက်ဘွားဘွား၏ လက်ဝါးမှာ ဟန် ပြသာဖြစ်၏။

လုံမေကရှောင်တိမ်းလိုက်တော့မှ သူမ၏ခေါင်းပေါ်သို့ ထောင် ဝေးနှင့် မိုးကာ ရိုက်ချလိုက်၏။

လုံမေသည် မည်သို့မျှမတတ်နိုင်တော့ပါ။

သူမသည် မိမိသေရမည်ဟု ယုံကြည်ကာ မျက်လုံးစုံမှိတ်ထား လိုက်၏။

ထိုစဉ် စန့်ကွမ်းချစ်က ပြေးဝင်လာကာ တောင်ဝှေးအား ဖမ်းဆွဲလိုက်၏။

လုံမေသည် တောင်ဝှေးခေါင်းပေါ်မကျသဖြင့် မျက်လုံးဖွင့် ကြည့်လိုက်ရာ အကျည်းတန်သောလူငယ်က မိမိအား ကယ်တင် လိုက်သည်ကို တွေ့ရ၏။

သူမသည် စန့်ကွမ်းချစ်အား ကြောင်ငေးကာ ကြည့်လိုက် လေသည်။

မြွေဟောက်ဘွားဘွားသည် အကျည်းတန်သောလူငယ်က မိမိ၏တောင်ဝှေးကို ဆွဲထားနိုင်သည်ကို တွေ့ရသဖြင့် အံ့သြသွား၏။

Scanned with ACE Scanner

ထိုလူငယ်မှာ စန့်ကွမ်းချစ်က ရုပ်ဖျက်ထားသည်ကို သူမက မသိဘဲ ...

"အို ... အခုတစ်လော သိုင်းလောကမှာ အတော်ကြောက်စရာကောင်းတဲ့ လူငယ်တွေ ပေါ်လာပါလား"

စန့်ကွမ်းချစ်က ဦးညွှတ်လိုက်၏။

"ဘွားဘွား...ကိုယ့်မြေးအရွယ် မိန်းကလေးတစ်ယောက်ကို ဒီလိုလုပ်ဖို့တော့ မကောင်းပါဘူး"

မြွေဟောက်ဘွားဘွားက မျက်မှောင်ကုတ်ကာ...

"သူ့အဖေနဲ့ ငါက မဟာရန်သူကွယ်၊ ရန်သူဆိုတာ ကျူပင်ခုတ် ကျူငုတ်မကျန်မှ ဖြစ်မယ်လေ"

စန့်ကွမ်းချစ်က...

"သူ့အဖေက ခင်ဗျားလက်ချက်ကြောင့် သေဆုံးသွားပြီပဲ၊ ခင်ဗျားက သူ့ကိုပါသတ်မယ်ဆိုတာတော့ မတရားဘူး ထင်ပါတယ်"

မြွေဟောက်ဘွားဘွားက ...

"ဒီကိစ္စက မင်းနဲ့မဆိုင်ဘူး၊ မင်း ဖယ်ပေးရင်ကောင်းမယ်"

စန့်ကွမ်းချစ်က ရင်ကော့လိုက်၏။

"ခင်ဗျားက သူ့ကိုသတ်ရမှ ဖြစ်မယ်ဆိုရင်တော့ ကျူပ်ကို အရင်သတ်လိုက်ပါ"

မြွေဟောက်ဘွားဘွားက မျက်မှောင်ကုတ်သွား၏။

"မင်းက သူ့ကိုဘာကြောင့် ဒီလောက်ကာကွယ်ပေးနေရတာလဲ"

စန့်ကွမ်းချစ်က...

Scanned with ACE Scanner

"သူ့အဖေက ကျုပ်အပေါ်ကျေးဇူးရှိပါတယ်၊ ဒါကြောင့် သူ့ကို ယင်းကျားရဲတိုက်ရောက်အောင် ပို့ပေးဖို့ တာဝန်ရှိပါတယ်"

မြွေဟောက်ဘွားဘွားက အနည်းငယ်စဉ်းစားကာ...

"မင်းက သူ့ကို ယင်းကျားရဲတိုက်ရောက်အောင်ပို့ပေးပြီးရင် တာဝန်ကျေပြီပေါ့"

စန့်ကွမ်းချစ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

မြွေဟောက်ဘွားဘွားက ...

"ကောင်းပြီလေ၊ မင်းက သူ့ကို ယင်းကျားရဲတိုက်ရောက်အောင် ပို့ပေးပြီးရင် ဝင်မရွှပ်ရဘူး"

စန့်ကွမ်းချစ်က ခေါင်းညိတ်လိုက်၏။

"ကျုပ် ကတိပေးပါတယ်"

မြွေဟောက်ဘွားဘွား၏သည် လုံမေအား လှည့်ကြည့်ကာ...

"ဒီသူငယ်ရဲ့ မျက်နှာကိုထောက်ပြီး ညည်းကို အခု လွှတ်လိုက်မယ်၊ ဟိုရောက်ရင် ညည်းကောင်းကောင်းစားထားပါ၊ တစ်နေ့ ညည်းဆီ ကျုပ်ရောက်အောင် လာခဲ့မယ်"

သူမက ပြောပြီး ဥယျာဉ်ထဲမှ တွက်ခွာသွားလေတော့သည်။

❄ ❄ ❄

မြွေဟောက်ဘွားဘွား ထွက်ခွာသွားပြီးနောက် ဝန်းကျင်တစ်ခုလုံး ပြန်လည်တိတ်ဆိတ်သွား၏။

စန့်ကွမ်းချစ်က သက်ပြင်းချလိုက်၏။

"ခင်ဗျားအဖော် ဘယ်ရောက်သွားလဲ"

လုံမေက နှုတ်ခမ်းစူလိုက်၏။

"သူ့အကြောင်း မပြောပါနဲ့ရှင်"

စန့်ကွမ်းချစ်က ပါးစပ်ပိတ်ထားလိုက်၏။

လုံမေက သူ့အားစိုက်ကြည့်ကာ...

"ရှင့်ကို တစ်ခုမေးပါရစေ"

"မေးပါ"

လုံမေက...

"ရှင်နဲ့ကျွန်မ သိကျွမ်းကြတာ မဟုတ်ဘူး၊ ဘာဖြစ်လို့ ကျွန်မကို အကြိမ်ကြိမ် ကူညီရတာလဲ"

စန့်ကွမ်းချစ်က မည်သို့အဖြေပေးရမှန်းမသိဘဲ ကြောင်အဲ့အဲ့ဖြစ်နေ၏။

လုံမေက စကားဆက်လိုက်၏။

"ကျွန်မ သူများကျေးဇူးအတင် မခံနိုင်ဘူး၊ နောက်ဆို့ကျွန်မကိစ္စကို ဝင်မစွက်ပါနဲ့"

စန့်ကွမ်းချစ်က ကြောင်အဲ့အဲ့ ဖြစ်သွား၏။

သူက လိမ်ပြောလိုက်၏။

"ဒီလိုပါ၊ ညီမလေးရဲ့အဖေက ကျုပ်အပေါ်မှာ ကျေးဇူးရှိလို့ ကျုပ်က တုံ့ပြန်ကူညီတာပါ"

လုံမေက...

"ထားပါတော့လေ၊ အခုရှင်လဲ ကျေးဇူးဆပ်ပြီးပြီပဲ၊ သွားလိုရာသွားပါတော့"

စန့်ကွမ်းချစ်က...

Scanned with ACE Scanner

"ယင်းကျားရဲတိုက်သခင်က ကျုပ်ကို တာဝန်ပေးထားပါတယ်၊ ညီမလေးကို သူ့ဆီအရောက် ပို့ပေးရဦးမှာပါ"

လုံမေက ခေါင်းခါယမ်းလိုက်၏။

"ယင်းကျားရဲတိုက်ကို ရှင်လိုက်ပို့စရာ မလိုပါဘူး၊ ကျွန်မ ကိုယ့်ဘာသာ သွားတတ်ပါတယ်"

သူမက ပြောပြီး ချာခနဲ လှည့်ထွက်သွား၏။

စန့်ကွမ်းချစ်က ကမန်းကတန်း ထလိုက်သွား၏။

လုံမေက သူ့အားလှည့်ကြည့်ကာ...

"ရှင်ဘာဖြစ်လို့ လိုက်လာတာလဲ"

စန့်ကွမ်းချစ်က...

"ကျုပ်လိုက်ပို့ပါရစေ၊ နောက်ဆိုရင် တမလွန်က နဂါးစိမ်း လုံလွှိက ကတိမတည်ဘူးဆိုပြီး အပြစ်တင်မှာ စိုးလို့ပါ"

လုံမေက...

"ရှင်လိမ်ပြောမနေပါနဲ့၊ ကျွန်မက ငယ်ငယ်ကတည်းက အဖ သွားရာနောက် တကောက်ကောက်လိုက်နေတာပါ၊ ရှင့်ကို လုံးဝ မမြင်ဖူးဘူး"

စန့်ကွမ်းချစ်က ပါးစပ်ပိတ်ကာ ခေါင်းငုံ့ထားလိုက်၏။

လုံမေက သက်ပြင်းတစ်ချက်ချလိုက်၏။

"ရှင့်ကိုကြည့်ရတာ စိတ်ကောင်းနှလုံးကောင်းရှိပုံပေါ်တယ်၊ ကျွန်မကို လိုက်ပို့ရင် ကျွန်မစကားကို နားထောင်ရလိမ့်မယ်"

စန့်ကွမ်းချစ်က ဝမ်းသာသွား၏။

"ပြောပါ၊ ကျုပ်က ဘာကို နားထောင်ရမှာလဲ"

လုံမေက...

Scanned with ACE Scanner

"ပထမအချက်က ရှင်က ကျွန်မနဲ့ ဝါးတစ်ရိုက်အကွာကနေပဲ လိုက်ရမယ်"

စန့်ကွမ်းချစ်က ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီ"

လုံမေက ...

"ဒုတိယအချက်ကတော့ လမ်းမှာ ပြောသင့်ပြောထိုက်တာက လွဲလို့ မစပ်စုရဘူး"

စန့်ကွမ်းချစ်က ...

"ကောင်းပါပြီ၊ မစပ်စုပါဘူး"

လုံမေက ...

"တတိယအချက်ကတော့ ဟိုရောက်သွားရင် ကျွန်မအတွက် လူတစ်ယောက် စုံစမ်းပေးရမယ်"

စန့်ကွမ်းချစ်ရင်ထဲတွင် တစ်ချက်လှုပ်ရှားသွား၏။

"ဘယ်သူမျှားပါလဲမှ"

လုံမေက ...

"ရှင်နဲ့ အတော်ရင်းနှီးတယ်ဆိုတဲ့ စန့်ကွမ်းချစ်ပါပဲ"

စန့်ကွမ်းချစ်၏ ရင်ထဲတွင် လှိုက်လှိုက်လဲ့လဲ့ ခံစားလိုက်ရ၏။

သူက ထခုန်မိမတတ်လည်း ဝမ်းသာသွား၏။

လုံမေက သူ့အားကြည့်လိုက်၏။

"ရှင် ဘာဖြစ်သွားတာလဲ"

စန့်ကွမ်းချစ်သည် မိမိက အပျော်လွန်သွားသည်ကို သတိရမိ၏။

"သြော်...ညီမလေးက သူ့ကိုစုံစမ်းပြီး ဘာလုပ်မလို့လဲ"

လုံမေက သူ့အား မျက်မှောင်ကုတ်၍ ကြည့်လိုက်၏။

"ရှင့်ကို မစပ်စုရဘူးလို့ ပြောတာ မလိုက်နာဘူးလား"

သူက ကမန်းကတန်း လက်ကာပြလိုက်၏။

"သူကမေးရင် ကျုပ်ဘယ်လိုပြောရမလဲလို့ပါ၊ စပ်စုတာ မဟုတ်ပါဘူး"

လုံမေက အနည်းငယ်စဉ်းစားလိုက်၏။

"သူ့ကိုတွေ့ရင် ပြောလိုက်ပါ၊ ကျွန်မ အခုထိ ကျေးဇူးကို မမေ့ပါဘူးလို့၊ နောက်ပြီး ကျွန်မပေးထားတဲ့ ဆံထိုးကိုလဲ အမှတ်တရ သိမ်းထားပါလို့" –

စန့်ကွမ်းချစ်သည် အိတ်ထဲမှ ဆံထိုးအား အမှတ်မထင် စမ်းလိုက်မိ၏။

လုံမေက...

"ကဲ...ရှင် ကျွန်မပြောတဲ့ အချက်သုံးချက်ကို လိုက်နာနိုင်ပါ့မလား"

စန့်ကွမ်းချစ်က...

"အချက်သုံးချက်ထဲမှာ ကျုပ်ပြင်ချင်တဲ့အချက် တစ်ချက်ရှိပါတယ်"

လုံမေက မျက်မှောင်ကုတ်သွား၏။

"ဘယ်အချက်လဲပြောပါ"

စန့်ကွမ်းချစ်က...

"ကျုပ်က လမ်းခရီးမှာ လိုအပ်လို့မေးလာရင် ညီမလေးက စည်းကမ်းဖောက်ဖျက်တယ် ထင်မှာစိုးလို့ပါ၊ ကျုပ်က စပ်စုမှာတော့ မဟုတ်ပါဘူး"

လုံမေက အနည်းငယ်စဉ်းစားကာ...
"ကောင်းပြီလေ၊ ရှင့်ဘက်က မလွန်ပါစေနဲ့"
စန့်ကွမ်းချစ်က ခေါင်းညိတ်လိုက်၏။
"စိတ်ချပါဗျာ"
လုံမေက...
"ကဲ...ကျွန်မတို့ အခုပဲသွားကြမယ်"
စန့်ကွမ်းချစ်က...
"ဒီည ဒီမှာ မတည်းဘူးလား"
လုံမေက ခေါင်းခါယမ်းလိုက်၏။
"ကျွန်မ မနေချင်လို့ပါ"
သူမက ပြောပြီး ရှေ့မှ လျှောက်သွားလေ
စန့်ကွမ်းချစ်က နောက်ဘက် ဝါးတစ်ရိုက်ခ
ပါသွားလေသည်။

ကောင်း ယေးတယ်
ပးက ပြောတော့
ကာပြလိုက်၏။
ျာက်သွား၏။

* * *

ခြေလှမ်းများ

ဝန်းကျင်တစ်ခုလုံး တစ်စထက်တစ်စ မှောင်လာ၏။
စန့်ကွမ်းချစ်နှင့် လုံမေသည် ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်လာရာ မကြာမီမှာပင် သူတို့ရှေ့တွင် မြို့ကလေးတစ်မြို့အား တွေ့မြင်လိုက်ရ၏။
စန့်ကွမ်းချစ်က...
"ညီမလေး"
လုံမေက သူ့အားလှည့်ကြည့်ကာ...
"ဘာပြောမလို့လဲရှင့်"

Scanned with ACE Scanner

စန့်ကွမ်းချစ်သည် ရှေ့မှ မြို့ကလေးအား ညွှန်ပြလိုက်၏။

"ရှေ့နားမှာ မြို့ကလေးတစ်မြို့ရှိတယ်၊ အဲဒီမှာ နားမလား၊ ဆက်လျှောက်မလား"

လုံမေက...

"နားကြမယ်လေ"

စန့်ကွမ်းချစ်က အားနာစွာပြုံးကာ...

"ညီမလေး...ကျုပ်မှာ ငွေတစ်ပြားမှ မရှိတော့ဘူး၊ ခင်ဗျားမှာ တရ သိမ်းထာ ခစ်ခနဲ ရယ်မောလိုက်၏။

စန့်ကွမ်း ယ်ရှင်"

လိုက်မိ၏။

လုံမေက ချစ်က...

"ကဲ...ရှင် ်းက ဘာဖြစ်လို့ရယ်တာလဲ"

ပါ့မလား" ...

စန့်က ကိုစန့်ကွမ်းချစ်ကို သတိရလို့ပါ၊ သူလဲရှင့်လိုပဲ၊ အမြဲ

"အခု ဟူး၊ ကျွန်မက ရွှေဆံထိုးတစ်ချောင်း ထုတ်ပေးရတယ်"

စန့်ကွမ်းချစ်သည် လုံမေက မိမိအပေါ် သံယောဇဉ်ရှိမှန်း သိလာ၏။

သူသည် မိမိမှာ စန့်ကွမ်းချစ်ဖြစ်ကြောင်း ဖွင့်ဟပြောဆိုရန် ဆန္ဒများ ဖြစ်ပေါ်လာ၏။

"ညီမလေး"

လုံမေက လှည့်ကြည့်လိုက်၏။

"ရှင် ဘာပြောချင်လို့လဲ"

စန့်ကွမ်းချစ်က အားရပါးရ ပြောလိုက်၏။

Scanned with ACE Scanner

"ညီမလေး...ကျုပ်က စန့်ကွမ်းချစ်"

သူက ယင်းသို့ပြောရင်းမှ မိမိမှာ ရုပ်ဖျက်ထားသည်ကို သတိရကာ စကားတစ်ပိုင်းတစ်စနှင့် ရပ်တန့်သွား၏။

လုံမေက မျက်မှောင်ကုတ်သွား၏။

"စန့်ကွမ်းချစ်က ဘာဖြစ်လို့လဲ"

စန့်ကွမ်းချစ်က ...

"ဩော် ...စန့်ကွမ်းချစ်က သူ့မှာ ငွေမရှိတော့ မိန်းကလေးတစ်ယောက်က ငွေတုံးသုံးတုံးနဲ့ ရွှေဆံထိုးတစ်ချောင်း ပေးတယ်ဆိုတဲ့ အကြောင်း ပြောပြဖူးလို့ပါ၊ အခု ညီမလေးက ပြောတော့ အဲဒီအကြောင်းကို သတိရ..."

သူ၏စကား မဆုံးမီမှာပင် လုံမေက လက်ကာပြလိုက်၏။

"တော်ပြီ၊ ရှင် ထပ်မစပ်စုနဲ့တော့"

ပြောပြီး ခြေလှမ်းကျဲကျဲဖြင့် ရှေ့သို့ ဆက်လျှောက်သွား၏။

စန့်ကွမ်းချစ်သည် သူမနောက်သို့ လက်သွားရာ ခြေလှမ်းများမှာ အလွန်ပေါ့ပါးနေသည်ကို သတိထားမိလေသည်။

❄ ❄ ❄

မီးသင့်ခဲမြို့။

လုံမေနှင့် စန့်ကွမ်းချစ်တို့သည် မြို့ကလေးထဲသို့ ရှေ့ဆင့်နောက်ဆင့် လှမ်းဝင်လာ၏။

သူတို့၏ ခြေလှမ်းများ ပြိုင်တူရုပ်တန့်သွား၏။

မြင်ကွင်းတစ်ခုလုံးမှာ အကျည်းတန်နေ၏။

Scanned with ACE Scanner

မြို့ကလေးဟာစုလုံးတွင် အိမ်ကောင်းဟူ၍ တစ်လုံးမျှ မရှိတော့ပါ။

အဆောက်အအုံများအားလုံး မီးလောင်ကျွမ်းကာ ပြာပုံဖြစ်နေ၏။

တစ်ချို့အဆောက်အအုံ၏ ပြာပုံများမှာ မီးခိုးပင်တလူလူလွင့်နေ၏။

ထို့ကြောင့် ဤမြို့ကလေး မီးလောင်ကျွမ်းနေသည်မှာ အချိန်မကြာသေးသည်မှာ သေချာလှ၏။

စန့်ကွမ်းချစ်သည် မီးလောင်ကျွမ်းနေသော ပြာပုံများကို ကြည့်ကာ လုံမေနှင့် ပခုံးချင်းယှဉ်၍ ရပ်လိုက်၏။

တစ်ယောက်မျက်နှာတစ်ယောက် ဖျတ်ခနဲ ကြည့်လိုက်၏။

သို့သော်

စကားတစ်ခွန်းမျှ မပြောပါ။

သူမက ရှေ့သို့ဆက်လျှောက်သွား၏။

စန့်ကွမ်းချစ်က ဆက်လိုက်သွား၏။

သူတို့သည် မြို့လယ်သို့ရောက်သောအခါ မီးလောင်၍ ပြိုလဲရာမှ ကျန်ခဲ့သော နံရံပေါ်၌ စာလုံးများရေးသားထားသည်ကို တွေ့ရ၏။

"ကျုပ်ကို လွန်ဆန်ရင်သေမယ်"

စာလုံးများမှာ အနီရောင်ဆေးများဖြင့် ရေးသားထားသဖြင့် ရင်ထိတ်ဖွယ်ရာ ကောင်းလှ၏။

စန့်ကွမ်းချစ်က သက်ပြင်းတစ်ချက်ချလိုက်၏။

"ဒီမြို့ကလေးကို ဘယ်သူက ရက်ရက်စက်စက် လာပြီး မီးရှို့ သွားတာလဲ"

လုံမေသည် ငယ်စဉ်ကတည်းက ဖခင်ဖြစ်သူနှင့် သိုင်းလောက သို့ မကြာခဏရောက်ဖူးသဖြင့် သိုင်းလောကအကြောင်းကို နံ့နံ့စပ်စပ် ကြားဖူးနားဝရှိခဲ့၏။

သူမက အနည်းငယ် စဉ်းစားလိုက်၏။

"ဒီလက္ခဏာကိုကြည့်ရတာ အလင်းမဲ့ဂိုဏ်းရဲ့ လက်ချက်ဖြစ်ရမယ်"

စန့်ကွမ်းချစ်က မျက်မှောင်ကုတ်သွား၏။

"အလင်းမဲ့ဂိုဏ်း ဟုတ်လား၊ ဒီနာမည် မကြားဖူးပါလား"

လုံမေက...

"ကျွန်မအဖေက ပြောပြဖူးတယ်၊ အလင်းမဲ့ဂိုဏ်းက လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်က အတော်ဆွမ်းသွမ်းခဲ့တယ်၊ နောက်တော့ ကကြောင့်မှန်းမသိဘူး၊ သိုင်းလောကမှာ ပျောက်သွားတယ်"

စန့်ကွမ်းချစ်က...

"ဒါဖြင့် အခုမှ စပြီး ခေါင်းပြန်ထောင်လာတာပေါ့"

လုံမေက...

"ဟုတ်တယ်"

စန့်ကွမ်းချစ်က...

"အလင်းမဲ့ဂိုဏ်းရဲ့ လက်ချက်ဖြစ်မှန်း ညီမလေးက ဘယ်လို လုပ်သိတာလဲ"

လုံမေက ပြုံးလိုက်၏။

"ကျွန်မဖေဖေက ကျွန်မကို သိုင်းလောကအကြောင်းတွေ အလျဉ်းသင့်သလို ပြောပြတယ်၊ တစ်ချိန်တုန်းက လျှမ်းလျှမ်းတောက် ကျော်ကြားပြီး နောက်ပိုင်းမှာ ပျောက်ကွယ်သွားတဲ့ ဂိုဏ်းများရဲ့ အကြောင်းကို ပြောပြတယ်၊ အလင်းမဲ့ဂိုဏ်းရဲ့ ထူးခြားတဲ့ လက္ခဏာကတော့ ရွာကို မီးရှို့တာပဲ၊ တခြားဂိုဏ်းတွေမှာ အဲဒီလိုလုပ်ရပ်မတွေ့ရဘူး"

စန့်ကွမ်းချစ်က နားလည်လိုက်၏။

"ဒီအလင်းမဲ့ဂိုဏ်းက အခုလို ရွာကိုဝင်ပြီး မီးရှို့တာ အာဏာပိုင်တွေ အရေးယူမှာ မကြောက်ဘူးလား"

လုံမေက...

"အာဏာပိုင်တွေက အရေးယူပါတယ်၊ ဒါပေမယ့် သူတို့လဲ မြို့ကြီးမှာ ရှိနေတာဆိုတော့ ဒီလိုနေရာမျိုး ဖြစ်ပျက်တာတွေကို ဘယ်သိနိုင်ပါ့မလဲ"

သူမကပြောရင်း ဆက်လျှောက်သွားရာ ရုတ်တရက် ခြေလှမ်းရပ်တန့်လိုက်၏။

"အောင်မယ်လေး"

ဟု ကြောက်လန့်တကြား အော်လိုက်၏။

စန့်ကွမ်းချစ်က ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

"ညီမလေး ဘာဖြစ်လို့လဲ"

လုံမေသည် ထိတ်လန့်စွာဖြင့် ပြိုလဲနေသော နံရံတစ်ခု၏ ခြေရင်းသို့ ညွှန်ပြလိုက်၏။

"ဟို...ဟိုမှာ"

Scanned with ACE Scanner

လုံမေ ညွှန်ပြသောနေရာတွင် သေဆုံးနေသော အလောင်းများကို တွေ့မြင်လိုက်ရ၏။

သူက အလွန်ခံပြင်းလာ၏။

"တော်တော် လူမဆန်တဲ့ လူယုတ်မာတွေပါလား"

လုံမေက မျက်မှောင်ကုတ်က...

"ဒီလူတွေကို ရှင်နဲ့ကျွန်မပေါင်းပြီး နှိမ်နင်းမယ်"

စန့်ကွမ်းချစ်က...

"သူတို့က အခုလောက်ဆိုရင် ဘယ်ရောက်နေမှန်း မသိတော့ဘူး၊ ဘယ်လိုလုပ်နှိမ်နင်းရမှာလဲ"

လုံမေက...

"သူတို့ တစ်ခေါက်ပြန်လာလိမ့်မယ်"

စန့်ကွမ်းချစ်က မျက်မှောင်ကုတ်သွား၏။

"သူတို့ပြန်လာမယ်ဆိုတာ ညီမလေးက ဘယ်လိုလုပ်သိသလဲ"

လုံမေက...

"သူတို့ရေးထားတဲ့ စာထဲမှာပါတယ်လေ၊ သူတို့ကို လွန်ဆန်ရင် သေစေလို့ ရေးထားတယ်"

စန့်ကွမ်းချစ်က နားမလည်နိုင်ဘဲ ဖြစ်နေ၏။

လုံမေက စကားဆက်လိုက်၏။

"အလင်းမဲ့ကိုဏ်းက ဒီမြို့မှာရှိတဲ့ ဂိုဏ်းအဖွဲ့အစည်းတစ်ခုခုကို သူတို့ကို သစ္စာခံဖို့ လာစည်းရုံးလိမ့်မယ်၊ အဲဒီဂိုဏ်းအဖွဲ့အစည်းက လက်မခံလို့ လူကိုသတ် မြို့ကို မီးရှို့ပြီး ခြိမ်းခြောက်တာ၊ ပြီးရင် အဲဒီဂိုဏ်းအဖွဲ့အစည်းက ကြောက်ပြီး လက်ခံမလားလို့ နောက်ထပ် တစ်ခေါက် ထပ်လာပြီး မေးကြလိမ့်မယ်"

စန့်ကွမ်းချစ်သည် လုံမေက ထိုသို့ရှင်းပြတော့မှ နားလည်လိုက်၏။

"ကောင်းပြီ...ပြန်လာစမ်းပါစေ၊ ဒီလူတွေကို ကျုပ် တစ်ယောက်တည်း ရှင်းပစ်မယ်"

လုံမေက...

"လောလောဆယ်တော့ ကျွန်မတို့ အနားယူဖို့ နေရာတစ်နေရာ ရှာရမယ်"

စန့်ကွမ်းချစ်သည် ဝန်းကျင်တစ်ခုလုံးသို့ လှည့်ပတ်ကြည့်လိုက်၏။ အနီးတွင်ရှိနေသော ဘုန်းကြီးကျောင်းပျက် တစ်ခုမှာ မီးလောင် မခံရဘဲ ကောင်းမွန်စွာရှိနေသည်ကို တွေ့ရ၏။

"ညီမလေး ဟိုဘုန်းကြီးကျောင်းပျက်မှာ ခဏနားကြမယ်"

လုံမေက ခေါင်းညိတ်လိုက်၏။

သူတို့သည် ဘုန်းကြီးကျောင်းပျက်ရှိရာသို့ လှမ်းသွားကြလေတော့သည်။

❋ ❋ ❋

Scanned with ACE Scanner

ခေတ်ပန်းဂိုဏ်း

ညမှောင်လာပြီဖြစ်ရာ စန့်ကွမ်းချစ်သည် ဘုန်းကြီးကျောင်းပျက်တွင် မီးပုံတစ်ပုံ ပြုလုပ်လိုက်၏။

"ကဲ...ညီမလေး၊ အထဲမှာအိပ်ပါ၊ ကျုပ်အပြင်ဘက်မှာ သွားစောင့်ပါမယ်"

လုံမေက ခေါင်းခါယမ်းလိုက်၏။

"ကျွန်မအပြင်ဘက်မှာ သွားစောင့်မယ်၊ ရှင်အထဲမှာ အိပ်ပါ"

စန့်ကွမ်းချစ်က...

"ကျုပ်က ယောကျ်ားပါဗျာ၊ ညီမလေးကသာ အထဲမှာ အိပ်ရမှာ"

လုံမေက...

"ဘယ်သူက ပြောသလဲ၊ မိန်းကလေးအပြင်မှာ မအိပ်ရဘူးလို့"

စန့်ကွမ်းချစ်က ပါးစပ်ပိတ်ထားလိုက်၏။

လုံမေက သူ့အား ကြည့်လိုက်၏။

"ဒါဖြင့် ရှင်က သန်းခေါင်ယံအချိန်အထိ အပြင်မှာစောင့်ပါ၊

သန်းခေါင်ယံရောက်ရင် ကျွန်မကို နှိုးပါ၊ ကျွန်မ မိုးလင်းအထိ စောင့်ပါမယ်၊ ဒါဆိုရင်တော့ တရားမျှတတယ် မဟုတ်လား"

စန့်ကွမ်းချစ်က သက်ပြင်းတစ်ချက်ချလိုက်၏။

"ကောင်းပါပြီဗျာ"

ဤသို့ဖြင့် စန့်ကွမ်းချစ်သည် ညဦးပိုင်းစောင့်သည့်တာဝန်ယူရ၏။

❄ ❄ ❄

ဝန်းကျင်တစ်ခုလုံး မှောင်အတိကျနေ၏။

ဘုံကွောင်းဖျက်ထဲတွင် မီးပုံမှ မီးများ တောက်လောက်နေ၏။

ဝန်းကျင်ဘစ်ခုလုံးတွင် ပုရစ်အော်သံမှအပ တိတ်ဆိတ်နေ၏။

သန်းခေါင်ယံအချိန်ပင် ရောက်လာ၏။

စန့်ကွမ်းချစ်သည် လုံမေ မနိုးလျှင် မနှိုးဘဲ ဆက်စောင့်ရန် ဆုံးဖြတ်ထား၏။

သူက အပျင်းတစ်ချက်ဆန့်လိုက်၏။

ထိုစဉ် လုံမေက အိပ်ရာမှ နိုးလာ၏။

"ကဲ ... အစ်ကိုအိပ်ဟော့၊ ကျွန်မစောင့်ရမယ့်အလှည့်ရောက်ပြီ"

စန့်ကွမ်းချစ်က ဘာမျှမပြောတော့ဘဲ အထဲသို့ဝင်ကာ အိပ်လိုက်၏။

သူသည် ခရီးပန်းလာသဖြင့် မျက်လွှာချလိုက်သည်နှင့် အိပ်ပျော်သွားလေသည်။

❄ ❄ ❄

အချိန်မည်မျှကြာသွားမှန်းမသိ။

စန့်ကွမ်းချစ် အိပ်ရာမှနိုးလာသောအခါ နေရောင်ခြည်သည် ဘုန်ကြီးကျောင်းပျက်ထဲသို့ ထိုးကျနေ၏။

သူကမန်းကတန်း ထထိုင်လိုက်၏။

လုံမေ၏ လက်ပေါ်တွင် အသက်ငါးနှစ်အရွယ်ရှိ ကလေးငယ် တစ်ယောက် အိပ်ပျော်နေသည်ကို တွေ့ရ၏။

ကလေးငယ်တွင် ဒဏ်ရာအနည်းငယ်ရှိနေ၏။

စန့်ကွမ်းချစ်က မျက်လုံးပြူးသွားကာ ...

"ညီမလေး ... ဒီကလေး ဘယ်ကရတာလဲ"

လုံမေက ...

"ညက ကျွန်မစောင့်ချိန်မှာ ငိုသံကြားလို့ သွားကြည့်တာ၊ ဟိုပြွိုနေတဲ့ နံရံအတွင်းဘက်မှာ တွေ့လို့ ခေါ်လာတာ"

စန့်ကွမ်းချစ်က သက်ပြင်းချလိုက်၏။

"သူ့မိဘ အသတ်ခံရပြီထင်တယ်"

သူသည် ငယ်စဉ်က မိမိဘဝကို ပြန်လည်တွေးမိကာ ကလေး ငယ်အပေါ် ကြင်နာသနားစိတ်များ ဖြစ်ပေါ်လာ၏။

"ဒီကလေးကို တစ်ခါတည်းခေါ်သွားမှဖြစ်မယ်"

လုံမေက ခေါင်းညိတ်လိုက်၏။

"ကောင်းတယ်၊ ကျွန်မ ခေါ်သွားမယ်၊ အခု ရှင်အပြင်မှာ သွားစောင့်ဦး၊ ကျွန်မ ကလေးကို အထဲမှာ သွားသိပ်လိုက်ဦးမယ်"

ပြောပြီး ကလေးအား ပွေ့ချီကာ အထဲသို့ ဝင်သွားလေသည်။

❁ ❁ ❁

နေရောင်ခြည် နွေးထွေးစွာ ထိုးကျနေ၏။

အပြင်ဘက်တွင် ငှက်ကလေးများ၏အသံ ဆူညံနေ၏။

ကောင်းကင်ပြင်တစ်ခုလုံး တိမ်တိုက်ကင်းရှင်းကာ ကြည်လင်သာယာနေ၏။

သဘာဝအလှမှာ ကြည်နူးဖွယ်ကောင်းလှ၏။

သို့သော်

လူသားများ၏အသိဉာဏ် ဆိုးဝါးမှုကြောင့် တစ်နှင့်တစ်ဦး သတ်ဖြတ်သည်အထိ လောဘတက်ကြ၏။

ယင်းမြို့ကလေးမှာ ယခင်ကအလွန်သာယာသော မြို့ကလေး ဖြစ်နိုင်၏။

ယခုမူ ယုတ်မာသော လူတစ်စု၏လက်ချက်ကြောင့် အကျည်းတန်သောမြင်ကွင်း ဖြစ်နေ၏။

စန့်ကွမ်းချစ်သည် ယင်းသို့တွေးရင်း ဘုန်းကြီးကျောင်းအပြင်ဘက်သို့ လှမ်းထွက်လိုက်၏။

ရုတ်တရက် လူ ၁၄-၁၅ ယောက် ပြေးလာကာ သူ့အားဝိုင်းရံလိုက်၏။

စန့်ကွမ်းချစ်က ရင်ထိတ်သွား၏။

ထိုလူများမှာ အကျီအဖာအထေးများ ဝတ်ထား၏။

လက်ထဲတွင်လည်း ဝါးလုံးများ ကိုင်ဆောင်ထားကြ၏။

စန့်ကွမ်းချစ်သည် ထိုလူများမှာ သိုင်းလောကတွင် ကျော်ကြားလှသည့် ခေတ်ပန်းဂိုဏ်းမှ ဖြစ်မည်ဟု မှန်းဆမိ၏။

သူက မိမိအား အာဃာတကြောင့် ဝိုင်းရံထားသည်ကို သိလိုက်မေးမြန်းဟန်ပြင်လိုက်၏။

ထိုစဉ် လူအုပ်ထဲမှ လူငါးယောက် လှမ်းထွက်လာ၏။

ထိုလူငါးယောက်၏ အင်္ကျီများမှာ ညစ်ထေးစုတ်ပြတ်နေ သော်လည်း အရောင်ကွဲပြား၏။

ဝတ်ဆင်ထားသော အင်္ကျီအရောင်များမှာ အနီ၊ အဝါ၊ အပြာ အဖြူ၊ အမည်း ဟူ၍ အရောင်ကွဲ၏။

အသက်မှာမူ ၄၀နှင့် ၅၀ကြားတွင်ရှိ၏။

အရပ်အမောင်း ခန္ဓာကိုယ်အနေအထားမှာလည်း အပျိုးမျိုး ကွဲပြား၏။

အနီရောင်ဝတ်ဆင်ထားသူက စတင်မေးလိုက်၏။

"မင်းက အလင်းမဲ့ဂိုဏ်းနဲ့ ဘယ်လိုပတ်သက်သလဲ စနှိုက်ကွမ်းချစ်က...

"ကျုပ်က ယင်းကျားရဲတိုက်ကိုသွားမလို့၊ မိုးချုပ်သွားလို့ ဒီမှာ တစ်ညဝင်နားတာ"

သူကဖြေပြီး အနီရောင်ဝတ်ဆင်ထားသူအား ပြန်မေးလိုက်၏။

"ခင်ဗျားတို့က ဘယ်သူတွေလဲ"

အနီရောင်ဝတ်ဆင်ထားသူက...

"ကျုပ်တို့က ခေတ်ပန်းဂိုဏ်းက ခွဲထွက်လာတဲ့ လူမဲ့ ငါး ယောက်ပါ"

သူကသက်ပြင်းချကာ စကားဆက်လိုက်၏။

"ကျုပ်တို့အဖွဲ့က သိုင်းလောကမှာ အရှုပ်အထွေး မရှိဘူး၊ ဘယ်သူ့ကိုမှလဲ ဒုက္ခမပေးဘူး၊ ဒါပေမယ့် အလင်းမဲ့ဂိုဏ်းက လူ တွေက ကျုပ်တို့ကို ရန်ရှာတယ်၊ ကျုပ်တို့လူတွေကို သတ်တယ်၊ ကျုပ်တို့ မြို့ကလေးကို မီးရှို့လိုက်တယ်လေ"

Scanned with ACE Scanner

သူက ပြောပြီး စန့်ကွမ်းချစ်အား အကဲခတ်လိုက်ပြန်၏။

"ကဲ...မင်း တခြားသွားစရာရှိရင် အမြန်သွားပါကွာ၊ တော်ကြာ မင်းပါ ဒုက္ခရောက်လိမ့်မယ်"

စန့်ကွမ်းချစ်က ပြုံးလိုက်၏။

"ကျုပ်က ဒီလူယုတ်မာတွေကို တွေ့ချင်လို့ တစ်ညလုံး စောင့်နေတာပါ"

သူက ရင်ကော့ကာ...

"သူတို့ လာစမ်းပါစေဗျာ၊ ကျုပ် ရင်ဆိုင်ပါ့မယ်"

အနီရောင်ဝတ်ဆင်ထားသူက အံ့အားသင့်သွား၏။

"မင်းရဲ့စိတ်ဓာတ်ကို ကျုပ်တို့လေးစားပါတယ်၊ ဒါပေမယ့် မင်းက အသက်ငယ်ငယ်နဲ့ မစွန့်စားချင်ပါနဲ့"

အဝါရောင်ဝတ်ဆင်ထားသူကလည်း သူ့အား ပြုံးပြကာ...

"ကဲ...မိတ်ဆွေလေး၊ မင်း သွားလိုရာသွားပါ"

ထိုစဉ် လုံမေက ကလေးငယ်အားပွေ့ကာ ထွက်လာ၏။

သူမသည် စန့်ကွမ်းချစ်အား လူအများဝိုင်းရံထားသည်ကို တွေ့ရသဖြင့် ရင်ထိတ်သွား၏။

"ရှင်တို့ ဘယ်သူတွေလဲ"

အနီရောင်ဝတ်ဆင်ထားသူသည် လုံမေအားကြည့်ကာ မျက်လုံးပြူးသွားပြီး ကမန်းကတန်း ဒူးထောက်လိုက်၏။

ကျန်လူများကလည်း ရှေ့ဆင့်နောက်ဆင့် ဒူးထောက်လိုက်ကြ၏။

လုံမေက အံ့အားသင့်သွား၏။

ကျန်လူများကလည်း နားမလည်နိုင်အောင် ဖြစ်သွား၏။

Scanned with ACE Scanner

"ဒီလူတွေ ရှုးများနေသလား"

သူက ယင်းသို့တွေးရင်း မေးလိုက်၏။

"ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ"

အနီရောင်ဝတ်ဆင်တားသူက လုံမေလက်ထဲမှ ပွေ့ချီထားသော ကလေးငယ်အား ညွှန်ပြကာ...

"မိန်းကလေးချီထားတဲ့ ကလေးက ကျုပ်တို့ဂိုဏ်းချုပ်ရဲ့ သားလေးပါ၊ အခုကို ဂိုဏ်းချုပ်ရဲ့သားကို ကယ်တင်လိုက်တဲ့အတွက် ကျုပ်တို့တစ်ဖွဲ့လုံးက ကျေးဇူးတင်ပါတယ်ဗျာ"

လုံမေက ပါးစပ်အဟောင်းသားဖြစ်သွားကာ အိပ်မျော်နေသော ကလေးကို လှမ်းပေးလိုက်၏။

အနီရောင်ဝတ်ဆင်ထားသူက ကလေးအားပွေ့ယူကာ အဝါရောင်ဝတ်ဆင်ထားသူလက်ထဲ ထည့်လိုက်ပြန်၏။

သူက လုံမေအား ထပ်မံ ဦးညွှတ်လိုက်၏။

"ကျေးဇူးရှင်ရဲ့ နာမည်က ဘယ်လိုခေါ်ပါသလဲ"

လုံမေက...

"ကျွန်မနာမည်က လုံမေပါ"

သူက စန့်ကွမ်းချစ်အား ညွှန်ပြကာ...

"သူ့နာမည်ကတော့ လွေလို့ ခေါ်ပါတယ်"

အနီရောင်ဝတ်ဆင်ထားသူက...

"ဟုတ်ကဲ့...ကျုပ်တို့ဂိုဏ်းချုပ်ကို ပြောပြပေးပါ့မယ်၊ အခု ကျုပ်တို့ ဘာလုပ်ပေးရမလဲခင်ဗျာ"

လုံမေက ခေါင်းခါယမ်းလိုက်၏။

"ကလေးကိုသာ မိဘတွေလက်ထဲ ရောက်အောင်ပို့ပေးပါရှင်"

အနီရောင်ဝတ်ဆင်ထားသူက ဦးညွှတ်၍...

"ကောင်းပြီ၊ ကျုပ်တို့ သွားပါတော့မယ်"

သူက လက်တစ်ဖက်ဖြင့် ယမ်းလိုက်သည်နှင့် ကျန်လူများက လည်း နောက်သို့ တဖြည်းဖြည်း ဆုတ်ကာ ထွက်ခွာသွားလေသည်၊

❄ ❄ ❄

လုံမေနှင့် စန်းကွမ်းချစ်သည် ထိုလူများပျောက်ကွယ်သွားသည့် အထိ ကြည့်ပြီးမှ စန်းကွမ်းချစ်က ...

"သူတို့က လူမဲ့ဂိုဏ်းဆိုပါလား၊ ခေတ်ပန်းဂိုဏ်းက ခွဲထွက်လာတာတဲ့၊ ကျုပ်တော့ မကြားဖူးဘူး"

လုံမေက...

"ကျွန်မလဲ မကြားဖူးဘူး"

စန်းကွမ်းချစ်က...

"ကဲ...တို့ဘာဆက်လုပ်ကြမလဲ၊ သွားကြမလား၊ ဆက်စောင့်ကြမလား"

လုံမေက သူ့အားကြည့်ကာ...

"ကျွန်မသဘောကတော့ ဒီတစ်ညဆက်စောင့်ချင်သေးတယ်၊ ဒီနေ့ညတော့ ရှင်က ညဦးပိုင်းစောင့်၊ ကျွန်မက နောက်ပိုင်းမှာ စောင့်မယ်"

စန်းကွမ်းချစ်က ပခုံးတစ်ချက်တွန့်လိုက်၏။

"ညီမလေး သဘောအတိုင်းပါပဲဗျာ"

❄ ❄ ❄

ထိုည။

စန့်ကွမ်းချစ်သည် ညဦးပိုင်းတွင် စောင့်လိုက်၏။

သို့သော် ...

အလင်းမဲ့ဂိုဏ်းကလူများ လုံးဝ ရောက်လာသည်ကို မတွေ့ရပါ။

သန်းခေါင်းယံအချိန်ရောက်မှပင် လုံမေက သူနှင့် အပြောင်းအလဲ လုပ်လိုက်၏။

စန့်ကွမ်းချစ်သည် နံနက်လင်းမှပင် နိုးလာ၏။

သူကအပြင်သို့ထွက်လာရာ လုံမေက အပေါက်ဝတွင် စောင့်နေဆဲဖြစ်သည်ကို တွေ့လိုက်ရ၏။

"ညီမလေး ဘာထူးခြားသေးလဲ"

လုံမေက ခေါင်းခါယမ်းလိုက်၏။

"ဘာမှ မထူးခြားပါဘူး"

စန့်ကွမ်းချစ်က ပခုံးတစ်ချက်တွန့်လိုက်၏။

"ညီမလေး အဲကြောင်းမှ မထူးတာ၊ ကျုပ်တို့သွားကြရင် ကောင်းမယ် ထင်ပါတယ်"

လုံမေက သဘောတူလိုက်၏။

သူတို့နှစ်ယောက်သည် ထိုမြို့ကလေးမှ ထွက်ခွာသွားကြလေတော့သည်။

* * *

Scanned with ACE Scanner

လုပတဲ့ အဘွားအို

စန့်ကွမ်းချစ်နှင့် လုံမေသည် ဆက်လက်လျှောက်သွားရာ မွန်းတည့်ချိန်ရောက်သောအခါ၌ သူတို့သည် အလွန်စည်ကားသော မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာ၏။

စန့်ကွမ်းချစ်သည် စားသောက်ဆိုင်တစ်ခုအား တွေ့မြင်လိုက်ရသဖြင့် ဝမ်းဗိုက်ဆာလောင်လာ၏။

"ညီမလေး၊ ကျုပ်တော့ ဗိုက်ဆာလာပြီ၊ တစ်ခုခုဝင်စားရင် ကောင်းမယ်"

လုံမေက ခေါင်းညိတ်လိုက်၏။

"ကောင်းတယ်၊ ကျွန်မလဲ ဗိုက်ဆာပြီး မောလာပြီ"

သူတို့သည် စားသောက်ဆိုင်ထဲသို့ လှမ်းဝင်လာကြလေသည်။

ဆိုင်လုလင်သည် သူတို့အားကြိုဆိုကာ အပေါ်ထပ်သို့ ပို့လိုက်၏။

ယင်းစားသောက်ဆိုင်သည် အလွန်ကျယ်ဝန်း ခမ်းနားသော စားသောက်ဆိုင်ဖြစ်၏။

Scanned with ACE Scanner

စားသောက်ဆိုင်မှ ဆိုင်လုလင်သည် သူတို့အား ပြတင်းပေါက်နှင့် ကပ်လျက် စားပွဲတွင် နေရာချပေးလိုက်၏။

လုံမေက စားသောက်ဖွယ်ရာများ မှာကြားလိုက်၏။

ပြီးနောက် သူတို့နှစ်ယောက်သည် အပြင်ဘက်မှ ရှုခင်းများကို ငေးကြည့်နေကြ၏။

ထိုစဉ်

"ဒီလောက် ချောမောလှပတဲ့မိန်းကလေးက သရဲလို အကျည်းတန်တဲ့ လူနဲ့ တွဲရဲတာ အံ့သြပါရဲ့"

လူတစ်ယောက်၏ ပြောင်လှောင်သံ ထွက်ပေါ်လာ၏။

စန့်ကွမ်းချစ်က အသံထွက်လာရာသို့ ကြည့်လိုက်၏။

စကားပြောသူမှာ အသက်(၂၀)ကျော်ခန့်ရှိသော လူငယ်တစ်ယောက်ဖြစ်၏။

ရုပ်ရည်ချောမောကာ သူဌေးသားတစ်ယောက်နှင့်တူ၏။

ယပ်တောင်တဖျပ်ဖျပ်ခတ်ရင်း လုံမေအား ပြုံးစေ့စေ့ဖြင့် ကြည့်လိုက်၏။

စန့်ကွမ်းချစ်က ခံပြင်းလာ၏။

သူက ထိုင်ရာမှထလိုက်စဉ် လုံမေက သူ၏လက်အား ဆွဲလိုက်သဖြင့် ပြန်ထိုင်ချလိုက်၏။

ထိုလူငယ်က မဲ့ပြုံးပြုံးကာ...

"ကိုယ့်ရုပ်ကိုလဲ ပြန်ကြည့်ပါဦး၊ အကျည်းတန်လိုက်တာ လွန်ပါရော"

စန့်ကွမ်းချစ်က သည်းမခံနိုင်တော့ပါ။

ထိုင်ရာမှထရန် ဟန်ပြင်လိုက်စဉ်မှာပင် သူ့စားပွဲဘေးမှ စားပွဲ

တွင် ထိုင်နေသော အဘွားဘိုတစ်ယောက်က စားပွဲပေါ်ရှိ တူဖြင့် လှမ်းပစ်လိုက်၏။

"ထောက်"

လူငယ်က ယပ်တောင်ကို ဖြန့်၍ ကာလိုက်ရာ အဘွားအို ပစ်လိုက်သော တူမှာ အောက်သို့လွင့်စင်ကျသွား၏။

စန့်ကွမ်းချစ်က အဘွားအိုအား ကြည့်လိုက်၏။

အဘွားအိုမှာ ဆံပင်ဖြူဖွေးကာ ပါးရေနားရေများ တွန့်နေသော်လည်း ကိုယ်လုံးကိုယ်ပေါက်လှနေ၏။

လှပသော အဘွားအိုတစ်ယောက် ဖြစ်၏။

စန့်ကွမ်းချစ်က မျက်မှောင်ကုတ်သွား၏။

သူက ထိုအဘွားအိုအား မသိကျွမ်းပါ။

အဘယ်ကြောင့် မိမိအား ကူညီနေသည်ကို စဉ်းစား၍မရဘဲ ဖြစ်နေ၏။

ထိုစဉ် လူငယ်က ထိုင်ရာမှ ထလိုက်၏။

"အဘွားကြီးက သေချင်နေလို့လား"

ပြောရင်း အဘွားအိုထံ လျှောက်သွား၏။

စန့်ကွမ်းချစ်က ကမန်းကတန်းထကာ ထိုလူငယ်ရှေ့တွင် လမ်းပိတ်၍ ရပ်လိုက်၏။

"ဘယ်သွားမလို့လဲ အစ်ကိုကြီး"

သူက ပြုံး၍ မေးလိုက်၏။

လူငယ်က မျက်မှောင်ကုတ်ကာ ...

"လမ်းဖယ်ပေးပါ၊ ကျုပ်က အဘွားကြီးနဲ့ ဆွေးနွေးစရာ ရှိသေးလို့ပါ"

သူကပြောရင်း စန့်ကွမ်းချစ်၏ လက်မောင်းရှိ သွေးကြောအား ဖိတ်လိုက်၏။

စန့်ကွမ်းချစ်က လျင်မြန်စွာ ရှောင်တိမ်းရင်း ပြုံးကာ...

"သူနဲ့ မဆွေးနွေးခင် ကျုပ်နဲ့ အရင်ဆွေးနွေးပါဗျ"

သူကပြောပြီး ပြန်လည်တိုက်ခိုက်လိုက်၏။

လူငယ်သည် အကျည်းတန်ဆောလူမှာ သိုင်းပညာတတ်လိမ့်မည်ဟု မထင်သဖြင့် အနည်းငယ်အံ့သြသွား၏။

"အို...ခင်ဗျားနဲ့ မဆွေးနွေးချင်သေးဘူး၊ အဘွားအိုကို အရင်ဆွေးနွေးရဦးမယ်"

လူငယ်က ပြုံး၍ ပြန်ပြောကာ တိုက်ခိုက်လိုက်၏။

ဤသို့ဖြင့် သူတို့သည် ရယ်ရယ်မောမော ပြောပြောဆိုဆိုဖြင့် သိုင်းကွက်ဆယ်ကွက်ခန့် အပြန်အလှန် တိုက်ခိုက်ကြ၏။

ထိုလူငယ်သည် စန့်ကွမ်းချစ်က ဗိမိယက်သာလွန်နေသည်ကို ဆို့ရသဖြင့် ထိတ်လန့်လာ၏။

သူက စန့်ကွမ်းချစ်အား အံ့သြစွာဖြင့် ကြည့်လိုက်၏။

သူ၏မျက်ဝန်းအစုံတွင် ကြောက်ရွံ့သော အရိပ်အရောင်များ ပေါ်လွင်လာ၏။

"မင်းကို"

သူက လွတ်ခနဲ အသံထွက်သွားကာ ယပ်တောင်ကိုပင် မယူနိုင်တော့ဘဲ ခြေလှမ်းကြိုးကြိုးဖြင့် ထွက်ခွာသွားလေ၏။

❁ ❁ ❁

စန့်ကွမ်းချစ်သည် ယပ်တောင် ကိုင်ကာ ကြောင်အဲ့အဲ့ဖြင့် ကြည့်လိုက်၏။

သူက အဘွားအိုအားကြည့်လိုက်ရာ အဘွားအိုမှာ မရှိတော့ပါ။

သူက စားပွဲတွင် ဝင်ထိုင်လိုက်၏။

လုံမေက...

"သူက ဘယ်သူလဲ"

စန့်ကွမ်းချစ်က ခေါင်းခါယမ်းလိုက်၏။

"မသိဘူး"

လုံမေက...

"သူ့ယပ်တောင်ပေါ်မှာ ဘာရေးထားသေးလဲ"

စန့်ကွမ်းချစ်သည် ယပ်တောင်အား ပြန်ကြည့်လိုက်၏။

ယပ်တောင်ပေါ်တွင်...

"သိုင်းလောကမှာ စိုးမိုးချင်ရင် ကြယ်တာရာဂိုဏ်းကို ဖယ်ရှားရမယ်၊ အလင်းမဲ့ဂိုဏ်းက ကျော်ကြားချင်ရင်တော့ ဂြိုဟ်ကိုးလုံးသိုင်းကျမ်းကို ရအောင်ယူရမယ်"

ဟု ရေးသားထား၏။

လုံမေက တက်တစ်ချက်ခေါက်ကာ...

"တောက်... သူ့ကိုလွတ်သွားတာ နာလိုက်တာ"

စန့်ကွမ်းချစ်က မျက်မှောင်ကုတ်သွား၏။

ထိုလူသည် မိမိအား အဘယ်ကြောင့် 'မင်းကိုး'ဟု ပြောသွားသနည်း။

ရှိ၊ ထိုလူသည် မိမိဘယ်သူဘယ်ဝါ ဖြစ်သည်ကို သိရှိ၍လော။

Scanned with ACE Scanner

သူသည် အဘွားအိုအား သတိရလာ၏။
သို့သော် အဘွားအိုပျောက်ကွယ်သွားသည်ကိုသာ တွေ့ရ၏။

❋ ❋ ❋

စန့်ကွမ်းချစ်က တွေဝေသွား၏။
သူက ဆိုင်လုလင်အား လှမ်းခေါ်ကာ စားသောက်စရာများတွေက် ကုန်ကျစရိတ်အဖြစ် ငွေတုံးလေးတစ်တုံး ထုတ်ပေးလိုက်၏။
ဆိုင်လုလင်က ပြုံးကာ ခေါင်းခါယမ်းလိုက်၏။
"အစ်ကိုလေးတို့အတွက် ကုန်ကျစရိတ်ကို အဘွားအိုတစ်ယောက်က ရှင်းသွားပါတယ်၊ နောက်ပြီး စာတစ်စောင်လဲ ပေးသွားပါတယ်"
ဆိုင်လုလင်က လက်ထဲတွင်ကိုင်လာသော စာရွက်အား ပေးလိုက်၏။
စန့်ကွမ်းချစ်က စာရွက်အားယူ၍ ဖက်ကြည့်လိုက်ရာ အလွန်လှပသေသပ်သော လက်ရေးဖြင့် စာတစ်ကြောင်း ရေးထားသည်ကို တွေ့လိုက်ရ၏။
"ယင်းကျားရဲတိုက်မှာ ပြန်ဆုံကြမယ်"
စန့်ကွမ်းချစ်က အံ့အားသင့်သွား၏။
ထိုအဘွားအိုက မည်သူဖြစ်ပါသနည်း။
သူမသည် မိမိက ယင်းကျားရဲတိုက်ကို သွားမည်ကို အဘယ်ကြောင့် သိထားပါသနည်း။
လုံမေက သူ့အားကြည့်လိုက်၏။
"ဘာတွေရေးထားလို့လဲ"

စန့်ကွမ်းချစ်က စာရွက်အား လှမ်းပေးလိုက်၏။
လုံမသည် စာဖတ်ပြီး မျက်မှောင်ကုတ်သွား၏။
"ရှင်က သူ့ကိုသိလို့လား"
စန့်ကွမ်းချစ်က ခေါင်းခါယမ်းလိုက်၏။
"မသိပါဘူး"
လုံမက မျက်မှောင်ကုတ်သွား၏။
"အဘွားအိုက ကျွန်မတို့အကြောင်းကို သိထားတဲ့လူ ဖြစ်မယ်"
စန့်ကွမ်းချစ်က ခေါင်းညိတ်လိုက်၏။
"ဟုတ်တယ်၊ ကျုပ်လဲ အဲဒီလိုပဲ တွေးမိတယ်"
လုံမက ထိုင်ရာမှထလိုက်၏။
"ကဲ ... အချိန်လဲ မစောတော့ဘူး၊ ကျွန်မတို့သွားကြမယ်"

❁ ❁ ❁

Scanned with ACE Scanner

မပြောရဲတဲ့ ဘဝ

စန်းကွမ်းချစ်နှင့် လုံမေသည် ဆက်လက်လျှောက်သွားရာ နေဝင်ချိန်ရောက်လာသောအခါ ထိုအနီးတစ်ဝိုက်တွင် လူနေအိမ်ခြေများ မရှိသည်ကို တွေ့လိုက်ရ၏။

"ဒုက္ခပဲ ညီမလေးရေ၊ ကျုပ်တို့ခရီးနှင်လာတာ ဒီညတည်းရမယ့်အိမ် တစ်အိမ်မှတောင် မတွေ့ရဘူး၊ ဘယ်လိုလုပ်ကြမလဲ"

လုံမေက သက်ပြင်းတစ်ချက်ချလိုက်၏။

"ဒါတော့ ဘယ်တတ်နိုင်ပါ့မလဲ၊ ဒီည လသာသားပဲ၊ ညတွင်းချင်း လမ်လျှောက်ကြတာပေါ့၊ နားခိုစရာနေရာ တွေ့မှပဲ နားကြတာပေါ့"

စန်းကွမ်းချစ်က ခေါင်းညိတ်ကာ ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်သွားလိုက်၏။

ဝန်းကျင်တစ်ခုလုံး တစ်စထက်တစ်စ မှောင်မည်းလာ၏။

မကြာမီ လဝန်းသည် ကောင်းကင်ပေါ်သို့ ရောက်ရှိလာ၏။

သူတို့သည် လရောင်အောက်တွင် မရပ်မနားဘဲ ဆက်လျှောက်သွားလိုက်၏။

လဝန်း၏အလင်းကြောင့်လား၊ မသိ၊ စန့်ကွမ်းချစ်သည် လမ်း လျှောက်ရင်း အတွေးများ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်လာ၏။

သူသည် လုံလွိမသေဆုံးမီက လုံမေကို စောင့်ရှောက်ပေးရန် မိမိဆီမှ ကတိတောင်းခဲ့၏။

သို့သော် မိမိမှာကဲ့သို့သဖြင့် လုံမေနှင့် ကွဲကွာခဲ့ရ၏။

ထို့နောက် ယင်းကျူချီက လုံမေအား ယင်းထိုက်နှင့် လက် ထပ်ပေးမည်ဟု သတင်းကြားသဖြင့် ဝမ်းနည်းစိတ်ပျက်မိ၏။

သူသည် ပိုင်ရှင်းနှင့်အတူ ချီကျားဂေဟာသို့ လိုက်သွားကာ မိဘကို သတ်သွားသည့် ရန်သူသတင်းကို စုံစမ်းခဲ့၏။

မိမိက မမျှော်လင့်ဘဲ ငရဲကုန်းတစ္ဆေညီနောင်နှင့် တိုက်ခိုက် ရာ ဒဏ်ရာရခဲ့သဖြင့် ရန်သူအား မရှာဖွေနိုင်ခဲ့ပါ။

ထို့ပြင် မိမိ၏ရန်သူ မည်သူမည်ဝါ ဖြစ်သည်ကိုပင် သူက ယခုထက်ထိ မသိရသေးပါ။

ထိုအကြောင်းကို ပိုင်ရှင်းက တစ်စုံတစ်ရာသိထားသည်ဟု သူက ယုံကြည်၏။

သို့သော်

ပိုင်ရှင်းအား ယခု မည်သို့ လိုက်ရှာရပါမည်နည်း။

သူကတွေးရင်း အတွေးမှာ ပိုင်ရှင်းဆီရောက်သွားပြန်၏။

ပိုင်ရှင်းသည် အလွန်ထူးခြားသော မိန်းကလေးတစ်ယောက် ဖြစ်သည်ဟု သူက ခံစားမိ၏။

ပိုင်ရှင်းသည် မည်သည့်နေရာတွင် နေထိုင်ပါသနည်း။

သူမသိပါ။

Scanned with ACE Scanner

ကူးဆန်းသည်မှာ ပိုင်ရှင်းသည် မိမိအရေးကြုံသည့်အခါတွင် ပေါ်ပေါက်လာတတ်၏။

မည်သို့ဆိုစေ ... ပိုင်ရှင်းသည် အလွန် လှို့ဝှက်ထူးခြားသည်ဟု မှတ်ချက်ချမိ၏။

တစ်ဖန် သူ့အား သိုင်းပညာသင်ပေးသည့် ဧဝံမ်အား သတိရလာ၏။

ဧဝံမ်သည် မိမိက သူ့အား ပစ်ကာ သစ္စာဖောက်သွားသည်ဟု အထင်လွဲနေ၏။

သူသည် လုံမေအား ယင်းကျားရဲတိုက်သို့ ပို့ပေးပြီးလျှင် ဧဝံမ်အား သွားရောက်တွေ့ဆုံရန် စိတ်ကူးမိ၏။

သို့သော် ...

မိမိမှာ ဆေးလုံးပျောက်သွားသဖြင့် မူလရုပ်သွင် ပြန်မဖြစ်နိုင်သည့်အတွက် ဧဝံမ်က ယုံကြည်လိမ့်မည်မဟုတ်ဟု စိုးရိမ်မိ၏။

သူက ယင်းသို့တွေးနေစဉ် လုံမေ၏ သက်ပြင်းချသံကြား လိုက်၍ သတိဝင်လာ၏။

သူက လုံမေအား လှည့်ကြည့်လိုက်ရာ လရောင်အောက်၌ လုံမေ၏ မျက်ဝန်းအစုံတွင် မျက်ရည်ဝဲနေသည်ကို တွေ့လိုက်ရ၏။

စန့်ကွမ်းချစ်က ထိတ်ထိတ်ပျာပျာဖြစ်သွား၏။

"ညီမလေး ... ဘာဖြစ်လို့လဲ"

လုံမေသည် ခြေလှမ်းရပ်တန့်ကာ မြက်ခင်းပေါ်သို့ ထိုင်ချလိုက်၏။

စန့်ကွမ်းချစ်က သူမနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ရောက်ထိုင်ချလိုက်၏။

Scanned with ACE Scanner

"ညီမလေး ... ဘာဖြစ်လို့ ငိုနေရတာလဲ"

သူမက အတန်ကြာ တွေဝေနေ၏။

စန့်ကွမ်းချစ်သည် သူမအား ဆက်မမေးဝံ့ဘဲ စိုက်ကြည့်နေမိ၏။

အတန်ကြာမှ လုံမေက သက်ပြင်းတစ်ချက်ချလိုက်၏။

"ကျွန်မဘဝကို တွေးမိလို့ပါ"

စန့်ကွမ်းချစ်က စကားမဆိုဘဲ ဆက်၍နားထောင်နေ၏။

"ကျွန်မ အဖေရှိစဉ်က ကျွန်မက ဘာကိုမှ ပူပင်စရာမရှိဘဲ စိတ်ချမ်းသာစွာ နေထိုင်ခဲ့ရပါတယ်၊ အဖေ ကွယ်လွန်သွားပြီးတဲ့ အခါမှာ အစ်ကိုစန့်ကွမ်းချစ်က ကျွန်မကို ကယ်တင်ပြီး အစစအရာရာ စောင့်ရှောက်ခဲ့ပါတယ်၊ သူက ကျွန်မကို စောင့်ရှောက်ပါ့မယ်လို့ ကျွန်မအဖေကို ကတိပေးခဲ့ပါတယ်၊ ဒါပေမယ့် အခု သူက ဘယ်ရောက်နေမှန်း မသိပါဘူး"

စန့်ကွမ်းကျစ်၏ ရင်ထဲတွင် တစ်ချက်လှုပ်ရှားသွား၏။

"စန့်ကွမ်းချစ်က ကျုပ်ကို ကိစ္စတစ်ခု ရင်ဖွင့်ခဲ့ပါတယ်၊ ညီမလေးက မစပ်စုရဘူးဆိုလို့ ကျုပ်က မပြောတာပါ"

လုံမေက မျက်တောင်ခတ်ကာ ...

"သူက ဘာပြောခဲ့တာလဲ"

စန့်ကွမ်းချစ်က ...

"သူပြောတာတော့ ညီမလေး အဖေက သူနဲ့ ညီမလေးကို သဘောတူခဲ့တယ်တဲ့ ... အဲ့ဒါ ဟုတ်လား"

လုံမေက ခေါင်းငုံ့ကာ ညိတ်လိုက်၏။

"ဟုတ်ပါတယ်ရှင်"

Scanned with ACE Scanner

စန့်ကွမ်းချစ် ရင်ထဲတွင် တထိတ်ထိတ်ခုန်လာ၏။

"ညီမလေးကို စကားတစ်ခွန်းမေးမယ်၊ စိတ်မဆိုးပါနဲ့"

လုံမေက ...

"ဘာမေးမှာလဲ ..."

စန့်ကွမ်းချစ်က ...

"နောက်ပိုင်းမှာ ညီမလေးက ယင်းကျားရဲတိုက်က သခင်လေး ယင်းထိုက်နဲ့ စေ့စပ်ထားတယ်ဆိုတာကော ဟုတ်သလား"

လုံမေက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် ... ဒါပေမယ့် ..."

စန့်ကွမ်းချစ်က ...

"ညီမလေးက စန့်ကွမ်းချစ်ကို လက်ထပ်ဖို့ သဘောမတူလို့ ယင်းထိုက်ကို လက်ခံလိုက်တာလား"

လုံမေ၏ မျက်နှာပေါ်တွင် ဒေါသအရိပ်အရောင် သမ်းလာ၏။

"တော်ပြီ ... ရှင့်စကား ရပ်တော့ ..."

စန့်ကွမ်းချစ်က သက်ပြင်းတစ်ချက် ချလိုက်၏။

"ညီမလေးနဲ့ ယင်းထိုက် လက်ထပ်မယ့် သတင်းကို သူသိသွားတယ်၊ သူက စိတ်အလွန်ထိခိုက်သွားတယ်ဆိုတာပဲ ကျွပ် နားလည်ထားတယ်၊ အခု စန့်ကွမ်းချစ်က ညီမလေးကို လိုက်ရှာနေတယ်၊ နောက်ဆုံးမတွေ့ရင်တော့ ယင်းကျားရဲတိုက်ကို ရောက်လာလိမ့်မယ်လို့ ကျွပ်ယူဆတယ်"

လုံမေ၏ မျက်နှာ ကွက်ခနဲ ပျက်သွား၏။

သူမက တဖြည်းဖြည်း ခေါင်းငုံ့သွား၏။

သူမ၏ မျက်ဝန်းမှ မျက်ရည်များ လက်ဖမိုးပေါ် ကျလာသည်ကို စန့်ကွမ်းချစ် တွေ့လိုက်ရ၏။

သူ၏ရင်ထဲတွင် နာကျင်သော ဝေဒနာကို ခံစားလိုက်ရ၏၊ လုံမေသည် မိမိအပေါ် သံယောဇဉ်ရှိသည်ဟု စန့်ကွမ်းချစ်က ကောင်းစွာ နားလည်ပြီး မိမိ၏အဖြစမှန်ကို ဖွင့်ပြောရန် စိတ်ဆန္ဒ ဖြစ်လာ၏။

သို့သော် ...

မိမိ၏ ရုပ်သွင်မှာ အလွန်အကျည်းတန်သဖြင့် သူက ဖွင့်ဟပြောလျှင်လည်း လုံမေက ယုံကြည်မည်မဟုတ်မှန်း နားလည်၏၊

သူတို့ နှစ်ယောက်သည် စကားတစ်ခွန်းမှ မပြောတော့ဘဲ အတွေးကိုယ်စီဖြင့် ငြိမ်သက်တိတ်ဆိတ်သွားလေသည်။

❄ ❄ ❄

နံနက် ... ။

လေပြည်လေညှင်းများ အေးမြစွာ တိုက်ခတ်နေ၏။

အမှောင်ထုနေရာတွင် အလင်းရောင်က အစားထိုးဝင်ရောက်လာပြီ ဖြစ်၏။

မိုးကုတ်စက်ဝိုင်းတွင် အလင်းရောင်များ သမ်းလာပြီဖြစ်၏၊ မိုးစင်စင်လင်းလာပြီ ဖြစ်၏။

လုံမေက စတင်ရုပ်လိုက်၏။

စန့်ကွမ်းချစ်သည် အပျင်းတစ်ချက်ဆန့်ကာ ထရုပ်လိုက်၏၊ သူတို့နှစ်ယောက်သည် စကားတစ်ခွန်းမှ မပြောဘဲ ဆက်လျှောက်သွားကြ၏။

လုံမေ၏မျက်နှာ မကြည်မသာဖြစ်နေ၍ စန့်ကွမ်းချစ်ကလည်း စိတ်မကောင်းဖြစ်သွား၏။

သူက နှစ်သိမ့်စကားပြောရန် ပါးစပ်ဟလိုက်ပြီး ပြန်လည် ဝိတ်ထားလိုက်၏။

ဤသို့ပြင့် သူတို့ ဆက်လျှောက်သွားကြရာ သူတို့လျှောက်နေသော လမ်းမှာ တဖြည်းဖြည်း ခေါင်လွင်လာသည်ကို စန့်ကွမ်းချစ်က သတိပြုမိ၏။

သူက ခြေလှမ်းရပ်တန့်လိုက်၏။

"ညီမလေး ... ကျုပ်တို့ လမ်းမှားလာပြီထင်တယ်"

လုံမေက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... ကျွန်မတို့ လမ်းမှားလာတာ သုံးရက်ဆောင် ရှိပြီရှင့် ..."

စန့်ကွမ်းချစ်က အံ့အားသင့်သွား၏။

"လမ်းမှားနေတာကို သိရက်နဲ့ ဘာဖြစ်လို့ မပြောရတာလဲ"

လုံမေ၏ မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲလာ၏။

"ကျွန်မ ယင်းကျားရဲ့တိုက်ကို မသွားချင်ဘူး၊ ဒါကြောင့် လမ်းကို တမင်တကာ လွဲပြောင်းလျှောက်နေတာပါ"

စန့်ကွမ်းချစ်က မျက်မှောင်ကြုတ်သွား၏။

"ညီမလေးနဲ့ ယင်းထိုက်တို့က မကြာခင် လက်ထပ်တော့မှာပဲ၊ ညီမလေး မသွားလို့ဖြစ်မလား"

လုံမေ၏အသံမှာ တုန်ခါလာ၏။

"ဒါက ကျွန်မကိစ္စပါ၊ ရှင် စပ်စုစရာမလိုပါဘူး၊ ရှင် သွားချင်တယ်ဆိုရင် ကိုယ့်ဘာသာ ကိုယ်သွားပါ၊ ကျွန်မ မလိုက်ဘူး"

စန့်ကွမ်းချစ်က ကြောင်အံ့အဲ့ဖြစ်လာ၏။

လုံမေသည် ယင်းထိုက်နှင့် လက်ထပ်ရန် သဘောမတူသည့်မှာ သေချာနေသည်ကို နားလည်လိုက်၏။

လုံမေက စန့်ကွမ်းချစ်အား မချိုပြုံး ပြုံးပြလိုက်၏။

"ရှင့်တာဝန်က ကျွန်မကို ယင်းကျားရဲတိုက်ဆီ ပို့ပေးဖို့ပါ၊ အခု ကျွန်မ မသွားချင်တော့ဘူး၊ ဒါကြောင့် လမ်းခွဲကြရအောင်၊ တစ်ခုတော့ ပြောပါရစေ ... ရှင်က ယင်းကျားရဲတိုက်ကိုရောက်ရင် ကျွန်မအကြောင်း လုံးဝမပြောပါနဲ့ ..."

စန့်ကွမ်းချစ်သည် မည်သို့ပြောရမှန်းမသိဘဲငေးငိုင်သွားလေ၏။

လုံမေက သူ့အား ဦးညွှတ်လိုက်၏။

"ချိုကျားဂေဟာမှာ ကျွန်မကို ညှာတာတဲ့အတွက် နောင်အခွင့်သာရင် ကျေးဇူးဆပ်ပါ့မယ်၊ အခုတော့ ကျွန်မ သွားလိုက်ပါဦးမယ်"

သူမကပြောပြီး ချာခနဲ လှည့်လိုက်၏။

ထို့နောက် ကိုယ်ဖော့ပညာကို သုံးကာ ပြေးလွှားထွက်ခွာသွားလေတော့သည်။

စန့်ကွမ်းချစ်သည် ငေးငိုင်ကာ ကြည့်နေ၏။

သူ့ရင်ထဲတွင် ဖော်မပြနိုင်သော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရ၏။ သူက သတိဝင်လာသောအခါ လုံမေ၏ အရိပ်အရောင်ကိုပင် မတွေ့တော့ပါ။

"ညီမလေး ..."

သူက အော်ခေါ်ကာ လုံမေသွားရာဘက်သို့ ပြေးသွားလေတော့သည်။

❋ ❋ ❋

လျှို့ဝှက်သော မိန်းကလေးများ

စန့်ကွမ်းချစ်သည် လုံမေ၏နောက်သို့ ပြေးလွှားလိုက်သွားရင်း နောက်ဆုံး အလွန်ကျယ်ဝန်းသော မြစ်တစ်ခုအား တွေ့မြင်လိုက်ရ၏။

သူ၏သွားလမ်းအား တသွင်သွင်စီးဆင်းနေသော မြစ်က ဟန့်တားထား၏။

စန့်ကွမ်းချစ်သည် လုံမေအား မတွေ့ရတော့သဖြင့် စိတ်ပျက်သွားကာ မြစ်ကမ်းပါးတွင် ထိုင်ချလိုက်၏။

သူက တသွင်သွင်စီးနေသော မြစ်ရေကိုကြည့်ကာ အတွေးများ လွှင့်ပျံ့နေ၏။

ရုတ်တရက် သူ၏ခါးတွင် ကစ်ချက် ထုံကျဉ်သွားသည်ကို ခံစားလိုက်ရ၏။

တစ်စုံတစ်ယောက်က မိမိအား သွေးကြောပိတ်လိုက်မှန်း နားလည်လိုက်၏။

သူ၏ခန္ဓာကိုယ် တစ်ခုလုံး လှုပ်ရှား၍မရဘဲ ဖြစ်သွား၏။

Scanned with ACE Scanner

သူသည် ငေးမိငေးရာ ငေးနေသဖြင့် ယခုကဲ့သို့ စံလိုက်ရခြင်း ဖြစ်သည်ကို ကောင်းစွာ နောင်တရလာ၏။

သူ့နောက်မှ လူသည် သူ၏သွေးကြောများကို ဆက်လက် ပိတ်လိုက်ရာ သူက အားလုံးကို သိနေသော်လည်း စကားမပြောနိုင်ဘဲ ဖြစ်နေ၏။

ထိုစဉ် သူ့အား သွေးကြောပိတ်လိုက်သူက ရှေ့သို့လျှောက်လာကာ ပြုံးပြလိုက်၏။

"မင်းက အသက်ငယ်ငယ်နဲ့ ဘာကြောင့် အခုလို သေချင်ရတာလဲ"

စန့်ကွမ်းချစ်သည်-ထိုလူအား ကြည့်လိုက်၏။

မိမိထက် အသက်ငါးနှစ်ခန့်ကြီးမည်ဟုထင်ရသော သူတောင်းစား တစ်ယောက်ဖြစ်၏။

သူက စကားမပြောနိုင်သဖြင့် ထိုလူအား မျက်လုံးပြူး၍ ကြည့်လိုက်၏။

သူတောင်းစားက သူ့အားပြုံးပြလိုက်၏။

"မင်း ငါ့ကို မကျေနပ်ဘူးဆိုတာ ငါ နားလည်ပါတယ်၊ ဒါပေမယ့် တစ်နေ့ မင်း ငါ့ကိုနားလည်လာမှာပါ"

သူက စန့်ကွမ်းချစ်အား ထမ်းကာ ...

"ကဲ ... မင်းကို ငါနေတဲ့နေရာကို ခေါ်သွားမယ်"

ပြောပြီး စန့်ကွမ်းချစ်အား ပခုံးပေါ်ထမ်းကာ ခေါ်ဆောင်သွားလေတော့သည်။

❋ ❋ ❋

Scanned with ACE Scanner

သူတောင်းစား နေထိုင်သောနေရာမှာ ဘုံကျောင်းပျက်တစ်ခု ဖြစ်၏။

ယင်းဘုံကျောင်းပျက်သည် မြို့လေးတစ်မြို့ အစွန်အဖျားတွင် ရှိ၏။

သူတောင်းစားသည် စန့်ကွမ်းချစ်အား ဘုံကျောင်းပျက်အတွင်း ရှိ စားပွဲခုံတစ်ခုအောက်တွင် ထည့်ထားလိုက်၏။

ထိုစားပွဲမှာ အမွေးတိုင်၊ ဖယောင်းတိုင်များ ထွန်းညှိပူဇော်သော စားပွဲဖြစ်၏။

စားပွဲရှေ့တွင် အနီရောင်အဝတ် ကာထားသဖြင့် စန့်ကွမ်းချစ်က စားပွဲအောက်တွင် ရှိနေသည်ကို အပြင်ဘက်မှ လူများ မြင်နိုင်မည် မဟုတ်ပါ။

သူတောင်းစားက စန့်ကွမ်းချစ်အား နေရာတကျ ထားပြီးမှ ပြုံးပြကာ ...

"မင်း ခေါင်းအေးအေးထားပြီး စဉ်းစားပါ၊ ကိုယ့်ကိုယ်ကို သတ်မသေဘူးလို့ စိတ်ပြောင်းမှ ကျုပ်က သွေးကြောဖွင့်ပေးမယ်၊ ပြဿနာတစ်ခုခုဖြစ်လာရင် ကိုယ့်ဘဝကို အဆုံးမခံပါနဲ့၊ ဖြေရှင်းနိုင်မယ့် နည်းလမ်းကို စဉ်းစားပါ"

စန့်ကွမ်းချစ်သည် ပြန်ပြောရန်မှာ အသံမထွက်သဖြင့် ကြောင်တောင်တောင်ဖြင့် ကြည့်နေ၏။

သူတောင်းစားက စကားဆက်လိုက်၏။

"ကဲ ... ငါဖိုက်ဆာပြီ၊ မင်းလည်း ဖိုက်ဆာရောပေါ့၊ ငါစားစရာ သွားရှာဦးမယ်၊ မင်း ဒီမှာအေးအေးဆေးဆေး နေပါ"

စန့်ကွမ်းချစ်သည် အလွန်ခံပြင်းနေ၏။

Scanned with ACE Scanner

သူသည် ထိပ်တန်းသိုင်သမားများစွာနှင့် အကြိမ်ကြိမ် ယှဉ်ခဲ့ဖူး၏။

သူက အမြဲအနိုင်ရခဲ့၏။

ယခုမူ မိမိက အငိုက်မိသွားသောကြောင့် သူတောင်းစားတစ်ယောက်၏ သွေးကြောပိတ်ခြင်းကို ခံလိုက်ရ၏။

သူသည် ခံပြင်းကာ ရုက်စိတ်ဖြင့် မျက်နှာတစ်ခုလုံး နီရဲလာ၏။

ထိုစဉ် မိန်းကလေး နှစ်ယောက်၏ စကားပြောသံကို ကြားလိုက်ရ၏။

ထိုအသံများ ကြားလိုက်ရသောအခါ စန့်ကွမ်းချစ်က အံ့သြဝမ်းသာသွား၏။

ထိုအသံရှင်များအား သူက သိထားသည်မဟုတ်ပါလား။

တစ်ယောက်မှာ သူ၏ဆရာဝေဝမ်ဖြစ်ကာ ကျန်တစ်ယောက်မှာကြယ်တာရာဂိုဏ်းမှ မိုင်ရှင်းဖြစ်၏။

သူက မိုင်ရှင်းနှင့် ဝေဝမ်ကြားစေရန် ခြေထောက်ဆောင့်လိုက်၏။

သူက မည်မျှ ကြိုးစားစေကာမူ ခြေထောက်များမှာ လုံးဝလှုပ်ရှား၍ မရဘဲဖြစ်နေ၏။

ထိုအချိန်မှာပင် ဝေဝမ်နှင့် မိုင်ရှင်းသည် ဘုံကျောင်းပျက်ထဲဝင်လာ၏။

ဝေဝမ်၏အသံ ထွက်ပေါ်လာ၏။

"မမ ... ကျွန်မတို့ ဒီမှာ ခဏနားကြရင်မကောင်းဘူးလား။ တိုင်ပင်စရာရှိတာ တိုင်ပင်ကြတာပေါ့"

Scanned with ACE Scanner

ပိုင်ရှင်း၏အသံလည်း ထွက်ပေါ်ခဲ့သည်။

"ဟုတ်တယ် ... နို့မဟုတ်ရင် လမ်းမှာ သူများကြားသွားဦးမယ်"

သူမတို့ ထိုင်ချလိုက်သံ ကြားလိုက်ရ၏။

ပိုင်ရှင်းက ...

"အခု ညီမလေး ဘာအရင်ဆက်လုပ်မလဲ ..."

ဝေဝမ်က ...

"မမ ပေးထားတဲ့ တာဝန်အတိုင်း ကြိုးစားမှာပေါ့ ..."

ပိုင်ရှင်းက ...

"ညီမလေး ... မမ ဘယ်သူဘယ်ဟိုဆိုတာ ညီမလေးက လွှဲပြီး ဘယ်သူမှ မသိပါစေနဲ့"

ဝေဝမ်က ...

"စိတ်ချပါ မမ ... ကျွန်မ ဘယ်သူ့ကိုမှ မပြောပါဘူး"

ပိုင်ရှင်းက သက်ပြင်းတစ်ချက်ချကာ စကားဆက်လိုက်၏။

"ခြောက်လအတွင်းမှာ သိုင်းလောကရဲ့ အခြေအနေကို အတော်လေ့လာပြီးပါပြီ၊ ဥပဒေကို မလိုက်နာဘဲ ထင်ရာစိုင်းခဲ့ကြတဲ့ လူတွေကို ဥပဒေအရ ပြင်းပြင်းထန်ထန် အရေးယူဖို့ မမ အစီရင်ခံစာ တင်ပြီးပါပြီ"

ဝေဝမ်က ခစ်ခနဲ ရယ်မောလိုက်၏။

"ညီမလေးကိုတော့ ချမ်းသာပေးပါနော်"

ပိုင်ရှင်းက ရယ်မောလိုက်၏။

"ညီမလေးက မမကို ကူညီနေတဲ့ လူပါ၊ မမ ပြောတာ ဥပဒေမဲ့ လူသတ်မှု ကျူးလွန်နေတဲ့ လူတွေကိုပါ"

Scanned with ACE Scanner

ဝေဝမ်က ...

"ဟုတ်တယ် ... အဲဒီကိစ္စတော့ ပြင်းပြင်းထန်ထန် အရေးယူသင့်တယ်၊ ဒါမှလည်း လူသတ်တဲ့ အလေ့အကျင့်ကွယ်ပျောက်သွားမှာပေါ့"

ပိုင်ရှင်းက ...

"ဒါပေမယ့် လောလောဆယ် မမတို့ဘက်က အားနည်းနေတယ်၊ ဒါကြောင့် တရားမျှတတဲ့ လူတွေကို စည်းရုံးနိုင်မှဖြစ်မယ်"

ဝေဝမ်က ...

"မမကလည်း အမိန့်နဲ့ ဆင့်ခေါ်လိုက်ရင် လိုအပ်တဲ့ စစ်သည်တော်တွေ မရနိုင်ဘူးလား"

ပိုင်ရှင်းက ...

"ဒီလိုနေရာမျိုးမှာ စစ်သည်တော်အင်အားသုံးလို့ မဖြစ်ဘူး"

ဝေဝမ်က ...

"ဘာဖြစ်လို့လဲ / မမ ..."

ပိုင်ရှင်းက ...

"သိုင်းလောကသားတွေက ဒေသစွဲ၊ အတန်းအစားစွဲ တော်တော်ကြီးတယ်၊ မမက စစ်သည်တော်အင်အား သုံးလိုက်ရင် သူတို့က အထင်လွဲသွားနိုင်တယ်၊ ဒါဆိုရင် ကိုယ်လိုချင်တဲ့ အောင်မြင်မှု မရနိုင်တော့ဘူး"

ဝေဝမ်က ခေါင်းညိတ်လိုက်၏။

"ဒီလိုကိုး ... ဒါဖြင့် ကျွန်မ ဘာလုပ်ပေးရမလဲ ..."

ပိုင်ရှင်းက ...

"အရေးကြီးဆုံးက ညီမလေးရဲ့ တပည့်ကို အရင်ဆုံးတွေ့အောင် ရှာရမယ်"

ဝေ့ဝမ်က နှုတ်ခမ်းစူလိုက်၏။

"အဲဒီ တပည့်အကြောင်းဆော့ မပြောပါနဲ့၊ သူက မိန်းကလေး တစ်ယောက်နောက်ကို လိုက်နေတာနဲ့ ဆရာကိုတောင် မေ့သွားပြီ"

ပိုင်ရှင်းက ရယ်မောလိုက်၏။

"ညီမလေးကို ကြည့်ရတာ ကိုယ့်တပည့်ကို ကိုယ်ပြန်စိတ်ဝင်စားနေပြီထင်တယ်"

ဝေ့ဝမ်က ...

"အမှန်အတိုင်း ဝန်ခံရရင် စိတ်ဝင်စားပါတယ်၊ ဒါပေမယ့် သူ့မှာ ချစ်သူရှိနေတော့လည်း ကျွန်မက ခွင့်လွှတ်ရမှာပေါ့၊ ကိုယ်က ဆရာကိုး ..."

ပြောပြီး တစ်ကိုယ်တည်း သဘောကျကာ ရယ်မောလိုက်၏။

"ဒါနဲ့ မမက်ကော သူ့အပေါ် သံယောဇဉ်မရှိဘူးလား"

ပိုင်ရှင်းက ...

"အမှန်အတိုင်း ဝန်ခံရရင် သံယောဇဉ်ရှိတာပေါ့၊ ဒါပေမယ့် မမလို လူစားက တာဝန်ကလွဲရင် ဘယ်ဟာကိုမှ ဦးစားပေးလို့မရဘူး မဟုတ်လား"

သူမက ဝေ့ဝမ်၏ လေသံအတိုင်း လိုက်ပြောပြီး ရယ်လိုက်၏။

ဝေ့ဝမ်က ရယ်မောပြီးမှ ...

"ကဲ ... ထားပါတော့လေ၊ သူ့ကို ဘယ်လိုက်ရှာရမှာလဲ ..."

ပိုင်ရှင်းက ...

"လုံမေကို တွေ့အောင်ရှာနိုင်ရင် သူ့ကိုလည်း တွေ့မှာပဲ"

ဝေ့ဝမ်က ...

Scanned with ACE Scanner

"လုံမေကို ဘယ်မှာရှာရမှာလဲ ..."

ပိုင်ရှင်းက ...

"နေရာနှစ်ခုမှာ ရှာရမယ်၊ တစ်ခုကတော့ ယင်းကျားရဲ့ တိုက်က၊ နောက်တစ်ခုကတော့ လုံမေနဲ့ ဇာတိမြေ ကျင်းလိမ်မြို့မှာတွေ့နိုင်တယ်"

ဝေ့ဝမ်က ထရုပ်လိုက်၏။

"ဒါဖြင့် သွားကြမလား ..."

ပိုင်ရှင်းက ...

"သွားတာတော့ ဟုတ်ပါပြီ၊ သူက တို့နောက် မလိုက်ရင် ဘယ်လိုလုပ်မလဲ"

ဝေ့ဝမ်က ...

"သူက မလိုက်ရင် လုံမေကို သတ်ပစ်မယ်"

ပိုင်ရှင်းက ရယ်မောလိုက်၏။

"ညီမလေးတောင် လူသတ်ဖို့ စိတ်ကူးလာပြီ ... ဟုတ်လား"

သူမတို့နှစ်ယောက်သည် ရယ်ရယ်မောမောဖြင့် ဘုံကျောင်းထဲမှ ထွက်ခွာလာခဲ့လေသည်။

စန့်ကွမ်းချစ်သည် သူမတို့ နှစ်ယောက်နှင့် တွေ့ဆုံလိုသော်လည်း လုံးဝမလှုပ်ရှားနိုင်သဖြင့် ငြိမ်သက်နေ၏။

❋ ❋ ❋

Scanned with ACE Scanner

လောဘစိတ်ကူး

စန့်ကွမ်းချစ်သည် မည်သို့မျှ မတတ်နိုင်ပါ။
စိတ်ရှည်ရှည်ထား၊ကာ စောင့်ဆိုင်းနေရ၏။
သူတောင်းစား ပြန်လာလျှင် သွေးကြောပြေပေးမည်ဖြစ်၏။
သွေးကြောကို အချိန်မီဖြေပေးနိုင်လျှင် မိမိက ပိုင်ရှင်တို့
နောက်သို့ လိုက်သွားနိုင်မည်ဖြစ်၏။

ကျင်းဖုန်းနှင့် ဝေဝမ် ပြောဆိုနေသော စကားများကို ဆက်
စပ်တွေးတောလိုက်သောအခါ ပိုင်ရှင်းသည် နေပြည်တော် တာဝန်
ကို လျှို့ဝှက်စွာ ထမ်းဆောင်နေရသော မင်းမူထမ်းတစ်ယောက်
ဖြစ်မည်ဟု ယုံကြည်မိ၏။

သူမသည် ကြယ်တာရာဂိုဏ်းဟူသော အမည်ဖြင့် သိုင်း
လောကသို့ ဝင်ရောက်ခြင်းမှာ လူတစ်ယောက်၏ အသက်ကို ယို့ယို့
ဆဆ သတ်ဖြတ်လေ့ရှိသော သိုင်းလောကတစ်ခုလုံးတွင် တရား
ဥပဒေ တည်တံ့ခိုင်မြဲရေးနှင့် သိုင်းလောကတစ်ခုလုံး ငြိမ်းချမ်းသာ
ယာရေးအတွက် လျှို့ဝှက်တာဝန် ထမ်းဆောင်နေခြင်းဖြစ်သည်ဟု
ဆင်ခြင်တွေးတောမိ၏။

ထို့ကြောင့် သူက ပိုင်ရှင်းနှင့် ဝေဝမ်နောက်သို့ လိုက်သွားနိုင်ရန် စီတ်ဆန္ဒ ပြင်းထန်နေခြင်းဖြစ်၏။

ရုတ်တရက် ...

"ဟား ... ဟား ... ဟား ..."

လူတစ်ယောက်၏ ရယ်မောသံကို ကြားလိုက်ရ၏။

စန့်ကွမ်းချစ်သည် ထိုအသံကို ကြားဖူးသည်ဟု ထင်မိ၏။

သူက ထိုလူအား မည်သူဖြစ်မှန်း သိချင်သော်လည်း မလှုပ်ရှားနိုင်သဖြင့် မကြည့်နိုင်ပါ။

ထိုအချိန်မှာပင် ...

"ဝုန်း ..."

ကျယ်လောင်သောအသံ ထွက်ပေါ်လာကာ ခေါင်းပေါ်တွင် ဟာလာဟင်းလင်း ဖြစ်သွား၏။

မိမိပုန်းအောင်းနေသော စားပွဲကို တစ်စုံတစ်ယောက်က တွန်းလိုက်ခြင်းပင် ဖြစ်၏။

တွန်းလိုက်သူမှာ ဟန်ရွှေဖြစ်၏။

စန့်ကွမ်းချစ်သည် ကြောင်အဲ့အဲ့ဖြစ်သွား၏။

ဟန်ရွှေသည် ယခင်ကနှင့်မတူဘဲ ဘဝလွန်ခြားနားသွားသည်ကို တွေ့ရ၏။

ဟန်ရွှေသည် ယခင်ကကဲ့သို့ သပ်ရပ်စွာ ဝတ်စားဆင်ယင်ခြင်းမရှိဘဲ ဆံပင်များ ရှုပ်ပွကာ တစ်ကိုယ်လုံး ညစ်ပတ်စုတ်ပြတ်နေ၏။

သူ၏မျက်လုံးများမှာ ကြောင်တောင်တောင် ဖြစ်နေသည်ဟု ထင်မိ၏။

Scanned with ACE Scanner

အကျိုဖြူနှင့်လူက နားလည်လိုက်၏။

သူက လဲလျောင်းနေသော စန့်ကွမ်းချစ်အား ကြည့်ကာ...

"မိတ်ဆွေရဲ့ပညာ ဒါပဲလား"

စန့်ကွမ်းချစ်က ထရပ်လိုက်၏။

လူငယ်သည် စန့်ကွမ်းချစ်အား မှတ်မိသွား၏။

"မင်းကို..."

စန့်ကွမ်းချစ်က ပြုံးလိုက်၏။

"တို့ ပြန်ဆုံကြပြန်ပြီ... ဟဲ... ဟဲ"

ထိုစဉ်...

"ဘာဖြစ်နေကြတာလဲ"

အသံနှင့်အတူ အဘိုးအိုတစ်ယောက်နှင့် အဘွားအိုတစ်ယောက် ကုန်ကျောင်းပျက်ထဲသို့ လှမ်းဝင်လာကြလေသည်။

❋ ❋ ❋

အလင်းမဲ့ ဂိုဏ်းချုပ်

စန့်ကွမ်းချစ်က ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး ..."

အဘိုးအိုက ...

"ဒါဖြင့် မင်းက ဘာကြောင့် လူမဲ့ဂိုဏ်းကိစ္စကို ဝင်ပြီး အကူ အညီပေးနေရတာလဲ"

စန့်ကွမ်းချစ်က မဲ့ပြုံး ပြုံးလိုက်၏။

"ခင်ဗျားက အလင်းမဲ့ဂိုဏ်းရဲ့ ဂိုဏ်းချုပ်မဟုတ်လား"

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ..."

စန့်ကွမ်းချစ်က ...

"ခင်ဗျားတို့ အလင်းမဲ့ဂိုဏ်းက လူသတ်တယ်၊ အိမ်ကို မီးရို့တယ်၊ ဒီလို မတရားလုပ်တာ ကြည့်မရလို့ ကျုပ်က ကူညီခဲ့တာပါ"

အဘိုးအိုက မျက်မှောင်ကုတ်သွား၏။

"မင်းက ဘာပြောနေတယ်ဆိုတာ သိရဲ့လား"

စန့်ကွမ်းချစ်က ရယ်မောလိုက်၏။

Scanned with ACE Scanner

"ကျုပ်က အရူးမှမဟုတ်တာ၊ ကိုယ်ပြောတာ ကိုယ်သိတာပေါ့"

အဘိုးအိုက ...

"ပြောစမ်း ... မင်းနာမည် ဘယ်သူလဲ"

စန့်ကွမ်းချစ်က ...

"ကျုပ်နာမည် စန့်ကွမ်းချစ်ပါ"

မြွေဟောက်ဘွားဘွားက ခေါင်းခါယမ်းလိုက်၏။

"မင်းလိမ်ပြောနေတာ၊ စန့်ကွမ်းချစ်ကို ငါတွေ့ဖူးတယ်"

စန့်ကွမ်းချစ်က ပခုံးတစ်ချက် တွန့်လိုက်၏။

"ခင်ဗျား မယုံရင်နေပေါ့"

အဘိုးအိုက ...

"မင်းဆရာ ဘယ်သူလဲ"

စန့်ကွမ်းချစ်က ...

"ဝေ့ဝမ် ... "

အဘိုးအိုက မျက်မှောင်ကြုတ်သွား၏။

"ဒီနာမည် ကျုပ်မကြဖူးပါလား၊ ဘယ်ဂိုဏ်းကလဲ"

စန့်ကွမ်းချစ်က ...

"ဝေ့ဝမ်ဂိုဏ်းကပါ၊ ကျုပ်ဆရာက မိန်းကလေးဗျ၊ အသက် (၁၈)နှစ်လောက်ပဲ ရှိသေးတယ်"

အဘိုးအိုက ဒေါသခြောင်းခြောင်း ထွက်လာ၏။

"မင်းက ငါ့ကို နောက်နေတာလား"

စန့်ကွမ်းချစ်က ပခုံးတစ်ချက်တွန့်လိုက်၏။

Scanned with ACE Scanner

"ကျုပ်က အမှန်အတိုင်း ပြောနေတာပါ၊ ခင်ဗျား မယုံရင် လည်း မတတ်နိုင်ဘူး"

အဘိုးအိုက သည်းမခံနိုင်တော့။

လက်ဝါးတစ်ဖက်တည်းဖြင့် စန့်ကွမ်းချစ်အား တိုက်နှိက် လိုက်၏။

သူတောင်းစားသည် စန့်ကွမ်းချစ်အကြောင်းကို မသိပါ။ သူက စန့်ကွမ်းချစ်အတွက် ဘိုးရိမ်ကာ ကမန်းကတန်း လက် ဝါးဖြင့် ခံပေးလိုက်၏။

သူ၏လက်ဝါးနှင့် အဘိုးအို လက်ဝါးတို့ ထိသွားသောအခါ

"ဝုန်း ..."

သူတောင်းစား၏ ခန္ဓာကိုယ်သည် နောက်သို့ လွင့်စင်သွား ၏။

စန့်ကွမ်းချစ်က ကမန်းကတန်း သွားရောက်ပွေ့တူလိုက်၏။

သူတောင်းစား၏ မျက်နှာတစ်ခုလုံး ညိုမည်းနေသည်ကို ဆွ. ရ၍ အဘိုးအို၏ လက်ဝါးတွင် အဆိပ်ပါသည်ကို တွေ့လိုက်ရ၏။

သူက သူတောင်းစားအား နံရံတွင်မှီ၍ ထိုင်စေကာ အဘိုးအို နှင့် မျက်နှာချင်းဆိုင်လိုက်၏။

"ခင်ဗျားက အဆိပ်ကို သုံးလိုက်တယ် ... ဟုတ်လား"

"ဟား ... ဟား ... ဟား"

အဘိုးအိုက ရယ်မောလိုက်၏။

"မင်းမသိရင် မှတ်ထားပါ၊ ကျုပ်နာမည်က ကျားရာစား"

စန့်ကွမ်းချစ်က လက်ဖြန့်လိုက်လေ၏။

"ဖြဆေးပေးပါ"

Scanned with ACE Scanner

ကျားရာစာက ရယ်မောလိုက်၏။

"ဖြေဆေးကို လိုချင်ရင် ငါ့ကိုနိုင်အောင် အစွမ်းပြစမ်းပါ"

စန့်ကွမ်းချစ်က တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

မြွေဟောက်ဘွားဘွားက ဟန့်တားလိုက်၏။

စန့်ကွမ်းချစ်က ...

"ခင်ဗျား ဖယ်စမ်းပါ"

မြွေဟောက်ဘွားဘွားက ...

"ကျုပ်က အလင်းမဲ့ဂိုဏ်းရဲ့ ဂိုဏ်းခွဲမှူးတစ်ယောက်ပါ၊ ကျုပ်ကိုနိုင်မှသာ ဂိုဏ်းချုပ်ကြီးကို ယှဉ်ပြိုင်ခွင့်ပြုမယ်"

စန့်ကွမ်းချစ်က မဲ့ပြုံးပြုံးလိုက်၏။

"ကောင်းပြီလေ ..."

သူကပြောပြီး မြွေဟောက်ဘွားဘွားအား တိုက်ခိုက်လိုက်၏။

ထိုစဉ် ဟန်ရွှေသည် ဘုံကျောင်းပျက်ထဲသို့ သွေးရူးသွေးတန်းဖြင့် ပြေးဝင်လာ၏။

စန့်ကွမ်းချစ်သည် ဟန်ရွှေက မိမိအိတ်ထဲသို့ ပဝါတစ်ထည် ထည့်သွားသည်ကို သတိရလာ၏။

သူက ထိုပဝါအား အမှတ်မထင် ဆွဲထုတ်လိုက်၏။

ဟန်ရွှေသည် ထိုအဝါရောင်ပဝါအား ရုတ်တရက် ဆွဲယူကာ ကခုန်အော်ဟစ်လိုက်၏။

"ဂြိုဟ်ကိုးလုံးသိုင်းကျမ်း ရပြီဟေ့"

ပြောပြီး ခုန်ပေါက်ပြေးထွက်သွား၏။

အဘိုးအိုသည် စန့်ကွမ်းချစ်နှင့် သူတောင်းစားအား လှည့်ပင် မကြည့်တော့ပါ။

"လိုက်ကြစမ်း"

အဘိုးအိုတို့ လူစုသည် ဟန်ရွေနောက်သို့ ပြေးလိုက်သွားကြလေသည်။

စန့်ကွမ်းချစ်က သက်ပြင်းတစ်ချက်ချလိုက်၏။

"ဩော် ... သိုင်းလောက်သားတွေဟာ တစ်ယောက်နဲ့ တစ်ယောက် သိုင်းပညာသာချင်လွန်းလို့ ရူးကုန်တော့မယ်"

သူက သူတောင်းစားအား ပွေ့ထူကာ ...

"မိတ်ဆွေ ဘယ်လိုနေသေးလဲ"

"သူဘာမှမဖြစ်နိုင်တော့ဘူး၊ ကျုပ်ဖြေဆေးရလိုက်ပြီ"

နောက်ဘက်မှ စကားသံ ထွက်လာ၏။

စန့်ကွမ်းချစ်က လှည့်ကြည့်လိုက်ရာ လူမွဲငါးယောက် ဝင်လာသည်ကို တွေ့လိုက်ရ၏။

စန့်ကွမ်းချစ်က မျက်မှောင်ကြုတ်သွား၏။

"ဖြေဆေး ဘယ်ကရလာတာလဲ"

အနီရောင်အင်္ကျီဝတ်ဆင်ထားသူက သူ့နောက်တွင် ပါလာသော ဝိန်ဝိန်သေးသေး လူတစ်ယောက်အား ညွှန်ပြလိုက်၏။

"သူက စောရလေးပါ၊ ခုနတုန်းက အလင်းမဲ့ဂိုဏ်းကလူတွေ ပြေးထွက်လာတုန်းမှာ အလစ်နိုက်ယူထားတာပါ"

သူက ပြောပြောဆိုဆိုဖြင့် ကြွေဘူးလေးတစ်ဘူးအား အဖုံးဖွင့်၍ အထဲမှ ဆေးလုံးများကို သွန်ကာ ဆေးလုံးတစ်လုံးကို သူတောင်းစား၏ ပါးစပ်ထဲသို့ ထည့်ပေးလိုက်လေသည်။

❁ ❁ ❁

သူတောင်းစားသည် ဆေးလုံးမြိုချပြီး တစ်ခဏအကြာတွင် ပြန်လည်သတိရလာ၏။

အနီရောင်အင်္ကျီနှင့်လူက သက်ပြင်းတစ်ချက်ချလိုက်၏။

"ကျုပ်တို့ လူမွဲဂိုဏ်းရဲ့ ဂိုဏ်းသားလေးကို တစ်ကြိမ်ကယ်ခဲ့ပြီးပြီ၊ အခုလည်း ဂိုဏ်းဌာနမှူးကို ကယ်တင်လိုက်ပြန်ပြီ၊ ကျုပ်တို့ ကျေးဇူးမဆပ်လို့ မဖြစ်တော့ဘူး"

သူက စန့်ကွမ်းချစ်အား ဦးညွှတ်လိုက်၏။

"ခင်ဗျား နာမည်က 'လွေ' လို့ ခေါ်ခဲ့တယ်နော်"

စန့်ကွမ်းချစ်က ...

"အမှန်တော့ ကျုပ်နာမည်က စန့်ကွမ်းချစ်ပါ၊ ကျုပ်က အကြောင်းကိစ္စတစ်ခုကြောင့် ကျုပ်ဖျက်ထားတာပါ"

အနီရောင်ဝတ်ဆင်ထားသူက ...

"ဩော် ... ဒါနဲ့ မိတ်ဆွေရဲ့ မျိုးနွယ်က စန့်ကွမ်းလား"

စန့်ကွမ်းချစ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

"ဇာတိကကော ..."

"ကျုပ်ဆရာပြောပြလို့ ဝိုက်နန်နယ်လို့ သိရပါတယ်"

အနီရောင်ဝတ်ဆင်ထားသူက ခေါင်းညိတ်ကာ ...

"ကဲ ... အခွင့်ကြုံတုန်း ကျုပ်တို့ဌာနကို လိုက်ခဲ့ပါ၊ ထမင်းဖိတ်ကျွေးပါရစေခင်ဗျာ"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ် သွားစရာရှိလို့ပါ"

"မငြင်းပါနဲ့ မိတ်ဆွေရယ် ... ကျုပ်တို့ ကျေးဇူးဆပ်တာကို

ခံပါဗျာ၊ ကျေးဇူးပြုပြီး ထမင်းတော့ လိုက်စားပါ၊ အချိန်မကြာစေရ
ပါဘူး"

စန့်ကွမ်းချစ်က ဆက်၍မငြင်းသာတော့ပါ။
သူက ဆောင်းညိတ်လိုက်လေတော့သည်။

Scanned with ACE Scanner

လူမဲ့ဂိုဏ်းဌာနချုပ်

စန့်ကွမ်းချစ်သည် လူမဲ့ဂိုဏ်းသားများနှင့်အတူ ဘုံကျောင်းပျက်ထဲမှ ထွက်လာ၏။

သူသည် အနီရောင်ဝတ်ဆင်ထားသောလူနှင့် သူ၏လူများခေါ်ဆောင်ရာနောက်သို့လိုက်ရင်း လုံမေအတွက် စိုးရိမ်မိ၏။

လုံမေသည် ကျင်းလိန်မြို့သို့ ပြန်သွားသလား၊ ယင်းကျားရဲတိုက်သို့ ပြန်ဝင်သွားသလား သူက မသိပါ။

သူသည် ပိုင်ရှင်းအား တွေ့ချင်မိ၏။

ပိုင်ရှင်းသည် မိမိ၏မိဘကိုသတ်သွားသော ရန်သူအား သိနိုင်၏။

ယခု ပိုင်ရှင်းအား မည်သည့်နေရာသို့ လိုက်ရှာရမှန်းမသိဘဲ အခက်ကြုံနေ၏။

သူက စဉ်းစားရင်း ဝေဝမ်ကိုလည်း သတိရလာ၏။

ဝေဝမ်းအားတွေ့လျှင် ပိုင်ရှင်းရှိမည့်နေရာကို သိနိုင်၏။

ထို့ပြင် မိမိမှာ ဆေးလုံးပျောက်ဆုံးသဖြင့် နဂိုရုပ်သွင် ပြန်မရတော့မည်ကို စိတ်ပျက်မိ၏။

Scanned with ACE Scanner

နဂိုရုပ်သွင် ပြန်မရလျှင် လုံမေ၏ မေတ္တာအား ပြန်ရတော့မည် မဟုတ်ပါ။

သူက တွေးရင်း ဝမ်းနည်းလာ၏။

"ခွပ်...ခွပ်"

ရုတ်တရက် အနီရောင်ဝတ်ဆင်ထားသူ၏ လက်ခုပ်တီးသံကို ကြားမှ ပြန်လည်သတိဝင်လာလေတော့သည်။

❁ ❁ ❁

လက်ခုပ်သီးသံကြားမှ စန့်ကွမ်းချစ်က သတိဝင်လာ၏။

ကြယ်ကလေးများ၏ အလင်းရောင်အောက်တွင် မြင် ်း တစ်ခုလုံးအား ဝိုးတဝါး တွေ့မြင်ရ၏။

သူရောက်ရှိနေသောနေရာသည် သုံးဘက်သုံးတန် တောင်တန်းများဝိုင်းကာ မြစ်တစ်စင်း တသွင်သွင်စီးဆင်းနေ၏။

မြစ်ရေစီးဆင်းနေသောကြောင့် ကြယ်ကလေးများ၏ အလင်းရောင်နှင့်ဟပ်ကာ စိမ်းဖန့်ဖန့်ဖြစ်နေ၏။

မြစ်ရေ၏အလယ်တွင် ရွက်လှေကြီးသဏ္ဌာန်များကို တွေ့ရ၏။

သို့သော်...ရွက်လှေပေါ်တွင် မီးရောင်လုံးဝမရှိပါ။

လက်ခုပ်သံများဆုံးသည်နှင့်တစ်ပြိုင်နက် လှေငယ်တစ်စင်းသည် ရွက်လှေကြီးဆီမှ ထွက်ခွာလာ၏။

တစ်ခဏအကြာတွင် မြစ်ကမ်းပါးသို့ ဆိုက်ကပ်လာ၏။

အနီရောင်ဝတ်ဆင်ထားသူနှင့်လူက စန့်ကွမ်းချစ်အား လှေငယ်ပေါ်သို့တက်ရန် ဟန်ပြင်လိုက်၏။

Scanned with ACE Scanner

"လေပေါ်တက်ပါခင်ဗျာ"

စန့်ကွမ်းချစ်က လေပေါ်သို့တက်လိုက်၏။

ကျန်လူများကလည်း လေပေါ်သို့တက်လိုက်ကြ၏။

လေငယ်သည် ရွက်လေ့ရှိရာသို့ လှော်ခတ်သွားလေတော့၏။

❋ ❋ ❋

ရွက်လေ့ကြီးသည် အတွင်းနှင့်အပြင် လုံ့ဝမတူပါ။

ရွက်လေ့ကြီး၏အထဲတွင် မီးရောင်ထိန်ထိန်လင်းနေ၏။

ရွက်လေ့၏တံခါးနှင့် ပြတင်းပေါက်များအား ထူထပ်သော အဝတ်များ ကာရံထားသောကြောင့် အတွင်းမှအလင်းရောင်သည် အပြင်ဘက်သို့ မထွက်ခြင်းဖြစ်၏။

ရွက်လေ့ထဲတွင် ဧည့်ခန်းတစ်ခုရှိနေ၏။

ခင်းကျင်းမွမ်းမံထားပုံမှာ သူဌေးသူကြွယ်၏ဧည့်ခန်းဟုထင်ရလောက်အောင်ပင် ခမ်းနားလှ၏။

အနီရောင်ဝတ်ဆင်ထားသူသည် စန့်ကွမ်းချစ်အား အကောင်းစားအရက်နှင့် စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံ၏။

စန့်ကွမ်းချစ်၏စိတ်ထဲတွင် ဤမျှချမ်းသာကြွယ်ဝသော လူတစ်စုက အဘယ်ကြောင့် လူမဲ့ဂိုဏ်းဟုခေါ်ဝေါ်နေကြသည်ကို နားမလည်နိုင်ဘဲဖြစ်နေ၏။

အနီရောင်ဝတ်ဆင်ထားသူက ကိုယ့်ကိုယ်ကို မိတ်ဆက်ပေးလိုက်၏။

"ကျုပ်နာမည်က ချူးရီပါ၊ လူမဲ့ဂိုဏ်းရဲ့လက်ထောက် ဂိုဏ်းချုပ်ပါ၊ ကျုပ်တို့ဂိုဏ်းချုပ်က မှာလိုက်ပါတယ်၊ သူ့ရဲ့သားလေးကို

ကယ်တင်တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ နောင် အရေး အခေါ်ကြုံ ကြိုရင် ကျုပ်တို့လူမဲ့ဂိုဏ်းတစ်ခုလုံးက လာပြီးကူညီပါ့မယ်လို့ မှာလိုက်ပါတယ်"

စန့်ကွမ်းချစ် ရင်ထဲတွင် ဒီတိုဖြစ်လာ၏။

"ဟုတ်ကဲ့...အခုလိုကြားရတာ ဝမ်းသာပါတယ်ဗျာ"

ချူးရီက သူ့အကဲခတ်ကြည့်ကာ...

"ဒါနဲ့ မိတ်ဆွေက ဓားမသုံးဘူးလား"

စန့်ကွမ်းချစ်က...

"သုံးပါတယ်ဗျာ၊ လမ်းမှာ ကျုပ်ရဲ့ဓား ပျောက်ဆုံးသွားလို့ပါ"

ချူးရီက ထိုင်ရာမှ ထလိုက်၏။

သူသည် နည်ခန်းနံရံတွင် ချိတ်ထားသော ဓားတစ်လက်ဖြတ်ကာ စန့်ကွမ်းချစ်အား လက်နှစ်ဖက်ဖြင့် ပေးလိုက်၏။

"ဒီဓားကို ကျုပ်တို့ လက်ဆောင်အဖြစ်ပေးပါတယ်"

စန့်ကွမ်းချစ်သည် ဓားအား ကြည့်လိုက်ရာ ၎င်းဓားသည် အလွန်ပေါင်းနွမ်းနေသည်ကို တွေ့လိုက်ရ၏။

ချူးရီက ပြုံးကာ...

"ဓားအိမ်ကတော့ ဟောင်းတယ်၊ ဒါပေမယ့် ဓားက အလွန် ထက်မြက်ပါတယ်"

စန့်ကွမ်းချစ်သည် ဓားအိမ်ထဲမှ ဓားအား ဆွဲထုတ်လိုက်၏၊ ဓားရောင် ပြေးလက်သွား၏။

"ဟာ...ဓားက တော်တော်တန်ဖိုးရှိတဲ့ ဓားပဲ"

သူကပြောရင်း ဓားအား သေသေချာချာကြည့်လိုက်ရာ မျက်နှာကွက်ခနဲပျက်သွား၏။

Scanned with ACE Scanner

အကြောင်းမှာ စားပေါ်တွင် "ငွိုက်နန်းစန့်ကွမ်းလူ" ဟု ရေးသားထားသည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်၏။

ထိုစားမှာ စန့်ကွမ်.ချစ်၏ဖခင် စန့်ကွမ်းလူ၏စားဖြစ်၏။

ချူးရီသည် စန့်ကွမ်းချစ်၏မျက်နှာ သုန်သုန်မှုန်မှုန်ဖြစ်လာသည်ကို တွေ့ရသဖြင့် အံ့သြသွား၏။

"မိတ်ဆွေ...ဘာဖြစ်လို့လဲ၊ ဒီစားကို မကြိုက်လို့လား"

စန့်ကွမ်းချစ်က ခေါင်းကိုဆတ်ခနဲမော့ကာ...

"ပြောစမ်းပါ...ဒီစား ဘယ်က ရတာလဲ"

သူ၏အသံမှာ အနည်းငယ်ခက်ထန်လာသည်ဖြင့် ချူးရီက အံ့အားသင့်သွား၏။

"ဒီစားကို ဘာကြောင့် ?လောက်အရေးတကြီးမေးရတာလဲ"

စန့်ကွမ်းချစ်က...

"ဒီစားပေါ်မှာ ကျွပ်အဖေရဲ့နာမည်ပါတယ်၊ ဒီစားက ကျွပ်အဖေရဲ့စားပဲ၊ ခင်ဗျားတို့ ဘယ်ကနေရလာတာလဲ"

ချူးရီက မျက်မှောင်ကြုတ်သွား၏။

"မင်းက ငွိုက်နန်စန့်ကွမ်းလူရဲ့သား...ဟုတ်လား"

စန့်ကွမ်းချစ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ခင်ဗျား ဒီစားကို ဘယ်ကရတာလဲ"

ချူးရီက...

"ကျွပ်တို့ဂိုဏ်းသားတွေက နေရာအနှံ့သွားနေကြတာ၊ ဒီစားကို ဂိုဏ်းသားတစ်ယောက်က ချိုပွတ်တစ်ခုထဲကတွေ့တာတဲ့၊ စားကို သူယူလာတုန်းက သွေးတွေစွန်းနေတယ်"

စန့်ကွမ်းချစ်သည် ရှိုလာမည့် သဲလွန်စပြတ်သွားသဖြင့် ဝမ်း နည်းလာ၏။

"ဒုက္ခပဲ... ကျုပ်မျှော်လင့်ထားတာတွေ သဲလွန်စပြတ်သွား ပြန်ပြီ"

ချူးရီက သူ့အား စာနာစွာကြည့်ကာ...

"နေပါဦးမိတ်ဆွေ... ဘယ်လိုဖြစ်တယ်ဆိုတာ ကျုပ်ကို ပြော ပြပါ၊ ကျုပ်တတ်နိုင်သလောက် ဂူညီပေးပါ့မယ်"

စန့်ကွမ်းချစ်သည် ချူးရီအား အဘယ်ကြောင့်မှန်းမသိ ခင်မင် ယုံကြည်မိ၏။

သူသည် သူ့ဘဝ အဖြစ်အပျက်များအား ပြန်လည်ပြောပြ လိုက်ပြီး...

"ကျုပ်ဆရာကတော့ ကျောက်စိမ်းလက်ကောက်တစ်ဖက် ပေးလိုက်ပါတယ်၊ ကျောက်စိမ်းလက်ကောက်ပေါ်မှာ နဂါးရုပ်ထွင်း ထားတယ်၊ ကျုပ်ရဲ့ ဟင်္သာရုပ်ထွင်းထားတဲ့ ကျောက်စိမ်း လက် လောက်တစ်ဖက် လက်ဝယ်ရှိနေတဲ့လူက ကျုပ်မိဘတွေကို သတ် သွားတဲ့ရန်သူပဲ၊ ဒါပေမယ့် အခုထိ ကျန်တဲ့လက်လောက်တစ်ဖက် ကို မတွေ့ရသေးဘူး"

ချူးရီသည် စန့်ကွမ်းချစ်၏ အဖြစ်အပျက်များကို သေချာစွာ နားထောင်ပြီးနောက် စန့်ကွမ်းချစ်အား စာနာသွားမိ၏။

ဤမျှရှုပ်ထွေးဖြောင့်မတ်ကာ စိတ်ကောင်းရှိသော လူငယ်လေး တွင် ကံကြမ္မာဆိုးကြုံရသဖြင့် ရင်နာမိ၏။

ထို့ကြောင့် စန့်ကွမ်းချစ် ပြုခဲ့သောကျေးဇူးတရားများကို

ဆောက်ကာ သူ၏ရန်သူကို ဖော်ထုတ်ပေးခြင်းဖြင့် ကျေးဇူးဆပ်မည်ဟု ဆုံးဖြတ်လိုက်လေသည်။

"ဒီမှာ စန့်ကွမ်းချစ်...မင်းရဲ့ဘဝအကြောင်းကို ကြားရတာ ကျုပ် တော်တော်စိတ်ထိခိုက်မိပါတယ်၊ နောက်ပြီး မင်းက ကျုပ်တို့ ဂိုဏ်းတစ်ခုလုံးရဲ့ ကျေးဇူးရှင်ပါ၊ ဒါကြောင့် မနက်ဖြန်ကစပြီး မင်းမိဘတွေကိုသတ်တဲ့ရန်သူကို ဖော်ထုတ်ပေးဖို့ ဂိုဏ်းချုပ်ကြီးကို တင်ပြပေးပါမယ်"

ထိုစကားကိုကြားရသောအခါ စန့်ကွမ်းချစ်မှာ ဝမ်းနည်းဝမ်းသာဖြစ်မိ၏။

'အခုလို ဦးရဲ့စကားကိုကြားရတာ ကျုပ်တော့ အားတက်လာရပါတယ်၊ ကျေးဇူးတင်ပါတယ်"

သူက ထိုင်ရာမှ ထလိုက်၏။

"ကျုပ် သွားစရာရှိသေးလို့ အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်"

ချူးရိုက ခေါင်းညိတ်လိုက်၏။

"ခင်ဗျားမှာ အရေးကြီးကိစ္စရှိနေရင်လည်း မတားတော့ပါဘူး"

သူက အိတ်ထဲမှ လေးထောင့်ကြေးပြားတစ်ချပ်ကို ယူကာ လှမ်းပေးလိုက်၏။

"ဒီကြေးပြားက ကျုပ်တို့လူမဲ့ဂိုဏ်းရဲ့ အမှတ်အသားပါ၊ အရေးကြီးရင် ဒီကြေးပြားကို ထုတ်ပြတာနဲ့ ကျုပ်တို့လူမိုက်ဂိုဏ်းသားတွေက လာကူညီပါမယ်"

စန့်ကွမ်းချစ်က လက်နှစ်ဖက်ဖြင့် လှမ်းယူလိုက်၏။

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

Scanned with ACE Scanner

သူကကြေးပြားအား ဆေးချွတ်သိမ်းဆည်းကာ စားကို ခါးတွင်ချိတ်လိုက်၏။

ချူးရိုက လှေငယ်ကလေးဖြင့် သူ့အား မြစ်ကမ်းပါးအထိလိုက်ပို့ပေးလေတော့သည်။

❁ ❁ ❁

Scanned with ACE Scanner

ဟံသာရုပ် ကျောက်စိမ်းလက်ကောက်

လုံမေသည် စန့်ကွမ်းချစ်နှင့်ခွဲခွာပြီးနောက် မိမိ၏ ဓာတိကျင်းလိန်မြို့သို့ ဦးတည်၍ထွက်ခွာလာခဲ့၏။

သူမသည် လမ်းခရီးတစ်လျှောက်တွင် စန့်ကွမ်းချစ်၏သတင်းကို စုံစမ်းခဲ့၏။

သူမသည် မိမိနှင့် အတူပါလာသော အကျည်းတန်သော လူငယ်မှာ သူမ၏နှလုံးသားထဲမှ စွဲလမ်းတမ်းတနေသော စန့်ကွမ်းချစ် ဖြစ်သည်ကို မသိပေ။

ကံကြမ္မာသည် ခန့်မှန်းရခက်လှ၏။

မိမိတွေ့လိုသူနှင့်ကွေကွင်းရပြီး မတွေ့မမြင်ချင်သောလူကိုမှ တိုက်တိုက်ဆိုင်ဆိုင် တွေ့ဆုံရပြန်၏။

နံနက်။

ဝေလီဝေလင်းအချိန်တွင်ပင် လုံမေသည် ချန်အန်းမြို့သို့ ရောက်ရှိလာ၏။ ချန်အန်းမြို့သည် သူမအလွန်ရင်းနှီးသောမြို့ ဖြစ်၏။

Scanned with ACE Scanner

ထို့ကြောင့် ချန်းအန်းမြို့တွင် အကောင်းဆုံးနှင့် အသန့်ရှင်းဆုံး တည်းခိုခန်းသို့ သွားလိုက်၏။

သူမက တည်းခိုခန်းထဲ လှမ်းဝင်လိုက်သည်နှင့် ပက်ပင်းတို့မိလေသည်။

"ညီမလေး"

ယင်းထိုက်က ဝမ်းသာအားရခေါ်လိုက်၏။

လုံမေသည် မမျှော်လင့်ဘဲ ယင်းထိုက်အား တွေ့လိုက်ရသဖြင့် သူမသည် ချာခနဲလှည့်ဂဟထွက်သွားရန် ခြေလှမ်းပြင်လိုက်၏။

ယင်းထိုက်က သူမ၏ရှေ့တွင် ပိတ်ရပ်လိုက်၏။

"ဘယ်လိုလုပ်တာလဲ ညီမလေးရယ်၊ အစ်ကိုဖြင့် လိုက်ရှာရတာ မောလှပါပြီ"

လုံမေက နှုတ်ခမ်းကို မဲ့လိုက်၏။

"ရှင်က ကျွန်မကိုလစ်ပြီး ထွက်ပြေးသွားတာ ကောင်းသလား"

ယင်းထိုက်သည် အလွန်ကောက်ကျစ်စဉ်းလဲကာ စကားတတ်သူဖြစ်၏။

"အို...ညီမလေး ဘယ်လိုပြောလိုက်တာလဲ"

သူ၏မျက်နှာသည် အလွန်ဝမ်းနည်းကြေကွဲသော ဟန်မူရာများ ပေါ်လွင်နေ၏။

"အစ်ကိုက ရန်သူကို မနိုင်မှန်းသိလို့ စစ်ကူသွားခေါ်တာပဲ၊ အစ်ကိုပြန်ရောက်လာတဲ့အခါမှာ ညီမလေးကို မတွေ့ရတော့ဘူး"

လုံမေသည် ယင်းထိုက်၏စကားကို မယုံသော်လည်း ဆက်မပြောတော့ပါ။

"ထားပါတော့လေ...ရှင်အခု ဘယ်သွားမလို့လဲ"

Scanned with ACE Scanner

ယင်းထိုက်က...

"အစ်ကိုက ဘယ်သွားစရာရှိလို့လဲ၊ ညီမလေးကိုသာ မတွေ့တွေ့အောင် လိုက်ရှာရမှာ"

သူကပြောပြီး ရင်ဘတ်ကို ဖိကာ စကားဆက်လိုက်၏။

"အခုတော့ နှတ်ကောင်းနှတ်မြတ် မ,စလို့ ညီမလေးနဲ့ ပြန်တွေ့ရတယ်"

သူက လုံမေ၏လက်ကိုဆွဲကာ...

"ကဲ...ထိုင်ပါဦးကွယ်၊ အစ်ကို အရေးကြီးတဲ့ကိစ္စပြောစရာရှိလို့"

ထိုအချိန် တည်းခိုခန်းတွင် ရှိနေသူများက နံနက်စာ စားသောက်ရန် ဧည့်ခန်းသို့ဆင်းလာကြသဖြင့် လုံမေသည် လူပုံအလယ်တွင် အရှက်ကွဲမည်ကိုစိုးကာ ယင်းထိုက်ဆွဲခေါ်ရာသို့ လိုက်ပါသွား၏။

ယင်းထိုက်သည် လုံမေအား ပြတင်းပေါက်နှင့်ကပ်လျက် စားပွဲသို့ ခေါ်ဆောင်သွား၏။

"လက်ဖယ်စမ်းပါ"

လုံမေသည် ယင်းထိုက်၏လက်ကို ပုတ်ချကာ ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။

ယင်းထိုက်က မျက်နှာချိုသွေးလိုက်၏။

"ညီမလေး...ဘာမှ မစားရသေးဘူးထင်တယ်"

သူကပြောပြီး ဆိုင်လုလင်အား နံနက်စာနှစ်ပွဲမှာကြားလိုက်၏။

လုံမေက သူ့အား စိုက်ကြည့်လိုက်၏။

"ကဲ...တာပြောမလို့လဲ မြန်မြန်ပြော"

ယင်းထိုက်က ပြုံးလိုက်၏။

"ညီမလေးကလည်း အခု တစ်ယောက်နဲ့တစ်ယောက် မေး ပြီပဲ၊ အေးအေးဆေးဆေးပေါ့"

လုံမေက...

"ကျွန်မ သွားစရာရှိသေးတယ်ရှင့်"

ယင်းထိုက်က...

"ညီမလေးက ဘယ်သွားမလို့လဲ"

လုံမေက...

"ဒါ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ၊ ရှင်မေးစရာ မလို ပါဘူး"

ယင်းထိုက် ခေါင်းခါယမ်းလိုက်၏။

"ညီမလေး ဘယ်မှမသွားရဘူး"

လုံမေက မျက်မှောင်ကြုတ်ကာ...

"ရှင် ဘယ်လိုပြောလိုက်တာလဲ"

ယင်းထိုက်က ပြုံးလိုက်၏။

"ညီမလေးက အစ်ကို့ဇနီးလောင်းဖြစ်နေပြီဆိုတာ မေ့နေ လား"

လုံမေက မဲ့ပြုံးပြုံးလိုက်၏။

"ဒါက ရှင်တို့ဘက်က တစ်ဖက်သတ်စီစဉ်ခဲ့တဲ့ကိစ္စပါ၊ ကျွန်မ သဘောတူတယ်လို့ မပြောသေးပါဘူး"

ယင်းထိုက်က...

"ဒီကိစ္စက ညီမလေးအဖေကိုယ်တိုင် သဘောတူထားတဲ့ ကိစ္စ ပါ"

Scanned with ACE Scanner

လုံမေက ခေါင်းခါယမ်းလိုက်၏။

"ရှင်မှားနေပြီ၊ အဖေမကွယ်လွန်မီမှာ ကျွန်မကို အစ်ကို နှစ်ကွမ်းချစ်နဲ့ လက်ထပ်ခိုင်းခဲ့တာရှင့်"

ယင်းထိုက်၏မျက်နှာတစ်ခုလုံး သုန်မှုန်သွား၏။

"ဩော်...မင်းက ဒီကောင်ကို ကြိုက်နေတာကိုး၊ တော်တော် စရုက်နည်းတယ်"

သူ၏အသံသည် ကျယ်လောင်စွာ ဟိန်းထွက်လာ၏။

စားသောက်နေသူများသည် သူတို့ထံ လှည့်ကြည့်ကြကုန်၏။

လုံမေသည် ရှက်လွန်း၍ ခေါင်းငုံ့ထားလိုက်၏။

ယင်းထိုက်၏မျက်နှာသည် သုန်မှုန်ရာမှ ပြန်လည် ယွမ်းယွင်းဘ၏။

"စိတ်မဆိုးပါနဲ့ညီမလေး၊ အစ်ကိုက ရုတ်တရက် စိတ်ထိကိသွားလို့ အော်မိတာပါ"

သူက စကားဆက်လိုက်၏။

"ဖေဖေက ညီမလေးကိုပေးဖို့ လက်ဆောင်တစ်ခု ပေးလိုက်တယ်၊ မင်္ဂလာလက်ထပ်မယ့် အထိမ်းအမှတ်ပစ္စည်းတစ်ခုပါ"

သူက ပြောပြောဆိုဆိုဖြင့် အင်္ကျီအိတ်ထဲမှ ကတ္တီပါဖြင့် ပိတ်ထားသော အထုပ်လေးတစ်ထုပ်အား နှိုက်ယူလိုက်၏။

အထုပ်အားဖြန့်လိုက်ရာ အလွန်လှပသော ကျောက်စိမ်းကောက်တစ်ဖက်ဖြစ်နေသည်ကို တွေ့ရ၏။

မိန်းကလေးဟူသည် ကျောက်သံပတ္တမြား၏အလှအပကို ခုံမင်ကိသည် မဟုတ်ပါလား။

လုံမေသည် ယင်းထိုက်အား မကျေနပ်သည့်ကြားမှပင် ထို ကျောက်စိမ်းလက်ကောက်အား လှမ်းကြည့်လိုက်၏။

ကျောက်စိမ်းလက်ကောက်မှာ အရည်အသွေး အလွန်ကောင်းမွန်သည့်အပြင် လက်ရာမြောက်သော ရွှေဟသံတစ်ကောင်ပုံ ထွင်းထားသည်ကို တွေ့ရ၏။

ယင်းထိုက်က ပြုံးလိုက်၏။

"ဒီလက်ကောက်ကို အထင်မသေးနဲ့နော်၊ ဖေဖေ နှစ်ပေါင်းများစွာ တရိတသေ သိမ်းလာတဲ့ လက်ကောက်ပါ"

လုံမေသည် စကားမပြောဘဲ ကျောက်စိမ်းလက်ကောက်အား အကဲခတ်ကြည့်လိုက်၏။

ယင်းထိုက်က ကတ္တီပါအဝတ်ဖြင့် စားပွဲပေါ်သို့ချထားလိုက်၏။

"ကဲ...ညီမလေး ဝတ်လိုက်လေ"

လုံမေက ခေါင်းခါယမ်းလိုက်၏။

"ကျွန်မ မဝတ်ချင်ဘူး"

ယင်းထိုက်က ပြုံးလိုက်၏။

"ဒီလက်ကောက်ကို အထင်မသေးပါနဲ့၊ ဖေဖေက သူ့ရန်သူရဲ့ လက်ထဲကနေ အောင်ပွဲခံတဲ့ အထိမ်းအမှတ်နဲ့ယူပြီး အမှတ်တရ သိမ်းထားကာဗျ၊ အခုတော့ ညီမလေးကို ဝမ်းသာစေချင်လွန်းလို့ အစ်ကို့ကိုတစ်ဆင့် ပေးခိုင်းလိုက်တာပါ"

လုံမေက...

"ဒီကိစ္စကို ကျွန်မ မဆုံးဖြတ်ရသေးဘူး၊ ဒါကြောင့် ကျွန်မ စဉ်းစားဦးမယ်"

Scanned with ACE Scanner

ယင်းထိုက်က ခွဲမလျှော့ဘဲ ပြုံးကာ...

"ဒီလက်ကောက်က နောက်တစ်ဖက်ရှိသေးတယ်၊ ကျန်တဲ့ တစ်ဖက်က နဂါးရုပ်ထွင်းထားတာ၊ အဲဒါကို အစ်ကိုလိုက်ရှာနေတယ်၊ တွေ့ရင် ဘယ်လောက်ပေးရပေးရ ဝယ်ပြီး ညီမလေးကို ပေးဖို့ စိတ်ကူးပြီးသားပါ"

လုံမေက ခေါင်းခါယမ်းလိုက်၏။

"မလိုပါဘူးရှင်၊ ကကယ့်မေတ္တာသာစစ်မှန်ရင် ဘာကိုမှ မလို ပါဘူး"

ယင်းထိုက်က အနည်းငယ်ဒေါသထွက်လာ၏။

"ညီမလေး သေချာစဉ်းစားပါ၊ တို့လက်ထပ်ခယ်သတင်းက သိုင်းလောကတစ်ခုလုံး သိကုန်ကြပြီ၊ ဘာဖြစ်လို့ ယတိပြတ် ငြင်း နေရတာလဲ"

လုံမေက...

"ကျွန်မက ယတိပြတ်ငြင်းတာမဟုတ်ပါဘူး၊ စဉ်းစားဖို့အချိန် ပေးပါလို့ ပြောနေတာပါ"

ယင်းထိုက်က ရယ်မောလိုက်၏။

"စဉ်းစားစရာမလိုတော့ပါဘူးကွယ်၊ မင်းက အစ်ကို့ရဲ့ဇနီး လောင်းဆိုတာ အားလုံးက သိနေပြီပဲ"

သူကပြောရင်း လုံမေ၏လက်ကလေးအား ဖမ်းဆွဲလိုက်၏ ထိုစဉ် အလွန်ညစ်ပတ်ကာ သေးသွယ်သော လက်တစ်ဖက် သည် ပြတင်းပေါက်မှတိုးဝင်လာကာ စားပွဲပေါ်တွင် ချထားသော လက်ကောက်အား ဆွဲယူသွား၏။

လုံမေက ယင်းထိုက်၏လက်ကို ရုန်းဖယ်ကာ...

"ကျောက်စိမ်းလက်ကောက်ပါသွားပြီ"

ထိုစကားကြောင့် ယင်းထိုက်က ထိတ်ထိတ်ပျာပျာဖြစ်သွားကာ လုံမေ၏လက်အား လွှတ်လိုက်၏။

"ဘယ်သူ ယူသွားတာလဲ"

လုံမေက ပြတင်းပေါက်အပြင်ဘက်သို့ လက်ညှိုးညွှန်ကာ...

"ပြတင်းပေါက်အပြင်ဘက်ယူသွားတာ၊ ဘယ်သူမှန်းတော့ မတွေ့လိုက်ဘူး"

ယင်းထိုက်သည် ပြတင်းပေါက်မှ အပြင်ဘက်သို့ ကမန်းကတန်းပြေးထွက်သွား၏။

လုံမေကလည်း တည်းခိုခန်းထဲမှ ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်သွား၏။

ထိုစဉ် သူတို့စားပွဲနံဘေးမှစားပွဲတွင်ထိုင်နေသော အဘွားအို က ပြုံးလိုက်၏။

"ပွဲကြိုးပွဲကောင်းတော့ တွေ့တော့မှာပဲ"

ထိုအဘွားအိုမှာ စန့်ကွမ်းချစ်အပေါ် ခင်မင်နေမိသော ဗျိုင်းဖြူဘွားဘွားပင်ဖြစ်၏။

* * *

ယင်းထိုက်သည် ပြတင်းပေါက်အပြင်ဘက်သို့ရောက်သည်နှင့် ရှေ့သို့တစ်ချက်ဝှေ့ကြည့်လိုက်၏။

ပိန်ပိန်သေးသေးလူတစ်ယောက် လမ်းကြားလေးတစ်ခုထဲ ပြေးသွားသည်ကို တွေ့လိုက်ရ၏။

Scanned with ACE Scanner

ထိုလူမှာ ကျောက်စိမ်းလက်ကောက် ယူသွားသူဖြစ်မည်ဟု ဦးမိကာ နောက်မှ ကမန်းကတန်း လိုက်သွား၏။

သူတို့သည် ပြေးရင်းလွှားရင်းဖြင့် မြို့ပြင်ဘက်သို့ ရောက်လာ၏။

ယင်းထိုက်၏ကိုယ်ဖော်ပညာသည် ထိပ်တန်းအဆင့်တွင်ရှိ၏။

သို့သော်...

ပိန်ပိန်သေးသေးလူနှင့် ဝါးသုံးရိုက်ခန့်အကွာမှသာ လိုက်ပါနိုင်၏။

ရှေ့မှပြေးနေသော ပိန်ပိန်သေးသေးလူမှာ ယင်းထိုက်လိုက်ပါလာသည်ကို တွေ့ရသဖြင့် အလွန်ထူထပ်သော ချုံပုတ်တစ်ခုထဲသို့ ပြေးဝင်သွား၏။

"ဝုန်း"

ပိန်ပိန်သေးသေးလူသည် အထဲမှ တစ်ဖုံတစ်ယောက် တိုက်ဆိုက်မှုကိုခံရသဖြင့် အပြင်သို့လွင့်လာကာ မြေပေါ်သို့ လဲကျသွားလေသည်။

ယင်းထိုက်က ထိတ်လန့်စွာဖြင့် လှမ်းရပ်တန့်လိုက်၏။

ချုံပုတ်ထဲမှ လူနှစ်ယောက် အော်ဆောင်စွာ လှမ်းထွက်လာ၏။

တစ်ယောက်၏လက်ထဲတွင် ကျောက်စိမ်းလက်ကောက်ကိုင်ကာ သေချာစွာကြည့်ရှုနေသည်ကို တွေ့မြင်လိုက်ရ၏။

❄ ❄ ❄

စန့်ကွမ်းချစ်သည် ချွေးရိုက်ရွှဲလမ်းခွဲပြီးနောက် သူက မည်သည့်နေရာသို့သွားရမှန်းမသိဖြစ်နေ၏။

Scanned with ACE Scanner

လုံမေသည် ယင်းကျားရဲတိုက်သို့ ပြန်သွားသလော၊ ကျင်းလိန်မြို့သို့ ပြန်သွားသလော ဝေခွဲမရဖြစ်နေ၏။

နောက်ဆုံး လုံမေက ကျင်းလိန်မြို့သို့ ပြန်သွားခြင်းဖြစ်မည်ဟု တွေးမိကာ ကျင်းလိန်မြို့သို့ ထွက်ခွာလာခဲ့၏။

သူက လမ်းခရီးတွင် ခရီးသွားများအတွက် ဖွင့်လှစ်ထားသော လက်ဖက်ရည်ဆိုင်တစ်ခုတွင် ဝင်ထိုင်လိုက်သည်နှင့်...

"စန့်ကွမ်းချစ်"

သူ့နောက်မှခေါ်သံကြားလိုက်ရ၏။

စန့်ကွမ်းချစ်က မျက်မှောင်ကြုတ်သွား၏။

မိမိရုပ်ဖျက်ထားသည်ကို မည်သူက သိထားပါသနည်း သူကလှည့်မကြည့်သေးဘဲ အခြေအနေကို စောင့်ကြည့်နေ၏။

မိန်းကလေးတစ်ယောက်၏အသံ ထပ်မံထွက်ပေါ်လာ၏။

"ကြည့်စမ်း...သခင်မလေးခေါ်တာတောင် လှည့်မကြည့်ဘူး၊ ကျွန်မသွားပြီး ပါးရိုက်ရမလား"

စန့်ကွမ်းချစ်သည် ထိုအသံကိုကြားလိုက်ရသောအခါ လွန်စွာဝမ်းသာသွား၏။

ထိုမိန်းကလေးမှာ စင်းစင်းဖြစ်သည်ကို သိလိုက်သဖြင့် သူကနောက်သို့ ချာခနဲလှည့်ကြည့်လိုက်၏။

သူ့နောက်မှစားပွဲတွင် ပိုင်ရှင်းနှင့် စင်းစင်းထိုင်နေသည်ကို တွေ့လိုက်ရ၏။

သူက ကမန်းကတန်း အရှိအသေ ပေးလိုက်၏။

"မမကိုလိုက်ရှာနေတာနဲ့ အတော်ပဲ"

ပိုင်ရှင်းက အေးတိအေးစက်ဖြင့်...

Scanned with ACE Scanner

"ကျွန်မကို ဘာကိစ္စရှာရတာလဲ"

စန့်ကွမ်းချစ်က...

"ချိုကျားဟောမှာ ကျုပ်မိဘတွေကို သတ်တဲ့ရန်သူကို ကျုပ်မသိလိုက်ရဘူး၊ ငရဲကုန်းတစ္ဆေညီနောင်နဲ့ တိုက်ခိုက်နေတော့ အဲဒီကိစ္စကို မေ့သွားတယ်"

ပိုင်ရှင်းက...

"ဒါကတော့ ရှင်က ဟိုရောက်ရင် ဘယ်သူနဲ့မှ မတိုက်ခိုက်ရဘူးလို့ ပြောထားတာကို နားမမထောင်တာ"

စန့်ကွမ်းချစ်က ပါးစပ်ပိတ်ထားလိုက်၏။

ပိုင်ရှင်းက...

"ထားပါတော့လေ၊ ရှင်က အများအတွက်နဲ့ဝင်ပြီး ရန်ဖြစ်ရတာဆိုတော့ အပြစ်မတင်တော့ပါဘူး"

စန့်ကွမ်းချစ်က စိတ်သက်ရာ ရလာ၏။

"ဒါဖြင့် ကျုပ်မိဘတွေကိုသတ်တဲ့ရန်သူကိုသိထားရင် ကျေးဇူးပြုပြီးပြောပြပါဗျာ"

"ပြောပြလို့မဖြစ်သေးလို့ပါ၊ သက်သေအထောက်အထားကိုတွေ့မှ ဖြစ်မယ်မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့်..."

ထိုစဉ် ဆိုင်လုလင်က မုန့်နှင့်လက်ဖက်ရည်များ လာချပေးလိုက်၏။

ပိုင်ရှင်းက...

"ရှင်အချိန်တန်ရင် သိစေရမယ်လို့ ကျွန်မ ကတိပေးတယ်အခုတော့ လက်ဖက်ရည် သောက်လိုက်ပါဦး"

စန့်ကွမ်းချစ်က လက်ဖက်ရည်နှင့် မုန့်များ စားသောက်နေစဉ်မှာပင် ဆိုင်ထဲသို့ မိန်းကလေးတစ်ယောက် ခြေလှမ်းသုတ်သုတ်ဖြင့် ဝင်လာသည်ကို တွေ့လိုက်ရလေသည်။

❁ ❁ ❁

ဆိုင်ထဲသို့ဝင်ရောက်လာသူမှာ လုံမေဖြစ်၏။

သူမက ဆိုင်ထဲသို့ ဝေ့ကြည့်လိုက်ရာ စားပွဲတိုင်းတွင် လူပြည့်နေပြီး ယောကျ်ားများသာထိုင်နေသည်ကို တွေ့လိုက်ရ၏။

သူမက ပိုင်ရှင်းတို့စားပွဲရှိရာသို့ လျှောက်လာကာ...

"ကျွန်မ ဒီမှာ ထိုင်ပါရစေ"

ပိုင်ရှင်းက ဘာစကားမှမပြောပါ။

စင်းစင်းက ခေါင်းညိတ်လိုက်၏။

"ထိုင်ပါ"

လုံမေကထိုင်ချလိုက်တော့မှ အကျည်းတန်သော လူငယ်က မိမိအား ကြောင်အမ်းအမ်းဖြင့် ကြည့်နေသည်ကို တွေ့လိုက်ရ၏။

"ရှင်ကို"

စန့်ကွမ်းချစ်က ခေါင်းငုံ့ကာ ခေါင်းညိတ်လိုက်၏။

သူ၏မျက်ဝန်းအစုံတွင် မျက်ရည်များ ဝေ့ဝဲနေ၏။

လုံမေသည် အကျည်းတန်သောလူငယ်က အဘယ်ကြောင့် မျက်ရည်ကျနေသည်ကို နားမလည်နိုင်ဖြစ်နေ၏။

သူမသည် ပိုင်ရှင်းနှင့် စင်းစင်းအား တစ်လှည့်စီကြည့်လိုက်၏။

သူမက ပိုင်ရှင်းအား မှတ်မိသွား၏။

"မမကို ချိုကျားဂေဟာမှာ တွေ့ခဲ့ဖူးတယ်နော်"

Scanned with ACE Scanner

ပိုင်ရှင်းက ,ခေါင်းညိတ်လိုက်၏။

စင်းစင်းက စန့်ကွမ်းချစ်အား ကြည့်ကာ မဲ့ပြုံလိုက်၏။

"ယောကျ်ားဆိုတာ ချွေးနဲ့သွေးပဲထွက်ရတယ်၊ မျက်ရည် မထွက်ရဘူးရှင့်"

စန့်ကွမ်းချစ်က စိတ်တိုလာ၏။

"ခင်များမှာ အသည်းနှလုံးမှမရှိတာကိုး...ဒီလိုစကားမျိုး ပြော မှာပေါ့"

ပိုင်ရှင်းက သက်ပြင်းတစ်ချက်ချလိုက်၏။

"လူတွေက ကိုယ့်ဒုက္ခကို ကိုယ်ရှာနေကြတယ်"

စင်းစင်းက နှာခေါင်းရှဲ့ကာ...

"ကိုယ့်ချစ်သူကိုတွေ့လျက်နဲ့ အမှန်တရားကို မထုတ်ပြောခဲ့ တာ ယောကျ်ားမဆန်ဘူးရှင်"

စန့်ကွမ်းချစ်က ခေါင်းငုံ့ထားလိုက်၏။

လုံမေက သူတို့ပြောသည်များကို နားမလည်ဘဲ ဘုမသိ ဘမသိဖြင့်...

"ရှင်က ဘာဖြစ်လို့ ငိုရတာလဲ"

စင်းစင်းက ရယ်မောကာ...

"သူ့ချစ်သူကို တွေ့လျက်နဲ့ သူ့ကိုမခေါ်လို့ ဝမ်းနည်းနေ တာပါ"

လုံမေက မျက်မှောင်ကြုတ်သွား၏။

"ဩော်...သူ့မှာလည်း ချစ်သူရှိတာကိုး၊ သူ့ချစ်သူက သူ့ကို ဘာဖြစ်လို့ မခေါ်တာလဲ...မချစ်တော့လို့လား"

စင်းစင်းက ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး...သူ့ကို မမှတ်မိလို့ပါ"

"ရှင်တို့ပြောတာ ကျွန်မတော့ နားမလည်နိုင်ဘူး"

ထိုစဉ် ဆိုင်လုလင်က လုံမေအတွက် လက်ဖက်ရည်လာချပေးလိုက်၏။

ပိုင်ရှင်းက ပြုံးကာ...

"ဒဲ့...လက်ဖက်ရည် သောက်လိုက်ပါဦး"

လုံမေသည် စန့်ကွမ်းချစ်သား နားမလည်နိုင်စွာကြည့်ကာ လက်ဖက်ရည် သောက်လိုက်၏။

စန့်ကွမ်းချစ်တို့လူစုသည် လက်ဖက်ရည်နှင့် မုန့်များကို တိတ်ဆိတ်စွာ စားသောက်နေကြ၏။

လုံမေသည် အကျည်းတန်သောလူငယ်က မိမိအား မကြာမကြာ တိတ်တခိုးကြည့်နေသည်ကို သတိပြုမိ၏။

သူမက သဲ့သဲ့ယဝင်လာ၏။

တစ်ခဏကြာမှ ပိုင်ရှင်းက စကားစလိုက်၏။

"ရှင်က ခုပ်ဆိုးရတာကို သဘောကျနေလို့လား"

"ဗျာ..."

"ရှင်က တစ်သက်လုံး ဒီလိုရုပ်မျိုးနဲ့ နေသွားတော့မှာလားလို့ မေးတာ"

စန့်ကွမ်းချစ်သည် လုံမေ့ကြည့်ကာ ဆောင်းခါးလိုက်၏။

ပိုင်ရှင်းက...

"ဒါဖြင့် ကျွန်မဆေးထားတဲ့ဆေးလုံးကို ဘာဖြစ်လို့ သောက်တာလဲ"

Scanned with ACE Scanner

စန့်ကွမ်းချစ်က သက်ပြင်းတစ်ချက်ချကာ...

"ဆေးလုံး မြစ်ထဲကျသွားလို့ပါ"

စင်းစင်းက ရယ်မောလိုက်၏။

"ကောင်းတယ်ဟော်... ရှင်တစ်သက်လုံး ဒီလိုချမ်ဆိုးဆိုးဘဝနဲ့ နေသွားရတော့မယ်"

စန့်ကွမ်းချစ်က ဝမ်းနည်းစွာဖြင့် ခေါင်းငုံ့ထားလိုက်၏။

လုံမေသည် နားထောင်ရင်း ပို၍ပို၍ သံသယဝင်လာ၏။

သူမသည် အကျည်းတန်သောလူယေအား စိုက်ကြည့်ကာ...

"ရှင်တို့ ဘာတွေဖြစ်နေတာလဲ"

စန့်ကွမ်းချစ်က ခေါင်းငုံ့ထား၏။

ပိုင်ရှင်းက လုံမေအား အေးကိအေးစက်ဖြင့်ကြည့်ကာ...

"ကျွန်မ တစ်ခုမေးမယ်၊ ညီမက အမှန်အတိုင်းဖြေပါ"

"မေးပါ မမ"

"ညီမရဲ့ဖေေ မကွယ်လွန်မီက စန့်ကွမ်းချစ်နဲ့ လက်ထပ်ဖို့ မှာကြားခဲ့တာ အမှန်ပဲလား"

လုံမေ ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ပိုင်ရှင်းက...

"ဒါဖြင့် ညီမက သူနဲ့လက်ထပ်ဖို့သဘောတူလား"

လုံမေ၏မျက်ဝန်းရဲလာကာ ခေါင်းညိတ်လိုက်၏။

"ဟုတ်... ဟုတ်ကဲ့... မ"

ရှင်းက ပြုံးလိုက်၏။

"ညီမသဘောတူတာ သူက ရုပ်ချောတဲ့ယောကျ်ားဖြစ်နေလို့
လား"

လုံမေက ဝိုင်ရှင်အား မော့ကြည့်လိုက်၏။

ဝိုင်ရှင်းက...

"ကျေးဇူးပြုပြီး အမှန်အတိုင်းဖြေပေးပါ"

လုံမေက ခေါင်းညိတ်ကာ...

"အဓိကကတော့ သူ့ရဲ့ရိုးသားမှုရယ်၊ ကျွန်မအပေါ် ကြင်နာ
တာတွေ၊ ကျေးဇူးတရားတွေကြောင့်ပါ မမ"

ဝိုင်ရှင်းက လုံမေအား စိုက်ကြည့်ကာ...

"ဒါဖြင့် ညီမက ဘာကြောင့် ယင်းကျားရဲတိုက်သခင်လေး
ယင်းထိုက်ကို လက်ထပ်ဖို့သဘောတူတာလဲ"

လုံမေက ခေါင်းခါယမ်းလိုက်၏။

"ကျွန်မသဘောမတူပါဘူး၊ သူတို့တစ်ဖက်သတ်စီစဉ်တာပါ။
ဒီကိစ္စကိုငြင်းဖို့ ချိုကျားဂေဟာကို လိုက်သွားတာပါ၊ အခြေအနေ
ရှုပ်ထွေးနေလို့ ဦးလေးယင်းကျူချိုကို မပြောဖြစ်တာပါ၊ အစ်ကို
ယင်းထိုက်ကိုကော် ကျွန်မ ငြင်းလိုက်ပါပြီ"

စန့်ကွမ်းချစ်၏ မျက်လုံးအစုံ အနည်းငယ်တောက်ပလာ၏။

ဝိုင်ရှင်းက...

"ထားပါတော့လေ...တကယ်လို့ စန့်ကွမ်းချစ်က အကြောင်း
အမျိုးမျိုးကြောင့် အရုပ်ဆိုးအကျည်းတန်တဲ့လူဖြစ်နေရင် ညီမက
သူ့ကို ယူနိုင်ပါ့မလား"

လုံမေက စန့်ကွမ်းချစ်အား တစ်ချက်ကြည့်လိုက်၏။

စန့်ကွမ်းချစ်ကလည်း ကြည့်နေသဖြင့် မျက်လုံးချင်းဆုံသွား၏။

Scanned with ACE Scanner

လုံမေသည် စန့်ကွမ်းချစ်၏ မျက်လုံးများမှာ မိမိနှင့် ရင်းနှီးသည်ဟု ခံစားမိ၏။

သူ၏ မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်လာ၏။

"ရှင်"

"ဟုတ်တယ်၊ သူက စန့်ကွမ်းချစ်ပါ"

လုံမေသည် မယုံကြည်နိုင်လောက်အောင်ဖြစ်ကာ စန့်ကွမ်းချစ်အား စိုက်ကြည့်လိုက်၏။

ပိုင်ရှင်းက အေးတိအေးစက်ပြုံးကာ...

"သူက သူ့မိဘတွေကိုသတ်တဲ့ရန်သူကို တွေ့ချင်တယ်ဆိုလို့ ကျွန်မက ရုပ်ဖျက်ပေးလိုက်တာပါ၊ ဒါပေမယ့် ပေးထားတဲ့ ဖြေဆေးက မြစ်ထဲကျသွားပြီဆိုတော့ အခုလိုအကျည်းတန်တဲ့ဘဝနဲ့ပဲ ရောက်နေရတော့မှာပေါ့"

စင်းစင်းက သက်ပြင်းတစ်ချက်ချလိုက်၏။

"သူ့အဖြစ်က သနားစရာပါ၊ ချစ်သူကို တွေ့ချင်လျက်နဲ့ ကိုယ့်ဘဝကို အမှန်အတိုင်း မပြောရဲတဲ့ဘဝပါ"

လုံမေသည် ချိုကျားဂေဟာတွင် မိမိ၏တိုက်ခိုက်မှုကို လုံးဝခုခံခြင်းမပြုဘဲ အနာခံသွားသည့်အကြောင်းကို ပြန်လည်သတိရလာ၏။

မိမိအပေါ် အနစ်နာခံပုံ၊ မိုးမိုးပြောဆိုသည်များကိုခံခဲ့ပုံများအားဘရေးရေး ပြန်လည်မြင်ယောင်လာ၏။

သူမသည် စန့်ကွမ်းချစ်၏ကံကြမ္မာဆိုးကို တွေးမိကာ ရင်ထဲတွင် လှိုက်လှိုက်လဲလဲဖြစ်ကာ မျက်ရည်များစီးဆင်းကျလာလေသည်။

ပိုင်ရှင်းက ပြုံးကာ...

Scanned with ACE Scanner

"အခု ညီမက ဆုံးဖြတ်ပါ၊ စန့်ကွမ်းချစ်က လောကမှာ အကျည်းတန်ဆုံးယောကျ်ားဖြစ်နေပါပြီ၊ ညီမ သူ့ကိုလက်ထပ်နိုင်ပါ့မလား"

လုံမေ ငိုကြွေးနေဆဲဖြစ်၏။

သူမကအတန်ကြာ ငိုကြွေးပြီး ခေါင်းမော့လိုက်သောအခါ စန့်ကွမ်းချစ်အားမတွေ့ရတော့ပါ။

သူမက မျက်လုံးပြူးသွား၏။

"ဟင်... အစ်ကို စန့်ကွမ်းချစ် ဘယ်ရောက်သွားပြီလဲ"

စင်းစင်းက မဲ့ပြုံးပြုံးကာ...

"ဒီလိုရုပ်ဆိုးတဲ့ ယောကျ်ားကို ဘယ်သူက လိုချင်မှာလဲ၊ ဒါကိုသိလို့..."

ဆတ်ခနဲ ထရပ်လိုက်၏။

"သူက ဘယ်ကိုထွက်သွားတာလဲ"

ဝိုင်ရှင်းက အေးတိအေးစက်ဖြင့်...

"မသိဘူး"

လုံမေက ထိတ်ထိတ်ပျာပျာဖြစ်သွား၏။

"မဖြစ်ဘူး... ကျွန်မလိုက်သွားမယ်"

သူမသည် စန့်ကွမ်းချစ်နောက်သို့လိုက်သွားရန် ဟန်ပြင်လိုက်ရာ မိန်းကလေးတစ်ယောက်က စန့်ကွမ်းချစ်အား လည်ကုပ်မှဆွဲကာ ဆိုင်ထဲသို့ပြန်ဝင်လာသည်ကို တွေ့လိုက်ရ၏။

လုံမေ၏မျက်လုံးအစုံ ဝိုင်းစက်ပြူးကျယ်သွားလေသည်။

❁ ❁ ❁

စန့်ကွမ်းချစ်၏ လက်ကုပ်မှဆွဲကာ ဝင်လာသူမှာ မဲ့ဝမ်ပင်ဖြစ်၏။

သူမသည် လက်တစ်ဖက်ဖြင့် စန့်ကွမ်းချစ်၏ လည်ကုပ်ကိုဆွဲကာ လက်တစ်ဖက်မှ တုတ်တစ်ချောင်းကိုကိုင်ကာ စန့်ကွမ်းချစ်အား ရိုက်နေ၏။

"ကြည့်စမ်း...ရပ်ဖျက် ဘးတာတောင် ဆရာကို အသိမပေးဘူး၊ ကိုယ့်ဆရာကို မခေါ်မပြောနိုင်တာ ဘာဖြစ်နေလို့လဲ"

သူမကပြောရင်း တုတ်ဖြင့် အဆက်မပြတ်ရိုက်နေ၏။

စန့်ကွမ်းချစ်က တောင်းပန်နေ၏။

"ကျွန်တော်က ရန်သူကိုလိုက်ရှာနေတဲ့အခါမှာ သူများတွေ့သွားမှာစိုးလို့ ဆရာ့ကို မခေါ်တာပါ၊ တောင်းပန်ပါတယ်"

ဝဲ့ဝမ်က ခါးထောက်လိုက်၏။

"မမပိုင်ရှင်းသာမဖြေရင် မင်းလိမ်တာကို ငါဆက်ခံနေရဦးမယ်"

ထိုစဉ် ပိုင်ရှင်းက လက်ကာပြလိုက်၏။

"တော်ပါတော့ ညီမရယ်၊ သူလည်း တော်တော်ဒုက္ခရောက်နေပါပြီ"

ဝဲ့ဝမ်သည် လုံမေအား တွေ့မြင်သွား၏။

"ဩော်...သူလည်း ဒီရောက်နေတာကိုး"

သူမကပြောပြောဆိုဆိုဖြင့် စန့်ကွမ်းချစ်အား လက်လွှတ်ကာ ပိုင်ရှင်းတို့စားပွဲတွင် ဝင်ရောက်ထိုင်ချလိုက်၏။

ဝဲ့ဝမ်က သူ့တို့အားကြည့်ကာ...

"မမတို့ ဘာဖြစ်နေတာလဲ"

ပိုင်ရှင်းက ပြုံးကာ...

"မမက သူ့ရဲ့ချစ်သူကို မေးနေတာပါ၊ ဒီလောက်ရုပ်ဆိုးတဲ့လူကို လက်ထပ်ရဲပါ့မလားလို့"

ဝေဝမ်က လုံမေအားကြည့်လိုက်၏။

"သူက ဘာပြောသလဲ"

ပိုင်ရှင်းက လုံမေအားကြည့်လိုက်၏။

"ကဲ ညီမလေး...ဘယ်လိုသဘောထားသလဲဆိုတာ အားလုံးကို ပွင့်ပွင့်လင်းလင်း ပြောပြလိုက်ပါ"

ဝေဝမ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်...သေသေချာချာစဉ်းစားပြီးမှ ပြောနော်၊ ရုပ်ဆိုးတဲ့ ယောကျ်ားကိုယူထားရင် တစ်သက်လုံး ကဲ့ရဲ့ခံရလိမ့်မယ်"

လုံမေက ခေါင်းညိတ်လိုက်၏။

"စဉ်းစားစရာ မလိုတော့ပါဘူး၊ သူက ဘာပဲဖြစ်နေပါစေ ကျွန်မရဲ့ ခင်ပွန်းလောင်းပါ"

စန့်ကွမ်းချစ်၏မျက်လုံးအစုံ ဝိုင်းဝက်ပြူးကျယ်သွားလေသည်။

"ညီမလေးက ဘာပြောလိုက်တာလဲ"

လုံမေက သူ့အားစိုက်ကြည့်ကာ...

"အစ်ကို ဘယ်လောက်ပဲရုပ်ဆိုးနေပါ၊စေ ကျွန်မလက်ထပ်ယူရဲပါတယ်"

စန့်ကွမ်းချစ်သည် သတိလက်လွတ်ဖြစ်ကာ ဝမ်းသာအားရ ထခုန်လိုက်၏။

"ဝမ်းသာလိုက်တာဗျာ... ကျုပ်ဘယ်လိုဝမ်းသာရမှန်းတောင် မသိတော့ဘူး"

သူက ယင်းသို့ ဝမ်းသာအားရထအော်ပြီးမှ စိတ်ပျက်စွာ ထိုင်ချလိုက်၏။

စင်းစင်းက မျက်မှောင်ကြုတ်သွား၏။

"ရှင်က ဘာဖြစ်သွားတာလဲ"

"မဖြစ်နိုင်ပါဘူးဗျာ"

ဝေဝမ်က...

"ဘာကိုမဖြစ်နိုင်တာလဲ"

စန့်ကွမ်းချစ်က လုံမေအား စိတ်မကောင်းစွာကြည့်ကာ...

"ကျုပ်ကိုယူရင် သူက တစ်သက်လုံး စိတ်ဆင်းရဲနေရမှာပေါ့"

ပိုင်ရှင်းက လုံမေအားကြည့်ကာ...

"ညီမ ကြားရဲ့လား"

စင်းစင်းကလည်း...

"ဒီလောက် အကျည်းတန်တဲ့လူကိုယူရင် လူရှေ့သူရှေ့မှာ ချပြဝံ့ပါ့မလား"

လုံမေက ပြုံးလိုက်၏။

"သူသာ မကယ်ရင် ကျွန်မလည်း လောကပေါ်မှာမရှိတော့ပါဘူး၊ ကျွန်မအဖေရဲ့အလောင်းကိုလည်း သူပဲမြေမြှုပ်သင်္ဂြိုဟ်ခဲ့တာပါ၊ သူ ဘယ်လိုအခြေအနေပဲဖြစ်နေပါစေ ကျွန်မ ကျေကျေနပ်နပ်လက်ထပ်ယူရဲတယ်ဆိုတာ သိုင်းလောကတစ်ခုလုံးကို ကြေညာပါတယ်"

စန်းကွမ်းချစ်သည် လုံမေ၏စကားကိုကြားလိုက်ရသောအခါ သူ၏မျက်ဝန်းအစုံတွင် တောက်ပသော အရိပ်အယောင်များဖြစ်ပေါ်လာလေတော့သည်။

❁ ❁ ❁

ပိုင်ရှင်းနှင့် ဝေဝမ်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ပြုံးတူခေါင်းညိတ်လိုက်၏။

ပိုင်ရှင်းက စင်းစင်းဘက်လှည့်ကာ...

"ကဲ...ဒီလောက်သိရရင် တော်လောက်ပါပြီ၊ သူ့ကိုဖြေဆေးတစ်လုံး ပေးလိုက်ပါ"

စင်းစင်းက အသင့်ပါလာသော ကြွေဘူးလေးက ဖွင့်လိုက်၏။

ထို့နောက် အဖြူရောင်ဆေးလုံးတစ်လုံးထုတ်ပေးကာ စန်းကွမ်းချစ်အား တိုက်လိုက်၏။

စန်းကွမ်းချစ်က ကြောင်အမ်းအမ်းဖြစ်သွား၏။

စင်းစင်းက...

"ရှင်က သခင်မလေးကို ကျေးဇူးတင်စကားမပြောတော့ဘူးလား"

စန်းကွမ်းချစ်သည် ဝမ်းသာ၍မဆုံးတော့ပါ။

သူက ပိုင်ရှင်အား ရိုသေစွာ ဦးညွှတ်လိုက်၏။

"ကျေးဇူးတင်လိုက်တာ မမရယ်"

ဝေဝမ်က မျက်မှောင်ကြုတ်သွား၏။

"မင်းကို အချိန်မီဆွဲခေါ်လာတဲ့ငါ့ကိုကော ကျေးဇူးမတင်ဘူးလား"

Scanned with ACE Scanner

စန့်ကွမ်းချစ်သည် ဝေဝမ်အား ဒူးထောက်လိုက်၏။

"ဆရာရဲ့ကျေးဇူးကြောင့် ကျွန်တော်အခုလို သိုင်းလောကမှာ ရပ်တည်နေတာပါ၊ ဆရာ့ကိုကျေးဇူးတင်လို့ မဆုံးတော့ပါဘူး"

စင်းစင်းက...

"ကဲ...ဆေးလုံးကို မြန်မြန်မျိုချပါ၊ နောက်တစ်ခါ ပျောက်သွားရင်တော့ တာဝန်မယူတော့ဘူး"

မမျှော်လင့်သော တစ္ဆေ

ယင်းထိုက်သည် ခဲ့ဖူပုတ်ထဲမှထွက်လာသော လူနှစ်ယောက်အား တွေ့မြင်လိုက်ရသောအခါ ထိတ်လန့်တုန်လှုပ်သွား၏။

သို့သော်...

သူ၏ကျောက်စိမ်းလက်ကောက်မှာ ထိုလူနှစ်ယောက်ထဲတွင် ရောက်ရှိနေသဖြင့် သူက အရဲစွန့်ကာ တောင်းလိုက်ရ၏။

"ဒီပစ္စည်းက ကျုပ်ပစ္စည်းပါ၊ ခါးပိုက်နှိုက်ကလုယူသွားလို့ ကျုပ်က လိုက်တောင်းတာပါ၊ ဒါကြောင့် ကျုပ်ကိုပြန်ပေးပါဗျာ"

ထိုလူနှစ်ယောက်မှာ ငရဲကုန်းတစ္ဆေညီနောင် ဖြစ်၏။

အရုပ်ရှည်သော အကိုးအိုက...

"မင်းက ဘယ်သူလဲ"

ယင်းထိုက်က...

"ယင်းကျားရဲတိုက်သခင် ယင်းကျူချီရဲ့သား ယင်းထိုက်ပါ"

ငရဲကုန်းတစ္ဆေနှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်၏။

"ယင်းကျားရဲတိုက်က ဆိုပါလား"

အရပ်ရှည်သောအဘိုးအိုက ယင်းထိုက်အား အကဲခတ်ကြည့်ကာ...

"မင်းက ယင်းကျူးချိုရဲ့သား ဟုတ်လား"

ယင်းထိုက်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

အရပ်ရှည်သောတစ်ဆွေက...

"မင်းအဖေဆီမှာ ဂြိုဟ်ကိုးလုံးသိုင်းကျမ်း သိမ်းဆည်းထားတယ်လို့ကြားတယ်၊ ဒါကြောင့် မင်းက ကျောက်စိမ်းလက်ကောက်ကို ပြန်လိုချင်ရင် ဂြိုဟ်ကိုးလုံးသိုင်းကျမ်းနဲ့ လဲရမယ်"

ယင်းထိုက်က- မျက်မှောင်ကြုတ်သွား၏။

"မဟုတ်တာဗျာ...ကျောက်စိမ်းလက်ကောက်က ကျွန်ုပ်ပစ္စည်းပဲ ဘာဖြစ်လို့လဲရမှာလဲ"

အရပ်ရှည်သောတစ်ဆွေက...

"အဲဒါပေါ့ ကျွန်ုပ်မသိဘူး၊ ကျွန်ုပ်ကမင်းလက်ထဲက လုယူတာမဟုတ်ဘူး၊ တခြားလူလက်ကယူတာ၊ ဒါကြောင့် မင်း တို့နဲ့ မဆိုင်ဘူး"

ယင်းထိုက် အနည်းငယ်စဉ်းစားလိုက်၏။

ငရဲကုန်းတစ်ဆွေနှစ်ယောက်အား ယင်းကျားရဲတိုက်သို့ လိမ်ညာခေါ်ယူကာ ကျောက်စိမ်းလက်ကောက်ကို ပြန်လည်လုယူရန်စိတ်ကူးမိ၏။

သူက ပြုံးပြလိုက်၏။

"ကောင်းပြီ...ခင်ဗျားတို့နှစ်ယောက် ကျွန်ုပ်နဲ့အတူ ယင်းကျားရဲတိုက်ကို လိုက်ခဲ့ပါ"

အရပ်ရည်သောတစ္ဆေက ရယ်မောလိုက်၏။

"ကောင်းတယ်၊ ကျုပ်တို့က မင်းအဖေနဲ့ တွေ့.ချင်သေးတယ်"

သူတို့နှစ်ယောက်သည် ယင်းကျားခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားလေသည်။

သူတို့သည် အတော်ဝေးဝေးရောက်မှ လဲကျနေသော ဝိန်ဝိန်သေးသေးနှင့်လူက ထလိုက်၏။

ထိုလူမှာ လူမွဲဂိုဏ်းမှ အလွန်အားထားရသော စောရလေးဖြစ်၏။

သူသည် ချူးရီ၏အမိန့်ဖြင့် စန့်ကွမ်းချစ်၏ရန်သူကို လိုက်လံရှာဖွေရင်း မမျှော်လင့်ဘဲ ကျောက်စိမ်းလက်ကောက်ကိုလုယူခဲ့ခြင်းဖြစ်၏။

သူသည် အဝေးသို့ ရောက်ရှိသွားသော ယင်းထိုက်တို့၏နောက်ကျောအားကြည့်ကာ မဲ့ပြုံးပြုံးလိုက်၏။

"ဒီတစ်ခါတော့ ကြောင်သူတော် ကြွက်သူခိုးကွေ အတိုရပ်အကုန်ပေါ်မှာ သေချာတယ်"

ဟုတစ်ယောက်တည်း ကြုံးဝါးလိုက်လေသည်။

❄ ❄ ❄

ပိုင်ရှင်းတို့လူစုသည် ချန်အန်းမြို့သို့ရောက်ရှိလာ၏။

သူတို့သည် တည်းခိုခန်းတစ်ခုထဲသို့ ဝင်ရောက်လိုက်သည်နှင့် ဆိုင်ရှင်က သူတို့အား ကြိုဆိုလိုက်၏။

"ကြွပါခင်ဗျာ... ည့်သည်တော်တို့အတွက် အခန်းတွေအားလုံး စီစဉ်ပြီးပါပြီ"

စန့်ကွမ်းချစ်က အံ့အားသင့်သွား၏။

"ဗျာ...ကျုပ်တို့အတွက် အခန်းကွေစီစဉ်ပြီးပြီ ဟုတ်လား"

ဆိုင်ရှင်က ပြုံးကာ ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့...အခန်းတွေ စီစဉ်ထားပြီတဲ့အပြင် ည့်သည်တွေ စားသောက်ဖို့အတွက်ပါ ငွေချေပြီးပါပြီ"

စန့်ကွမ်းချစ်သည် ပိုင်ရှင်းအား လှည့်ကြည့်လိုက်၏။

ပိုင်ရှင်းက ခေါင်းခါယမ်းကာ ဝေ့ဝမ်းအားကြည့်လိုက်၏။

ဝေ့ဝမ်ကလည်း ခေါင်းခါယမ်းလိုက်၏။

စန့်ကွမ်းချစ်က ဆိုင်ရှင်အား...

"ကျုပ်တို့ ဘယ်သူဘယ်ဝါအတွက်ဆိုတာ သိလားဗျာ"

ဆိုင်ရှင်က...

"မသိပါဘူးဗျာ၊ ဒါပေမယ့် လူတစ်ယောက်က ခင်ဗျားတို့ လူစုပုံစံကိုပြောပြီး ငွေချေသွားတာပါပဲ"

စန့်ကွမ်းချစ်သည် မိမိမျက်နှာအား လက်ဝါးဖြင့်ပွတ်ကြည့်ရာ အဖုအထစ်များပျောက်၍ ပြန်လည်ချောမွတ်နေသည်ကို တွေ့လိုက်ရ၏။

ထိုစဉ် တချိန်က မိမိအားသွေးကြောပိတ်ခဲ့သော သူတောင်းစားရောက်လာသည်ကိုတွေ့မြင်လိုက်ရ၏။

ဆိုင်ရှင်က ထိုလူအား ညွှန်ပြလိုက်၏။

"ဟော...ငွေကြိုပေးထားတဲ့လူက ဒီလူပါပဲဗျာ"

သူတောင်းစားက စန့်ကွမ်းချစ်အား ဦးညွှတ်လိုက်၏။

"အထဲကိုကြွပါခင်ဗျာ"

စန့်ကွမ်းချစ်က ပိုင်ရှင်းတို့အား ခေါင်းညိတ်ပြလိုက်၏။

Scanned with ACE Scanner

သူတို့သည်သူတောင်းစားနောက်သို့ လိုက်ပါသွားလေတော့သည်။

❁ ❁ ❁

ဤအခန်းသည် စားသောက်ဆိုင်၏ အထူးအခန်းဖြစ်၏။

ငွေကြေးတတ်နိုင်သူများ အနှောင့်အယှက်မရှိဘဲ အေးချမ်းစွာ စားသောက်နိုင်သောအခန်းဖြစ်၏။

ယခု သူတောင်းစားနှင့် စန့်ကွမ်းချစ်တို့လူစုသည် ယင်းအခန်းထဲ၌ ဝိုင်းပတ်ထိုင်ကာ စကားပြောနေကြ၏။

ဆိုင်လုလင်များက စားသောက်ဖွယ်ရာများ လာရောက်ချပေးလိုက်၏။

ထိုနောက် အခန်းတံခါးပြန်ပိတ်ကာထွက်ခွာသွားကြလေသည်။

သူတောင်းစားသည် စန့်ကွမ်းချစ်အား ထပ်မံဦးညွှတ်လိုက်၏။

"ခင်ဗျားထွက်သွားပြီးကတည်းက ကျုပ်တို့ဂိုဏ်းချုပ်က အဖွဲ့သားအားလုံးကို တပ်ဖြန့်ပြီး အချက်အလက်စုံစမ်းရှာဖွေကြတယ်၊ ကျုပ်တို့အဖွဲ့က ကျောက်စိမ်းလက်ကောက်တစ်ကွင်းကို ရရှိခဲ့တယ်"

စန့်ကွမ်းချစ်က စိတ်ဝင်စားလာ၏။

သူသည် သိမ်းဆည်းရရှိထားသော လက်ကောက်ကို ပြလိုက်၏။

"ဒီလက်ကောက်မျိုးလား"

သူတောင်းစားက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ဒါပေမယ့် ဟိုလက်ကောက်က ဟသံရုပ်ထွင်းထားတယ်"

Scanned with ACE Scanner

စန်.ကွမ်းချစ်ရင်ထဲတွင် လှုပ်ရှားလာ၏။

"အဲဒီလက်ကောက်ကော"

"လူနှစ်ယောက် လုယူသွားတယ်၊ ငရဲကုန်းတစ္ဆေညီနောင်လို့ ပြောတာပဲ"

စန်.ကွမ်းချစ်က...

"အဲဒီလက်ကောက် ဘယ်သူ့ဆီက ရတာလဲ"

လုံမေက ကြားဖြတ်ဝင်ပြောလိုက်၏။

"ယင်းထိုက်ဆီက..."

စန်.ကွမ်းချစ်က လုံမေအား အံ့အားသင့်စွာကြည့်လိုက်၏။

လုံမေက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ အစ်ကိုယင်းထိုက်က ကျွန်မကိုပေးတာ"

သူမသည် ယင်းထိုက်က ကျောက်စိမ်းလက်ကောက် အတင်းပေးသည့်အကြောင်းများကို အတိုချုံးပြောပြလိုက်၏။

စန်.ကွမ်းချစ်က မျက်မှောင်ကြုတ်သွား၏။

"ဒါဖြင့်..."

သူတောင်းစားက...

"မိတ်ဆွေ...တရားခံဖော်ဖို့ကိစ္စကို နောက်မှစဉ်းစားပါ၊ လောလောဆယ် လက်ကောက်က ငရဲကုန်းတစ္ဆေညီနောင်ဆီ ရောက်နေတယ်၊ ဒါကြောင့် ခင်ဗျား အမြန်လိုက်သွားနိုင်ဖို့ သတင်းပေးတာပါ"

ပိုင်ရှင်းက ကြားဖြတ်လိုက်၏။

"ဒါနဲ့...သူ့ရုပ်ရည်က အရင်ကနဲ့မတူဘဲ ပြောင်းသွားပြီလေ၊ ရှင်တို့က ဘာကြောင့် မှတ်မိတာလဲ"

သူတောင်းစားက ပြုံးလိုက်၏။

"ဒီလိုပါ ... စန့်ကွမ်းချစ် ကျုပ်တို့ဌာနချုပ်က ထွက်သွားချိန်မှာ သူ့အကျိုမှာအမှတ်အသားလုပ်လိုက်ပါတယ်၊ ဒီလို့ဝှက် အမှတ်အသားရှိရင် စန့်ကွမ်းချစ် ဖြစ်တယ်ဆိုတာ အဖွဲ့သားအားလုံးကို အကြောင်းကြားထားလို့ပါ"

စန့်ကွမ်းချစ်သည် မိမိအင်္ကျီတွင်ရှာမွေလိုက်သော်လည်း မည်သည့်အမှတ်အသားကိုမှ မတွေ့ပါ။

သူတောင်းစားက ပြုံး၍ ...

"ဆောက်ဘက် ပခုံးနေရာကိုကြည့်လိုက်၏။

စန့်ကွမ်းချစ်က နောက်လှည့်ကြည့်လိုက်ရာ ဆောက်ကျောဘက် ညာဘက်ပုခုံးတွင် မင်အစိမ်းဖြင့်ကြက်ခြေခတ်အသေးလေးတစ်ခု ရေးခြစ်ထားသည်ကို တွေ့လိုက်ရ၏။

သူတောင်းစားက ...

"ဒီလို့ဝှက်အမှတ်အသားကို နေ့ဘက်မှာလည်း မြင်ရတယ်၊ ညဘက်မှာလည်း စိမ်းဖန့်ဖန့်အရောင်ထွက်နေလို့ မြင်တွေ့နိုင်ပါတယ်"

စန့်ကွမ်းချစ်က ပြုံးလိုက်၏။

"ဘယ်ဆိုလို့တုန်း"

စင်းစင်းက မဲ့ပြုံးပြုံးကာ ...

"တကယ်လို့ အင်္ကျီလဲလိုက်ရင်ကော ..."

သူတောင်းစားက ...

"ဒါဆိုရင်လည်း နိုးရိမ်စရာမရှိပါဘူး၊ လက်ထောက်ဂိုဏ်းချုပ်က ကြေးပြားတစ်ပြားပေးထားပါတယ်၊ အဲဒီကြေးပြားက ထူထပ်တဲ့

အဝတ်ကလွဲရင် တော်ရုံအဝတ်ဆို အပြင်က ကြည့်ရင် အရောင်ထွက်နေတာကို တွေ့နိုင်ပါတယ်"

စန့်ကွမ်းချစ်သည် ကြေးပြားထည်ထားသည့်ဇိတ်အား ငုံကြည့်လိုက်၏။

ထိုနေရာမှ အနီရောင်မျှားထွက်နေသည်ကို တွေ့ရ၏။

ပိုင်ရှင်းသည် လူမွဲကိုဏ်း၏ သပ်ရပ်သေချာပုံကိုကြည့်ကာ ချီးကျူးမိလေသည်။

နေပြည်တော် ထောက်လှမ်းရေးမှူး

စန့်ကွမ်းချစ်တို့လူစုသည် စားသောက်ဖွယ်ရာများ စားသောက်ပြီးနောက် စန့်ကွမ်းချစ်က ထရပ်လိုက်၏။

"အားလုံးကို ကျေးဇူးတင်ပါတယ်ဗျာ၊ အခုတော့ ကျုပ်ရဲ့ကိုယ်ရေးကိုယ်တာကိစ္စ ရှင်းစရာရှိလို့ခွင့်ပြုပါ၊ အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်"

လုံမေက ထရပ်လိုက်၏။

"အစ်ကို့ကိစ္စက ကျွန်မကိစ္စပဲ၊ ကျွန်မလည်း လိုက်မယ်"

သူတောင်းစားက ပြုံးလိုက်၏။

"ကျုပ်တို့လူမွဲကိုဏ်းတစ်ခုလုံးကလည်း အသင့်ရှိနေပါတယ်"

စန့်ကွမ်းချစ်က ဦးညွှတ်လိုက်၏။

"ကျေးဇူးတင်ပါတယ်၊ ဒီကိစ္စက ကာယကံရှင်ချင်းယှဉ်တာအကောင်းဆုံးပါပဲ"

ဝေဝမ်က ထရပ်လိုက်၏။

"တပည့်ကိစ္စမှာ ဆရာက ကူညီဖို့ တာဝန်ရှိတယ်"

ပိုင်ရှင်းက ထရပ်ကာပြုံးလိုက်၏။

Scanned with ACE Scanner

"ဒီကိစ္စမှာ တာဝန်အရှိဆုံးက ကျွန်မပါ၊ ဒါကြောင့် လိုက်ချင်တဲ့လူတွေ လိုက်နိုင်ပါတယ်၊ ဒါပေမယ့် ကျွန်မရဲ့အမိန့်ကိုတော့ နာခံရမယ်"

စန့်ကွမ်းချစ်က မျက်မှောင်ကြုတ်သွား၏။

"ဒီကိစ္စက ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ"

ပိုင်ရှင်းသည် သူမ၏ခါးတွင် လျှို့ဝှက်ချိတ်ဆွဲထားသော ရွှေပြားတစ်ခုအား ထုတ်ပြလိုက်၏။

လက်ဝါးအရွယ်ခန့်ရှိသော ရွှေပြားပေါ်တွင် နိုင်ငံတော်၏ တံဆိပ်ဖြစ်သော နဂါးနှစ်ကောင်ပုံ ရေးထွင်းထား၏။

နဂါးနှစ်ကောင်၏အလယ်တွင် နေပြည်ကော်ထောက်လှမ်းရေးမှူးဟူသော စာတန်းကို ထင်ရှားစွာ တွေ့မြင်ရ၏။

ပိုင်ရှင်းက စင်းစင်းအား ညွှန်ပြလိုက်၏။

"သူကတော့ ကျွန်မရဲ့ ကိုယ်ရံတော်ပါ"

စန့်ကွမ်းချစ်တို့အားလုံး ကြောင်အမ်းအမ်းဖြစ်သွား၏။

ပိုင်ရှင်းက သူတောင်းစားအား ပြုံးပြကာ...

"ရှင်ပြန်သွားပါ၊ ရှင်တို့ဂိုဏ်းချုပ်ကိုလည်း ပြောလိုက်ပါ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး လုံးဝ ဝင်မပါပါနဲ့တော့လို့"

သူတောင်းစားက ခေါင်းညိတ်ကာ...

"ကျုပ်တို့က စေတနာနဲ့ပါ"

ပိုင်ရှင်းက...

"ရှင်ပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ရှင်တို့အဖွဲ့အစည်း ဝင်ပါလိုက်တာနဲ့ အကျိုးသက်ရောက်မှုတစ်စုံတစ်ရာဖြစ်သွားနိုင်ပါ

တယ်၊ ဒါကြောင့် ဒီကိစ္စကို နေပြည်တော်က အပ်နှင်းထားတဲ့ တာဝန်အရသာ အရေးယူပါ့မယ်"

သူတောင်းစားက ဦးညွှတ်လိုက်၏။

"ကောင်းပါပြီဗျာ... အမိန့်အတိုင်းပါ"

ပိုင်ရှင်းက...

"ကဲ... အချိန်ရှိတုန်း ယင်းကျားရဲတိုက်ကိုသွားကြရအောင်၊ လိုက်ချင်တဲ့လူ လိုက်နိုင်ပါတယ်"

❀ ❀ ❀

တရားဥပဒေ၏ ဆောင်ရွက်ချက်

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိပါ။

ဥပဒေသည် နေရာတိုင်းတွင်ရှိ၏။

ဥပဒေသည် ပြည်သူလူထုအားလုံးအား ကာကွယ်ပေးထား၏။

တရားဥပဒေစိုးမိုးလျှင် ပြည်ရွာတစ်ခွင်သာယာ၏။

အမှန်တရားကိုသိသူတိုင်း ဥပဒေတွင်းမှသာနေထိုင်ကြ၏။

တရားဥပဒေကိုဆန့်ကျင်သူမှန်သမျှ နောက်ဆုံးတစ်နေ့တွင် ဥပဒေ၏လက်တွင်းသို့ ကျရောက်ရမည်ဖြစ်၏။

မကောင်းမှုဒုစရိုက်သမားများသည် ဥပဒေကိုဆန့်ကျင် ကျော နိုင်းသူများဖြစ်၏။

ဥပဒေကိုဆန့်ကျင်ကျောခိုင်းသူမှန်သမျှ ကိုးလန့်စာစားဘဝသို့ ရောက်ရှိကြရသည်သာဖြစ်၏။

အေးချမ်းသာယာသောဘဝကို ခံစားရရှိနိုင်ကြမည် မဟုတ်ပေ။

လောဘဒေါသတရားများ ဖိစီးမှုကြောင့် ပူပင်သောကကြီးစွာ ဖြင့် မငြိမ်းချမ်းသောဘဝတွင်ကျင်လည်ကျက်စားနေရမည်သာဖြစ်၏။

❋ ❋ ❋

Scanned with ACE Scanner

ယင်းကျူးချို၊ ပန်ကြားပုနှင့် ကျားရာစောတို့သည် ပခုံးချင်းယှဉ်ကာ ရပ်နေကြ၏။

သူတို့ရှေ့တွင် ငရဲကုန်းတစ္ဆေညီနောင် ရပ်နေ၏။

ယင်းကျူးချိုတို့လူစုသည် ငရဲကုန်းတစ္ဆေညီနောင်အား မျက်တောင်မခတ်ကြည့်နေ၏။

ယင်းဆိုက်သည် ဓားကိုင်ကာ သူ၏ငယ်သားများနှင့် ငရဲကုန်းတစ္ဆေညီနောင်အား ဝိုင်းရံသည့်အနေအထားဖြင့် စောင့်ကြပ်နေ၏။

ငရဲကုန်းတစ္ဆေညီနောင်သည် နှစ်ယောက်နှင့်အများဖြစ်နေသော်လည်း လုံးဝမမှုဘဲ အေးအေးဆေးဆေးနိုင်လှ၏။

အရပ်ရှည်သောအဘိုးအိုက ကျောက်စိမ်းလက်ကောက်အားမြှောက်ပြကာ...

"ကဲ...ကျောက်စမ်းလက်ကောက် ဒီမှာရှိတယ်၊ ဂြိုဟ်ကိုးလုံးသိုင်းကျမ်းနဲ့လဲမယ် သဘောတူလား"

ယင်းကျူးချိုက မဲ့ပြုံးပြုံးကာ...

"ခင်ဗျားတို့က ကျူပ်ပစ္စည်းကိုလည်းယူထားသေးတယ်၊ ကျူပ်ပစ္စည်းကိုပဲ ဂြိုဟ်ကိုးလုံးသိုင်းကျမ်းနဲ့လဲမယ်ဆိုတော့ မလွန်ဘူလား"

"ဟား...ဟား...ဟား"

အရပ်ရှည်သောအဘိုးအိုက ရယ်မောလိုက်၏။

အရပ်ပုသော အဘိုးအိုမှာ စကားများများပြောနေသည်ကို နှစ်သက်ဟန်မတူ။

သူက အေးတိအေးစက်ဖြင့်...

"ကဲ...စကားများများပြောမနေနဲ့၊ လဲမယ်မလဲဘူးဆိုတာသာပြောပါ"

Scanned with ACE Scanner

ယင်းကျူချိုက...
"မလဲနိုင်ဘူး"
အရပ်ပုသောအဘိုးအိုက အရပ်ရှည်သောအဘိုးအိုဘက်လှည့်ကာ...
"မလဲရင် ပြန်ကြမယ်"
ပြောပြီး သူတို့နှစ်ယောက်သည် ချာခနဲလှည့်လိုက်ကြ၏။
"ရပ်လိုက်"
ယင်းကျူချိုက ဟန့်တားလိုက်၏။
ငရဲကုန်းတစ္ဆေညီနောင်က ပြန်လှည့်လာ၏။
အရပ်ရှည်သော အဘိုးအိုက...
"ဘယ်လိုလဲ...သဘောထားပြောင်းသွားပြီလား"
ယင်းကျူချိုက မဲ့ပြုံးပြုံးကာ...
"ကျောက်စိမ်းလက်ကောက်ထားပြီးမှ သွားပါ"
အရပ်ရှည်သော အဘိုးအိုက ရယ်မောလိုက်၏။
"ကျုပ်က မထားဘူးဆိုရင်ကော"
ဟန့်ရှားပုက ရယ်မောလိုက်၏။
"ဒါဆိုရင်တော့ ခင်ဗျားတို့ အသက်ထားခဲ့ရမယ်"
ငရဲကုန်းတစ္ဆေညီနောင်က...
"ကြည့်ကြသေးတာပေါ့"
ပြောပြီး သူတို့က တိုက်ခိုက်ရန်ဟန်ပြင်လိုက်၏။
"အား‌လုံး ရပ်လိုက်"
စန့်ကွမ်းချစ်၏အသံ ကျယ်လောင်စွာ ဟိန်းထွက်လာ၏။
ယင်းကျူချိုတို့က လှမ်းကြည့်လိုက်၏။

Scanned with ACE Scanner

စန့်ကွမ်းချစ်နှင့် မိန်းကလေးသုံးယောက် ဝင်လာသည်ကို တွေ့လိုက်ရ၏။

ယင်းကျူချီက မျက်မှောင်ကြုတ်သွား၏။

"မင်းကိုး"

စန့်ကွမ်းချစ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

သူသည် အရုပ်ရှည်သောအဘိုးအိုလက်ထဲတွင် ကိုင်ထားသည့် ကျောက်စိမ်းလက်ကောက်အား ညွှန်ပြလိုက်၏။

"ဒီလက်ကောက်က ဘယ်သူ့ပစ္စည်းလဲဆိုတာ သိပါရစေ"

ယင်းကျူချီက...

"အဲဒါ ကျုပ်ပစ္စည်းပါ၊ ဘာဖြစ်လို့လဲ"

စန့်ကွမ်းချစ်သည် အိတ်ထဲမှ ကျောက်စိမ်းလက်ကောက် တစ်ဖက်အား ထုတ်ပြလိုက်၏။

"ဒီကျောက်စိမ်းလက်ကောက်က ကျုပ်မိဘပိုင်တဲ့ပစ္စည်းပါ၊ အဲဒီကျောက်စိမ်းလက်ကောက်နှစ်ဖက်ထဲက ဟသ်ာရုပ်ပါတဲ့ ကျောက်စိမ်းလက်ကောက်ကို ကျုပ်မိဘတွေကိုသတ်တဲ့ ရန်သူက ယူသွားပါတယ်"

သူကပြောရင်း ယင်းကျူချီအား စူးရှစွာကြည့်လိုက်၏။

"ကျုပ်မိဘတွေကိုသတ်တာ ခင်ဗျားလား...အမှန်အတိုင်းပြောပါ"

ယင်းကျူချီ၏မျက်နှာ ကွက်ခနဲပျက်သွား၏။

သူက စန့်ကွမ်းချစ်အား စိုက်ကြည့်ကာ...

"မင်းက ဘယ်သူလဲ"

Scanned with ACE Scanner

စန့်ကွမ်းချစ်က...

"ကျွပ်က ရှိုက်နန်နယ်က စန့်ကွမ်းလူရဲ့သား စန့်ကွမ်းချစ်ပါ" ယင်းကျူးချီ၏ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွား၏။ ဟန်ရှားပုနှင့် ကျားရာစာသည် အခြေအနေမဟန်မှန်းသိ၍ သူတို့သည် ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်၏။

ယင်းကျူးချီက ဟန့်တားလိုက်၏။

"ရပ်လိုက်"

ဟန်ရှားပုနှင့် ကျားရာစာတို့ ခြေလှမ်းရပ်တန့်သွား၏။

ဟန်ရှားပုက...

"အစ်ကိုကြီး...ကိုယ့်ကိစ္စကိုယ်ရှင်းပါ၊ ကျွပ်တို့နဲ့မဆိုင်လို့ သွားလိုက်ပါဦးမယ်"

ယင်းကျူးချီက ဒေါသခြောင်းခြောင်းတွက်လာ၏။

"ဒီမှာ...ယောကျ်ားဆိုတာ လုပ်ရဲရင် ခံရဲရမယ်"

စန့်ကွမ်းချစ်က အော်လိုက်၏။

ယင်းကျူးချီသည် စန့်ကွမ်းချစ်ဘက်လှည့်ကာ...

"ငါအမှန်အတိုင်းပြောမယ်၊ မင်းမိဘတွေသတ်တာ သူတို့နှစ်ယောက်ပဲ"

ငရဲကုန်းတစ္ဆေညီနောင်သည် သူတို့အလိုရှိသော ရှိုဟ်ကိုးလုံးသိုင်းကျမ်းကို မရနိုင်မှန်းသိ၍ ထွက်ခွာသွားကြ၏။

သူတို့အား မည်သူကမှ မဟန့်တားကြပါ။

ဟန်ရှားပုက ပခုံးတစ်ချက်တွန့်လိုက်၏။

"အစ်ကိုကြီးက ဘာကြောက်နေတာလဲ၊ အစ်ကိုကြီးရဲ့ သိုင်းပညာက သူတို့ကို ကောင်းကောင်းဒုက္ခပေးနိုင်တာပဲ"

Scanned with ACE Scanner

ယင်းကျူးချီက ခေါင်းတွင်တွင်ခါယမ်းလိုက်၏။

"ကျုပ်ကကြောက်လို့ပြောတာမဟုတ်ဘူး၊ လုပ်ခဲ့တုန်းက သုံးယောက်အတူတူလုပ်ပြီး အခုမှ ငါ့ခေါင်းပေါ်ပုံချတာ မကျေနပ်လို့ပါ"

ကျားရာစောက...

"ကဲပါလေ...အခုမှ တစ်ယောက်အပေါ်တစ်ယောက် ပုံမချပါနဲ့ ရင်ဆိုင်လိုက်ကြရုံပေါ့"

သူကပြောပြီး စန့်ကွမ်းချစ်ထံ လျှောက်သွားလိုက်၏။

"ဒီမှာသူငယ်...မင်းမိဘတွေကို သတ်သွားတာတော့ ယင်းကျူးချီပါ၊ ကျုပ်တို့နှစ်ယောက်ကလည်း အလိုတူအလိုပါဆိုပါတော့၊ ကဲ...မင်းဘာလုပ်မလဲ"

စန့်ကွမ်းချစ်က အံတင်းတင်းကြိတ်ကာ...

"ကျုပ်အဖေကို ဘာကြောင့်သတ်တယ်ဆိုတာ ပြောပြပါဦး"

ဟန်ရှားပုံး...

"မင်း မသေခင် နားလည်အောင်ပြောရမှာပေါ့၊ ဟိုး လွန်ခဲ့တဲ့နှစ် (၃၀) နီးပါးကပေါ့၊ မင်းအဖေနဲ့ကျုပ်တို့သုံးယောက်က အလွန်ရင်းနှီးတဲ့ မိတ်ဆွေတွေပါ၊ နောက်တော့ အလောင်းအစားကိစ္စတစ်ခုကြောင့် ကျုပ်တို့ (၄) ယောက်စလုံး စီးပွားကျသွားတယ်။ ဒါကြောင့် အစိုးရငွေတိုက်တစ်ခုသွားလုဖို့ တိုင်ပင်တော့ မင်းအဖေက ကန့်ကွက်တယ်လေ၊ ငါတို့အကြံကိုသိသွားပြီး တိုင်မယ်တောမယ်ဆိုလို့ ငါတို့လိုက်သတ်တာ၊ အဲဒါကို မင်းမိဘတွေထွက်ပြေးသွားတယ်၊ ငါတို့လည်း ငွေတိုက်ကိုလုပြီး ခွဲဝေယူလိုက်ကြတယ်၊ မင်းအဖေကိုတော့ မပြတ်သတင်းစုံစမ်းနေတာပေါ့၊ နောက်နှစ်တွေကြာမှ မင်းမိဘတွေကို စုံစမ်းလို့ရပြီး အစ်ကိုကြီး ယင်းကျူးချီက သတ်လိုက်တာကွ"

စန့်ကွမ်းချစ်သည် အံတင်းတင်းကြိတ်လိုက်၏။

"ချွမ်း"

သူက မားဆွဲထုတ်ကာ ယင်းကျူချီထံ လျှောက်သွား၏။

"ဟား...ဟား...ဟား"

ယင်းကျူချီက ရယ်မောလိုက်၏။

"မင်းက အေးအေးဆေးဆေးမနေချင်ကော့ သေဖို့သာပြင်ပေတော့"

သူကပြောပြီး စန့်ကွမ်းချစ်အား တိုက်ခိုက်လိုက်၏။

ယင်းကျူချီက တိုက်ခိုက်လိုက်မှ သူ၏သိုင်းပညာသည် အလွန်ထက်မြက်မှန်း စန့်ကွမ်းချစ်က သိလာ၏။

သူက ရန်ရှောင်ခြေလှမ်းသိုင်းကွက်ဖြင့် ရှောင်တိမ်းလိုက်၏။

သို့သော်...

ယင်းကျူချီသည် ချိုကျားဂေဟာတွင် စန့်ကွမ်းချစ်၏ သိုင်းကွက်ကို သိထားသဖြင့် ရှောင်တိမ်းသည့်ဘက်သို့ ဦးအောင် တိုက်ခိုက်လိုက်၏။

ယင်းကျူချီ၏လက်သီးတစ်လုံးသည် စန့်ကွမ်းချစ်၏ ရင်ဝသို့ ထိမှန်သွားကာ စန့်ကွမ်းချစ်၏ ခန္ဓာကိုယ်မှာအဆေးသို့လွင့်စဉ်သွား၏။

"ဝုန်း"

"အစ်ကို စန့်ကွမ်းချစ်..."

လုံမေက ရင်ထိတ်ကာ ပြေးပွေ့လိုက်၏။

ထိုမြင်ကွင်းအား တွေ့ရသောအခါ ယင်းထိုက်မှာ ဒေါသခြောင်းခြောင်းထွက်လာ၏။

"သစ္စာဖောက်မ...အရှက်မရှိဘူး"

Scanned with ACE Scanner

သူက လုံမေ ဓားဖြင့်မိုးကာ ခုတ်ချလိုက်၏။

ရုတ်တရက် လုံမေ၏ရှေ့တွင် လူရိပ်တစ်ခုကာကာ...

"ဖြန်း"

စင်းစင်း၏လက်ဝါးသည် ယင်းထိုက်၏ပါးပြင်ပေါ်သို့ ရိုက်ချလိုက်၏။

"အား"

ယင်းထိုက်သည် သူ၏ပါးပြင်အား လက်ဝါးဖြင့်အုပ်ကာ နောက်သို့ ပက်လက်လန်လဲကျသွားလေသည်။

သူ၏ပါးစပ်တွင်းမှ သွေးများ သွားများထွက်လာ၏။

ယင်းကျူးချီသည် ယင်းထိုက်လဲကျသွားသည်ကို တွေ့ရသဖြင့် စန့်ကွမ်းချစ်အား တိုက်ခိုက်ရန်ပြေးလာ၏။

စန့်ကွမ်းချစ်က လူးလိမ့်၍ထလိုက်၏။

ဝေဝမ်က လှမ်းအော်လိုက်၏။

"တပည့်...ဆရာကို အရှက်မခွဲနဲ့လေ"

စန့်ကွမ်းချစ်သည် ထိုစကားကြားမှ သတိဝင်ကာ အရာအားလုံးသည် စကြဝဠာသို့သိုင်းကွက်ကို အသုံးပြုလိုက်လေတော့သည်။

❄ ❄ ❄

ယင်းကျူးချီသည် စန့်ကွမ်းချစ်၏ သိုင်းကွက်အား ချိုးကျူးဂေဟာတွင် တွေ့မြင်ဖူး၏။

ထို့ကြောင့် စန့်ကွမ်းချစ်က တိုက်ခိုက်သည်ကို တွေ့ရသော အခါ သူက လက်နှစ်ဖက်ဖြင့် တွန်းထုတ်လိုက်၏။

Scanned with ACE Scanner

တစ်ဆက်တည်းပင် ဟန်ရှားပုက လက်ဝါးတွင် အတွင်းအား ထည့်ကာ ယင်းကျူချို၏ကျောပြင်သို့ ဖိပေးလိုက်၏။

တစ်ဖန် ကျားရာဇာကလည်း အတွင်းအားဖြင့် ဟန်ရှားပု၏ ကျောပြင်သို့ ဖိကပ်လိုက်၏။

စန့်ကွမ်းချစ်သည် အရာအားလုံးသည် စကြာဝဠာသို့ သိုင်းကွက်ကို အင်အားအပြည့်သုံးကာ တိုက်ခိုက်လိုက်သော်လည်း ထိပ်တန်းသိုင်းပညာရှင်သုံးယောက်က ဟန့်တားလိုက်သောအခါ ထင်သလောက် အရာမရောက်တော့ပါ။

သုံးယောက်နှင့်တစ်ယောက် အတွင်းအားပြိုင်သည့်အခြေအနေသို့ ရောက်ရှိသွား၏။

ယင်းထိုက်သည် စန့်ကွမ်းချစ်အား အလစ်ဝင်ရောက်တိုက်ခိုက်ရန် ရန်သူ့လူများအား အချက်ပြလိုက်၏။

ယင်းကျားရဲတိုက်မှလူများသည် စန့်ကွမ်းချစ်အား တိုက်ခိုက်ရန် ချဉ်းကပ်လာ၏။

"ရပ်လိုက်"

ပိုင်ရှင်းက ဟန့်တားကာ ရွှေတံဆိပ်ပြားအား မြှောက်လိုက်၏။

"ဘယ်သူမှ မလှုပ်နဲ့၊ ကျုပ်က နေပြည်တော်အထူးစေလွှတ်ထားတဲ့ ထောက်လှမ်းရေးမှူးပါ၊ အစိုးရငွေတိုက်ဖောက်ထွင်းမှုအပြင် သိုင်းလောကမှာ ထင်ရှားစိုင်းနေတဲ့လုပ်ရပ်တွေကို ဖော်ထုတ်ဖို့ တာဝန်နဲ့လာတာပါ၊ အားလုံးလက်နက်ချပြီး နောက်ဆုတ်သွားပါ၊ အမိန့်ဖီဆန်ရင် သေစေ"

ယင်းထိုက်၏မျက်နှာ ကွက်ခနဲပျက်သွား၏။

သူ၏တပ်သားများမှာ လက်နက်ချ၍ နောက်ဆုတ်သွား၏။

စင်းစင်းသည် လက်ထိပ်သုံးစုံထုတ်ကာ ယင်းကျူးချို၊ ဟန်ရှားပုနှင့် ကျားရာဇာတို့အား လက်ထိပ်ခတ်လိုက်၏။

မကောင်းမှုဟူသည့် ဆိတ်ကွယ်ရာမရှိပါ။

မကောင်းမှုဒုစရိုက်ကျူးလွန်သူတို့၏ နောက်သို့ ဥပဒေသည် ထက်ကြပ်မကွာ လိုက်ပါလျက်ရှိ၏။

နှစ်ပေါင်းများစွာကြာမြင့်သော်လည်း ရာဇဝတ်မှုကျူးလွန်သူအား ဥပဒေက မျက်ခြေမပြတ်လိုက်နေ၏။

ဥပဒေသည် ထက်ကြပ်မကွာ အစဉ်တစိုက်လိုက်နေပါ၏။

ယင်းကျူးချို၊ ဟန်ရှားပုနှင့် ကျားရာဇာတို့သည် စန့်ကွမ်းချစ်နှင့် အတွင်းအာဃာတယှဉ်ပြိုင်နေချိန်တွင် ခုခံပါက ဒဏ်ရာပြင်းထန်စွာ ရရှိမည်ကို တစ်ကြောင်း။

နေ့ပြည်ကော်အမိန့်ကိုလွန်ဆန်လျှင် ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် အသတ်ခံရမည်ကိုကြောက်ရွံ့သည်ကတစ်ကြောင်းတို့ကြောင့် ခုခံခြင်းမပြုဝံ့ပါ။

ပိုင်ရှင်းသည် ဝေ့ဝမ်အား ခေါင်းညိတ်ပြလိုက်၏။

ဝေ့ဝမ်က...

"ကဲ...တပည့် မင်းရဲ့သိုင်းကွက်ကို ပြန်ရပ်သိမ်းလိုက်တော့"

စန့်ကွမ်းချစ်က ကြောင်အမ်းအမ်းဖြစ်သွား၏။

ယခုကဲ့သို့ အတွင်းအာဃာတယှဉ်ပြိုင်နေချိန်တွင် အတွင်းအာဃာတကို စတင်ရပ်သိမ်းသူသည် အသက်မသေသည့်တိုင်အောင် ဒဏ်ရာပြင်းစွာ ရသွားနိုင်၏။

ထို့ကြောင့် သူကမည်သို့လုပ်ရမှန်းမသိဘဲ ဝေ့ဝမ်အား ကြည့်လိုက်၏။

ဝေ့ဝမ်က ပြုံးလိုက်၏။

သူမသည် စန့်ကွမ်းချစ်ထဲလျှောက်သွားကာ သူမ၏လက်ဝါးတစ်ဖက်ဖြင့် စန့်ကွမ်းချစ်နှင့် ယင်းကျူချီတို့၏ လက်ဝါးများကြားသို့ ခုတ်ချလိုက်ရာ...

"ဝုန်း"

ယင်းကျူချီတို့သုံးယောက်စလုံး ပက်လက်လန်လဲကျသွား၏။

စန့်ကွမ်းချစ်မှာ နောက်သို့ခြေလှမ်းသုံးလှမ်းခန့်ဆုတ်သွား၏။

ပိုင်ရှင်းက ပြုံးလိုက်၏။

"သြော်...ဆရာဆိုတာ ကိုယ့်တပည့်ဘက်က အမြဲတမ်းရှိတာပဲ"

ဝေ့ဝမ်က...

"မမက လူမသတ်ရဘူးဆိုလို့ပါ"

သူမသည် လူးလိမ့်ထနေသော ယင်းကျူချီတို့သုံးယောက်အားနှာခေါင်းရုံ့ကာ...

"နို့မဟုတ်ရင် သူတို့အသက်ရှိတော့မှာ မဟုတ်ဘူး"

ယင်းကျူချီက သက်ပြင်းတစ်ချက်ချလိုက်၏။

"ဒီလောက်ပညာတော်တဲ့မိန်းကလေးတစ်ယောက်ကိုတောင် မနိုင်တာ ကျုပ်တို့လည်း သိုင်းလောကမှာ မနေသင့်တော့ပါဘူး"

ဟန်ရှားပုက...

"တကယ်လို့ အသက်မသေခဲ့ရင်တော့ အေးအေးဆေးဆေးလယ်သမားပဲ လုပ်ပါတော့မယ်"

ကျားရာစေက ပါးစပ်ပိတ်ထားလိုက်၏။

စင်းစင်းက သူ့အားကြည့်လိုက်၏။

Scanned with ACE Scanner

"ရှင်ကကော ဘာစိတ်ကူးထား‌လဲ"

ကျား‌ရာဇာက သက်ပြင်း‌ချလိုက်၏။

"သူတို့က စိတ်ကူးယဉ်ပြီး‌ပြော‌နေကြတာပါ၊ ကျုပ်တို့ ကျွေး‌လွန်းထား‌တဲ့အပြစ်တွေက အသက်ရှင်စရာလမ်း‌မှမမြင်တာ၊ ဒါကြောင့် ဘာမှမပြော‌တော့ပါဘူး"

စရိုက်သမား‌များ၏နောင်တသည် အချိန်လွန်မှ ရရှိတတ်ကြ၏။

အချိန်လွန်မှရသော နောင်တသည် အချည်း‌အနှီး‌သာဖြစ်၏။

နောင်ကရမည့်အလုပ်ကို မပြုလုပ်မီကတည်း‌က နောင်တ‌ရသင့်၏။ သို့ဆိုလျှင် မိမိအတွက်သာမက အများ‌အတွက်ပါ အကျိုး‌ရနိုင်၏။

အများ‌ကောင်း‌ကျိုး‌ကို သယ်ပိုး‌ဆောင်ရွက်နိုင်ခြင်း မရှိလျှင်တောင် မိမိစိတ်ကို ကောင်း‌အောင်ကြိုး‌စား‌သင့်သည်မဟုတ်ပါလား။

❄ ❄ ❄

ထောက်လှမ်း‌ရေး‌မှူး‌ပိုင်ရှင်း‌နှင့် ကိုယ်ရံတော် စင်း‌စင်း‌သည် မြို့စား‌၏ကိုယ်ရံတော်တပ်ဖွဲ့ကို အကူအညီတောင်း‌ကာ ယင်းကျူးချီ၊ ဟန်ရှား‌ပုနှင့် ကျား‌ရာဇာတို့အား နေပြည်တော်တွင် ဥပဒေကပေး‌သည့်ပြစ်ဒဏ်ကို ခံယူရန် ခေါ်ဆောင်သွား‌၏။

စန့်ကွမ်း‌ချစ်၊ လုံမေနှင့် ထုဝမ်တို့က မြို့ပြင်အထိလိုက်ပို့ကြ၏။

ဝန့်ကွမ်း‌ချစ်က မရှင်း‌လင်း‌သောအချက်တစ်ချက်အား မေး‌လိုက်၏။

"မမက ယင်းကျူးချီတို့အကြောင်း‌ကို ဘယ်လိုလုပ်သိတာလဲ"

Scanned with ACE Scanner

ဝိုင်ရှင်းက ပြုံးလိုက်၏။

"ရုပ်ဖျက်ပညာကိုသုံးပြီး စုံစမ်းခဲ့လို့ သိတာပေါ့"

စန့်ကွမ်းချစ်က မျက်မှောင်ကြုတ်သွား၏။

"ရုပ်ဖျက်ပညာ ဟုတ်လား..."

ဝိုင်ရှင်းက ခေါင်းညိတ်လိုက်၏။

"ရှင်တို့ စားသောက်ဆိုင်မှာတွေ့ခဲ့တဲ့အဘွားကြီးက ကျွန်မ ရုပ်ဖျက်ထားတာပေါ့"

သူမကပြုံးကာ စကားဆက်လိုက်၏။

"ကျွန်မတို့လို ထောက်လှမ်းရေးမှူးတွေက ပညာရပ်အားလုံးကို စွယ်စုံတတ်ထားရတယ်ရှင့်၊ ကျွန်မအသက် (၅) နှစ်အရွယ်ကတည်းက ထောက်လှမ်းရေးသမားဖြစ်အောင် ဖေဖေက ပြုစုလေ့ကျင့်ပေးခဲ့တာ၊ ဒါကြောင့်လည်း ဒီလောက်တော်တာပေါ့လေ"

သူမက ကိုယ့်ကိုယ်ကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြောလိုက်၏။

စင်းစင်းကလည်း...

"ကျွန်မက ဒီလောက်တော်တဲ့ ထောက်လှမ်းရေးမှူးရဲ့ ကိုယ်ရံတော်ဖြစ်အောင် အသက် (၅) နှစ်အရွယ်ကတည်းက သခင်မလေးရဲ့ အဖေက ပြုစုပျိုးထောင်ပေးခဲ့တာရှင့်၊ ဒါကြောင့်လည်း ဒီလောက်တော်တာပေါ့ရှင်"

"ဟား...ဟား...ဟား"

သူမတို့သည် ပြုံးပျော်စွာဖြင့် ခရီးဆက်ရန်ဟန်ပြင်လိုက်ကြ၏။

သူမတို့က မြင်းလှည်းပေါ်သို့တက်ကာ...

"ကဲ...အားလုံးပဲ သွားလိုက်ပါဦးမယ်"

ဝဲဝမ်က...

Scanned with ACE Scanner

"မမ...ညီမလည်း နေပြည်တော်ကို လိုက်လည်မယ်"

ပိုင်ရှင်းက ပြုံးလိုက်၏။

"ညီမက ကိုယ့်တပည့်နဲ့ မနေတော့ဘူးလား"

ဝေဝမ်က ခေါင်းခါယမ်းလိုက်၏။

"မလိုတော့ဘူး၊ သူ့မှာက ဘဝကြင်ဖော်ရှိနေပြီ၊ ဆရာလည်း လိုတော့မှာ မဟုတ်ဘူး"

ပြောပြီး မြင်းလှည်းပေါ်သို့ ခုန်တက်လိုက်၏။

"ကဲ...တပည့်တို့၊ ကိုယ့်ကိုယ်ကို ဂရုစိုက်ကြနော်"

သူမတို့ကပြောပြီး မြင်းလှည်းတန်းအား ထွက်ခွာသွားစေ၏။

စန့်ကွမ်းချစ်သည် ဘဝကြင်ဖော်ဟူသောစကားကြောင့် လုံမေအားကြည့်ကာ ပြုံးလိုက်၏။

လုံမေက ရှက်စနိုးဖြင့် ခေါင်းငုံ့လိုက်၏။

စန့်ကွမ်းချစ်သည် လုံမေ၏ပခုံးအား အသာဖက်ကာ မြို့တွင်းသို့ မြန်လှည့်လိုက်လေသည်။

မကောင်းမှုဒုစရိုက်သမားများ ကင်းရှင်းပယ်ပျောက်ပြီးလျှင် သိုင်းလောကတစ်ခုလုံး အေးချမ်းသာယာတော့မည်မဟုတ်ပါလား။

ပြီး၏။

နန္ဒကျော်သူ

Scanned with ACE Scanner